ရန်အောင်စာပေ

# ချမ်းသာဒဏ် ခံနိုင်ကြပါစေ
# နှင့်
# အခြားနိုင်ငံရေးဆောင်းပါးများ

ဘိုကြီး



Design: Thinn Nwe Soe

ပုံနှိပ်မှတ်တမ်း

**ချမ်းသာဒေဂျာခံနိုင်ငြကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများ**

❐

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

**အုပ်ရေ** – ၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း** – သင်းနွယ်စိုး

**ကွန်ပျူတာစာစီ** – နေလင်း

**အတွင်းဖလင်** – Dream City, 09 730 52433

❐

**ထုတ်ဝေသူ**

ဦးလှတိုး (မြဲ–၀၃၇၇၂)၊ ရန်အောင်စာပေ

တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊

အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

❐

**အတွင်းနှင့် အဖုံးပုံနှိပ်သူ**

ဦးကျော်ရင် (မြဲ–၁၀၀၉၈)၊ ရွှေခြသေ့ပုံနှိပ်တိုက်

အမှတ် ၁၇၉၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်

ရန်ကုန်မြို့။

❐

**တန်ဖိုး** – ၁၀၀၀ ကျပ်


၄၂၅

ဘိုကြီး

ချမ်းသာဒေဂျာခံနိုင်ငြကြပါစေနှင့်အခြားနိုင်ငံရေးဆောင်းပါးများ /

ဘိုကြီး။ – ရန်ကုန်

ရန်အောင်စာပေ၊ ၂၀၁၃။

၁၅၂ စာ၊ ၁၇ X ၂၁ စင်တီ။

(၁) ချမ်းသာဒေဂျာခံနိုင်ငြကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများ

# မာတိကာ


| | | |
|---|---|---|
| * | ချစ်စံဝင်း၏အမှာစာ | ၇ |
| * | ဟိန်းလတ်၏အမှာစာ | ၁၂ |
| * | စာရေးသူ၏အမှာစာ | ၁၇ |
| ၁။ | စနစ်ကြောင့်လား၊ လူကြောင့်လား | ၂၀ |
| ၂။ | လူရောမှုပါ ပြောင်းလဲခြင်း | ၂၈ |
| ၃။ | ပြုပြင်စရာလေးများ | ၃၅ |
| ၄။ | ရှော့ခ်ဖြစ်ရတဲ့ သတင်းများ | ၄၀ |
| ၅။ | ပစ်စာ၊ တိုင်စာ | ၄၅ |
| ၆။ | ဘတ်စ်ကားနှင့် ယနေ့ကြုံတွေ့နေရသောဒုက္ခ | ၄၉ |
| ၇။ | ထိရောက်စစ်မှန်သော ပြောင်းလဲရေး | ၅၃ |
| ၈။ | တာဝန်ရှိခြင်း၊ တာဝန်သိခြင်းနှင့် တာဝန်ယူမှု | ၅၈ |
| ၉။ | ပယ်ဖျက်သင့်သော အမိန့်၊ ညွှန်ကြားချက်များနှင့် ပြောင်းလဲသင့်သောစနစ်များ | ၆၃ |
| ၁၀။ | ချမ်းသာဒဏ်ခံနိုင်ကြပါစေ | ၆၉ |
| ၁၁။ | သမိုင်းကြောင်း ကောင်းဖို့လိုသည် | ၇၄ |
| ၁၂။ | ယနေ့လွှတ်တော်တွင်း မေးခွန်းနှင့်အဖြေများ | ၇၈ |
| ၁၃။ | ဥပဒေပညာရှင်များများ ပေါ်ထွန်းရေး | ၈၄ |

၁၄။ အရှေ့တိုင်းကားသစ်ရယ်၊ ရန်ကုန်လမ်းရယ်၊ ၈၉
ဆာဘာရီယာဘုံဆောင်းရယ်
၁၅။ နေ့စဉ်ဆိုးဆော်သားကောင်အဖြစ်မခံလိုတော့ပါ ၉၃
၁၆။ စကားမကျွံဖို့ အရေးကြီးသည် ၉၉
၁၇။ မိုးကျရွှေကိုယ်များနှင့် အောက်ခြေမပြောင်းလဲခြင်း ၁၀၄
၁၈။ တိုင်းပြည်တိုးတက်ဖို့ ကံ၊ ဉာဏ်၊ ဝီရိယလိုသည် ၁၀၉
၁၉။ အောက်ခြေမပြောင်းလဲခြင်းနှင့် တိုင်းဒေသကြီး (သို့) ၁၁၄
ပြည်နယ်အစိုးရ၏ အခန်းကဏ္ဍ
၂၀။ ကျွန်တော့်ကိုယ်တွေ့ အဂတိလိုက်စားမှုများ ၁၂၀
၂၁။ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ ၁၂၇
၂၂။ ဘီလူးစည်း၊ လူ့စည်းခွဲချိန်တန်ပြီ ၁၃၂
၂၃။ ကျွန်တော် စားသောက်ဆိုင်ပိုင်ရှင် ၁၃၇

# ဒေါက်တာချစ်စံ(ချစ်စံဝင်း)၏ အမှာစာ

ချမ်းသာဒဏ်ခံနိုင်ကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများ စာအုပ်ကို ရေးသားသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူအားလုံးသည် ကျွန်တော့် ရောင်းရင်းမိတ်ဆွေများချည်း ဖြစ်ပါသည်။ ပါဝင်သော ဆောင်းပါးများ သည် ပေါ်ပြူလာသတင်းဂျာနယ်တွင် ဖော်ပြပြီး စင်တင်ဆောင်းပါးများ ဖြစ်သောကြောင့် အထူးရည်ညွှန်းပြောဆိုရန် မလိုပါ။ ဆောင်းပါး ကောင်းချည်းများကို ထုတ်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

ယခုအချိန်သည် သတင်းစာများရော၊ ဂျာနယ်များပါ ပြည်သူ တို့၏ ရှေ့မှောက်တွင် အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် ရောက်ရှိနေ ချိန်ဖြစ်၍ ပြည်သူတို့ကလည်း အားရပါးရဖတ်ရှုနေရချိန်ဖြစ်ပါသည်။ ထိုသို့ ထုတ်ဝေလျက်ရှိသော သတင်းစာ၊ ဂျာနယ်ပါ ဆောင်းပါးများ တွင် အလွန်ကောင်းမွန်သော ဆောင်းပါးများ၊ အတွေးအခေါ်များ ပါဝင်သည်။ သို့သော် ဂျာနယ်စာစောင်တွေက များသောကြောင့် စာဖတ်ပရိသတ်သည် ဂျာနယ်တိုင်းတွင် ဖော်ပြသော ဆောင်းပါး ကောင်းများကို မဖတ်ဖြစ်ကြပါ။ ရှေးအခါက ဂျာနယ်များတွင် ဖော်ပြ သော ဆောင်းပါးများကို ဘယ်သူက ဘယ်လိုရေးတယ်ဟု စာအညွှန်း များ ဖော်ပြတတ်ကြရာ ယင်းစာအညွှန်းကို ဖတ်ရှု၍ စာကောင်း ပေကောင်းများကို ရှာဖွေဖတ်ရှုနိုင်ပါ၏။

ယခုတော့ ဂျာနယ်ပင်လယ်၊ စာပင်လယ်ကြီးထဲတွင် စာကောင်းပေမွန်ကို ရှာဖွေရန် အချိန်ပေးရ၍ အချိန်ပေးသည့်တိုင် ရရှိဖို့အခွင့်အလမ်းလည်း နည်းပေရာ ဂျာနယ်မဂ္ဂဇင်းများတွင်ဖော်ပြပြီး ဆောင်းပါးများကို ကောင်းနိုးရာရာ စိစစ်ရွေးထုတ်၍ စာအုပ်ထုတ်ဝေသည့် အကြံအစည်ကောင်းတစ်ရပ်အနေနှင့် ကြိုဆိုရပါသည်။ ဆောင်းပါးရှင်ဆရာဘိုကြီးသည် ကျွန်တော်နှင့် ရင်းနှီးသူတစ်ဦးဖြစ်ပါသည်။ ၁၉၉၀ ပြည့်ကာလများတွင် ဆရာဘိုကြီးနှင့် ကျွန်တော်သည် လုပ်ငန်းတူ၊ အလုပ်တူစပ်တူလုပ်ဆောင်မှုများပင်ရှိသည်။ ဆရာဘိုကြီးနှင့်ကျွန်တော်သည် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းပေါ်ကာစက Asia Travel Agency ATA ဆိုသော ခရီးသွားလုပ်ငန်းနှင့် Asia Villa ဆိုသော ဟိုတယ်တစ်ခုကို (၅၅) အင်းလျားမြိုင်တွင်ထူထောင်၍ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည်တို့ကို လုပ်ဆောင်ခဲ့ဖူးသည်။ ငွေဆောင်၊ ချောင်းသာ၊ ကမ်းသာယာအစရှိသော နေရာများတွင် ဟိုတယ်လုပ်ငန်း စတင်လုပ်ဆောင်သူ ခရီးသွားလုပ်ငန်း စတင်မျိုးစေ့ချလုပ်ဆောင်သူများထဲတွင် ဆရာဘိုကြီးလည်း ရှေ့တန်းမှ ပါဝင်သည်။ ဆရာနှင့် ကျွန်တော်သည် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် မြန်မာပြည်တစ်ပတ်ပင် ခရီးသွားခဲ့ဖူးသည်။ ခရီးသွားဆိုင်ရာစာတမ်းများ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်းများလည်း ရေးသားခဲ့ဖူးသည်။ ဆရာသည် စားသောက်ဆိုင်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်း စသည်တို့ကိုပါ လုပ်ဆောင်ခဲ့သူဖြစ်၍ ရုံးပြင်ကနား ဌာနနယ်ပယ်၊ ဈေးကျောင်းအစိုးရအမှုထမ်းအလုပ်၊ အဖွဲ့အစည်းလုပ်ငန်းများတွင်လည်း ကျင်လည်ခဲ့ဖူး၍ လူ့ဘဝအတွေ့အကြုံ၊ ရန်ကုန်အတွေ့အကြုံ ကြွယ်ဝနံ့စပ်သူတစ်ဦး ဖြစ်ပါသည်။

ကျွန်တော်သည် စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းများကို ဟိုစပ်
စပ်၊ သည်စပ်စပ်၊ မလုပ်ဖူးတာမရှိအောင် ပါဝင်လုပ်ဆောင်ခဲ့ဖူးသော်
လည်း ဘယ်လုပ်ငန်းကိုမှ ပြီးဆုံးအောင်မလုပ်ဘဲ စာပေလုပ်ငန်းကိုသာ
ဖောက်ချလုပ်ကိုင်သူ ဖြစ်ပါသည်။ ကျွန်တော်သည် ကျွန်တော်၏
အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များကို စာပေနယ်ပယ်သို့ ဝင်ရောက်
စေလိုပါသည်။ ဝင်ရောက်စေရန်လည်း ကူညီပါသည်။ စီးပွားရေး
လူမှုရေး၊ ပရဟိတနယ်ပယ် အရပ်ရပ်တွင် ကျွန်တော်ကျင်လည်ပြီ
စာပေလုပ်ငန်းကို ဖောက်ချလုပ်ကိုင်နေခိုက် ဆရာဘိုကြီးသည် သ
ကလောင်ကို သူသွေးကာ သတင်းစာ၊ ဂျာနယ်လောကသို့ ဝင်ရောက်
နေခဲ့သည်။ မိတ်ဆွေတစ်ဦးက ပေါ်ပြူလာမှာ ဘိုကြီးဆိုပြီး ရေးနေတဲ့
ကလောင်တစ်ချောင်းရှိတယ်။ ခင်ဗျားမိတ်ဆွေလို့လဲ ပြောတယ်
အဲဒီကလောင်က အတော်သွက်သွက်လက်လက် ရေးနေတာဟု ဆို၏

လက်သွက်သွက်ရေးနေသည့် ကလောင်ဆို၍ ပေါ်ပြူလာ
ဂျာနယ်ရရှိတိုင်း ဘိုကြီးကလောင်ကို ရှာဖွေ၍ မြည်းကြည့်ရပါသည်။
မြည်းသာမြည်းရသော်လည်း ထိုကလောင်ရှင်ကို ဘယ်သူဘယ်ဝါဟု
မခွဲခြားနိုင်ပါ။ ဆောင်းပါးတို့က ရသစုံ၍ ဒီကလောင်ပိုင်ရှင်၏
နောက်ခံဘဝသည်လည်း အတော်စုံမည်ဟု ထင်မှတ်ရသည်။ နိုင်ငံရေး
ဆောင်းပါးများကို ခြေခြေမြစ်မြစ် ရေးသားနိုင်၍ နိုင်ငံရေးဆိုင်ရာ
နယ်ပယ်တစ်ခုမှလာသူ ဖြစ်နိုင်ကြောင်းလည်း စဉ်းစားမိပါသည်။

နောက်တော့ ဆရာဘိုကြီးဆိုသောကလောင်သည် ကျွန်တော်၏
ရောင်းရင်းမိတ်ဆွေကြီး ဦးကြီးစိန်ဖြစ်ကြောင်း သိရသည်။ ဦးကြီးစိန်
သည် ဘိုကြီးဖြစ်၍ ကျွန်တော်ဝမ်းသာသည်။ သူသည် ကျွန်တော်၏
အကူအညီမပါဘဲ မီဒီယာနယ်ပယ်တွင် ကလောင်တစ်ချောင်းကို ထူထောင်
ခဲ့သူဖြစ်သောကြောင့် လေးစားမှု၊ ချီးကျူးမှုလည်း ပြုရပါသည်။

ဦးကြီးစိန်ကဲ့သို့ အတွေ့အကြုံရှိသူများ အနေတကမြဖြစ်သည်။ သို့သော် ဦးကြီးစိန်ကဲ့သို့ ဆရာဘိုကြီး ဖြစ်မလာကြပါ။ ဦးကြီးစိန်သည် ဘာကြောင့် ဘိုကြီးဖြစ်လာရပါသနည်းဟုဆိုပါက ဘိုကြီးဖြစ်ချင်သော စိတ်ဓာတ်၊ စာရေးချင်သော စိတ်ပြင်းပြ၍ ဤကလောင်ကို ပိုင်ဆိုင်လာခြင်းဖြစ်ပါသည်။

ကျွန်တော် ဤအမှာစာဖြင့် တင်ပြလိုသောအချက်မှာ ဘဝအတွေ့အကြုံရှိသူများ မည်သူမဆို စာရေးသားလိုစိတ်ရှိ၍ စာရေးလျှင် စာရေးဆရာဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

စာရေးဆရာဖြစ်ဖို့၊ ကလောင်တစ်ချောင်းကို ပိုင်နိုင်ဖို့ဆိုသည်မှာ ဉာဏ်ကောင်းဉာဏ်ထက်မြက်စေဖို့နှင့်မဆိုင်၊ စာရေးလိုစိတ်သာ အဓိကဖြစ်ပါသည်။ စာပေလောကတွင် ကဝေတစ်ဆူဖြစ်သော လီယိုတော်စတွိုင်း ဆိုသော ပုဂ္ဂိုလ်ကြီးသည် ငယ်စဉ်က စာသင်ကြား၍ မရနိုင်ဟု မှတ်ချက်ချခြင်းခံရသူဖြစ်သည်။ သို့သော် တော်စတွိုင်းသည် စစ်နှင့်ငြိမ်းချမ်းရေးဆိုသော ဝတ္ထုကြီးကို ရေးခဲ့သည်။ အင်္ဂလိပ်လူမျိုး ကဗျာဆရာကြီး ကစ်ပလင်သည် သူ စာစရေးစဉ်က အယ်ဒီတာက ကစ်ပလင်သည် အင်္ဂလိပ်စာကို မှန်အောင်ရေးနိုင်သူမဟုတ်ဟု မှတ်ချက်ပေးခြင်း ခံရသူဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ဝင်ငွေအကောင်းဆုံး စာရေးဆရာဖြစ်သည့် ဂျက်လန်ဒန်သည် သူ စာစရေးစဉ်က သူ့ဝတ္ထုကို အကြိမ်(၆၀၀)အထိ အပယ်ခံရဖူးသည်။ မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးသော The Good Earth ဝသုန်ဤမြေ ဆိုသောဝတ္ထုကြီးကို ကမ္ဘာကျော်စာရေးဆရာမကြီးပါးလ်(စ်)ပတ် ရေးသားစဉ်က (၁၄)ကြိမ် အပယ်ခံရသည်ဟု ဆိုပါသည်။

ယခုလည်း ဆရာဘိုကြီးသည် ဘယ်နှစ်ကြိမ် ဘယ်လိုကြိုးစားခဲ့

သည်မသိ။ သို့သော် ဘိုကြီးဆိုသော ကလောင်ကို ဦးကြီးစိန်သည် အလွယ်နှင့်ရခဲ့သည်တော့ မဟုတ်ဟု ယုံကြည်ပါ၏။

ယခု ကျွန်တော် သူ့စာအုပ်ကို အမှာစာရေးသားနေချိန်တွင် ဘိုကြီးဆိုသော ကလောင်သည် ပေါ်ပြူလာ စင်မြင့်ထက်မှာပင် အနိုင်အခန့်ရှိနေပြီးဖြစ်ရာ ချမ်းသာဒဏ်ခံနိုင်ကြပါစေ စာအုပ်ကို အထူးမညွှန်းဆိုလိုတော့ပါ။ ဖတ်ကြည့်ပါဟူ၍သာ တိုက်တွန်းရပါသည်။

ဒေါက်တာချစ်စံ (ချစ်စံဝင်း)
၃-၆-၂၀၁၃

# ဟိန်းလတ်၏အမှာစာ

## စာရေးဆရာတစ်ဦး မွေးဖွားခြင်း

လွန်ခဲ့သော ခြောက်လကျော်က ဆရာဦးလှဖေ(မြင့်မိုရ်) ကျွန်တော့်အိမ်သို့ နံနက်စောစောစီးစီး ပေါက်ချလာပါသည်။ ဆရာဦးလှဖေကိုမြင်တော့ သူ့အစ်ကို ဆရာဦးလှကြည်ကို ချက်ချင်းသွားသတိရမိသည်။ ဆရာဦးလှကြည်နှင့်က ကျွန်တော်နှင့်အတူ ပညာရေးဌာနတစ်ခုတွင် အတူတူလက်တွဲ လုပ်ကိုင်ခဲ့ဖူးကြသည်။ သူက သင်္ချာပညာရှင်၊ ကျွန်တော်ကအင်္ဂလိပ်စာ။ ကျူရှင်လည်း လက်တွဲလုပ်ခဲ့ကြဖူးသည်။ လုပ်ငန်းချိန်ပြင်ပတွင် သူနှင့်ကျွန်တော် ညီအစ်ကိုလိုတတွဲတွဲ။ ယခုသူကွယ်လွန်ခဲ့တာ နှစ်နှစ်ဆယ်ကျော်သွားခဲ့ပြီ။ ယခု ဦးလှဖေ အိမ်လာတာက တစ်ယောက်တည်းမဟုတ်။ ပုဂ္ဂိုလ်တစ်ဦးပါ ပါလာသည်။ ထိုပုဂ္ဂိုလ်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

"ကိုဟိန်းလတ်၊ သူကကျွန်တော့်မိတ်ဆွေ ဦးကြီးစိန်တဲ့၊ စာပေဝါသနာပါတယ်။ အခု ဆောင်းပါးရေးပြီး ပေါ်ပြူလာနယူးစ်ကို ပို့ချင်လို့၊ ခင်ဗျားနဲ့ပါ မိတ်ဆက်ပေးတာ"

ကျွန်တော်က ဦးကြီးစိန်ဆိုသူကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ စိတ်ထဲမှာတော့ သူနဲ့ငါမိတ်ဆွေမဖြစ်ခင် မိတ်ပျက်ရတော့မှာပဲဟု တွက်ထားမိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် စာမူလာပို့သူ တော်တော်

များများနှင့် ကျွန်တော်မိတ်ပျက်ရတာ များလွန်း၍ဖြစ်သည်။

ကျွန်တော့် စာရေးသက်က (၄၅)နှစ်လောက်ရှိပြီ။ သို့သော် အယ်ဒီတာအချိန်ပြည့်လုပ်သက်ကား အနှစ်(၂၀)မပြည့်သေး။ ထို ကာလအတွင်း ကျွန်တော့်ထံ စာမူပို့သူတွေ တော်တော်များသည်။ အချို့က ပုဂ္ဂိုလ်ရေးအရ အလွန်ခင်မင်ရင်းနှီးသူများဖြစ်၏။

"ငါ့သူငယ်ချင်းကြီး အယ်ဒီတာချုပ်လုပ်မှ ငါလည်း စာရေးမှ ဖြစ်တော့မယ်။ ရော့ ဒီဆောင်းပါးလေးထည့်လိုက်နော် သူငယ်ချင်း။ နောက်တစ်ပတ် စောင့်ဖတ်မယ်"

ထိုသို့ ပိုင်စိုးပိုင်နင်းပြောကာ လက်ထဲသို့စာမူကို အတင်းထိုး ထည့်ပေးသွား၏။ ပြောမနာဆိုမနာတွေမို့ ဘာမျှပြန်မပြောဖြစ်ဘဲ စာမူသာ ယူထားလိုက်မိ၏။ ထိုသူပြန်သွားတော့မှ စာမူကိုဖတ်ကြည့် သည်။ အရေးအသားက မပြေပြစ်၊ သဒ္ဒါကမှား၊ သတ်ပုံကလွဲ၊ ဒါတွေကိုထားလိုက်တော့ ပြင်၍ရနိုင်သေးသည်။ သို့သော် ဦးတည် ချက်မရှိ၊ ရည်ရွယ်ချက်မကောင်း၊ ကျွန်တော်တို့ မဂ္ဂဇင်းဂျာနယ်တိုက် ပေါ်လစီနှင့်မညီ။ ထို့ကြောင့် ထိုစာမူကိုဝမ်းနည်းစွာဖြင့် ပယ်လိုက်ရ၏။ ဤတွင်ပြဿနာက စတော့သည်။

"ငါ့လောက်မှမကောင်းတဲ့စာတွေတော့ မင်းထည့်နေတယ်။ ငါ့စာမူကျတော့မသုံးဘူး။ တော်ပြီကွာ နောက် ဘယ်တော့မှ မင်းဆီ စာမရေးတော့ဘူး"

ထိုသို့လူကိုယ်တိုင် သို့မဟုတ် ဖုန်းဖြင့် ကြိမ်းမောင်းရေရွတ် ပြောဆိုသွားပြီးသကာလ နောင်လမ်းတွေ့လျှင် မခေါ်တော့။ ဤသို့ဖြင့် မိတ်ဆွေရင်းတွေ ဆုံးပေါင်းလည်း များလှပြီ။ ဒါက စာတစ်ခါမှ မရေးဖူးဘဲ ရေးကြသူတို့၏ စာမူများကိုမသုံးဖြစ်၍ မိတ်ဆွေပျက်ခြင်း မျိုးတွေ။

ယခု ဆရာဦးလှဖေ မိတ်ဆက်ပေးသော ဦးကြီးစိန်ဆိုသူ၏ စာမူကိုသာ ယူထားလိုက်ကာ စာမူမသုံးဖြစ်သည့်အခါ နောင်ကျွန်တော့်ဆီ ဘယ်တော့မှ လာတော့မည်မဟုတ်သည့်သူအနေဖြင့်သာ ခံ့ဝတ်ကျေရုံ ဆက်ဆံလိုက်မိသည်။

(၂)

ဦးကြီးစိန် ပေးခဲ့သောစာမူကို ဂျာနယ်တိုက်ရောက်တော့မှ ဖတ်ကြည့်မိသည်။ သူက ကလောင်နာမည် "ဘိုကြီး" ဟု ရေးထား၏။ ရိုးလှတဲ့ နာမည်ပဲဆိုကာ တော်တော်စိတ်ကုန်သွားသည်။ ကလောင်နာမည် ခပ်ရိုးရိုးစင်းစင်းကြီး၊ သူ့စာကလည်း သိပ်ထူးမှာမဟုတ်ဖူးဟု စိတ်က ချက်ချင်းအကဲဖြတ်မိလိုက်၏။ သို့သော် ပေးထားသောစာမူကို ကောင်းမကောင်း ဆုံးဖြတ်ရန် အစမှအဆုံး ဖတ်ရှုရန်ကား ကျွန်တော့်တာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် ဆောင်းပါးကို စဖတ်လိုက်သည်။ စစချင်းမှာပင် "ကျွန်တော်သည် လွန်ခဲ့သောနှစ် ၄၀ ခန့် မဆလပါတီခေတ်က ထုတ်ပြန်သည့် လုပ်သားပြည်သူ့နေ့စဉ်တွင် ဆောင်းပါး လေးငါးပုဒ် ရေးသားဖူးသည်ဟူသော စာပိုဒ်ကိုဖတ်မိလျှင် ရှေ့ဆက်ဖတ်ချင်စိတ် အတော်နည်းသွားသည်မှာ အမှန်။ သို့သော် နောက်တစ်ကြောင်းဆက်ဖတ်လိုက်တော့ ပြေစာလိမ် ပြေစာတုများဖြင့် ဌာနဆိုင်ရာ ငွေလိမ်ထုတ်နေသူများအကြောင်း သူရေးခဲ့သည်ကို သိ၍ ပုဂ္ဂိုလ်ရေးရန်ပြုမှု၊ စော်ကားမှုများခံခဲ့ရကြောင်း ရေးထားသည်ကို ဖတ်မိတော့ စိတ်ဝင်စားမှု ရေချိန်က ဆောင့်တက်လာ၏။ ယခုလည်း အဆင်မပြေမှုတွေ၊ ပြည်သူအများစု အကျိုးမရှိမှုတွေ၊ နောက်တစ်မျိုးက ရှိသေးသည်။ နာမည်အတော်အတန်ရ စာရေးသက်ရင့်သူအချို့၏ စာမူများကိုစွ၊ တချို့စာရေးဆရာက လုံးချင်းဝတ္ထုလိုင်းတွင် အထိုက်

အလျှောက် နာမည်ရသူဖြစ်သည်။ သို့သော် သူ့ဆောင်းပါးရေးတာက သိပ်ပြီး အမြီးအမောက်မတည့်။ အမြီးအမောက်တည့်ပြန်တော့လည်း သူနှင့်မသင့်တင့်သူကို ပုဂ္ဂိုလ်ရေးအရ စော်ကားမော်ကား ဝေဖန်ထားတာတွေ ဖြစ်ချင်ဖြစ်နေသည်။ ထိုအခါ ထိုစာရေးဆရာပေးသောစာမူကို ပယ်လိုက်ရသည်။ တချို့ကျတော့ ဆောင်းပါးရေးတာ ကောင်းနေပါလျက် ဝတ္ထုစမ်းရေးပြီး ပို့၏။ သို့သော် ဆောင်းပါးမကျ ဝတ္ထုမကျ အစမ်းစာလိုလို စာညွှန့်လိုလိုဖြစ်နေ၍ ပြုပြင်ရေးခိုင်းရတာတွေလည်းရှိ၏။

"ပြန်ပြင်လည်း မရေးနိုင်ဖူး၊ နောက်လည်း ဒီတိုက်မှာ ဘယ်တော့မှ မရေးတော့ဘူး"ဆိုကာ ဒေါကြီးမောကြီး ပြန်ပက်သွားသူများလည်း ဒုနှင့်ဒေး။

အချို့စာရေးသူများကျတော့ စာမူကိုနယ်က စာတိုက်က ပို့လိုက်သည်။ လူနှင့်ပုဂ္ဂိုလ်ချင်းမသိ။ သို့သော် သူ့စာကကောင်းနေ၍ ဝမ်းသာအားရ သုံးလိုက်ရသည်များလည်း ရှိပါသည်။ ယခုထိတိုင် လူကိုယ်တိုင် တစ်ခါမှ မဆုံဖူးပါဘဲလျက် ကျွန်တော်တို့ ဂျာနယ်မဂ္ဂဇင်းများတွင် ဝတ္ထုဆောင်းပါးတွေ ဆက်တိုက်သုံးဖြစ်နေသူများစွာ ရှိပါသည်။

အုပ်စုတစ်စု ကောင်းစားရေးစနစ်များကို တင်ပြလျှင် သူ့ကို မုန်းကြမည်ကိုသိသော်လည်း ခေတ်သစ်ပြောင်းနိုင်ရန် တာဝန်သိသိ ရေးစရာရှိတာ ရေးမည်ဟု သူဆက်ရေးသည်။ ထို့နောက် "လူကြောင့်လား စနစ်ကြောင့်လား"ဆိုသည့်အကြောင်းကို ကိုယ်တွေ့အဖြစ်အပျက်များဖြင့် ယှဉ်ရေးသွားသည်။ သူ့အတွေးက ရဲ၏။ အရေးက ရှင်း၏။ အတွေးရဲရဲ အရေးရှင်းရှင်းတွင် စေတနာထားမှု၊ ပြုပြင်လိုစိတ်တွေကို သူ့ဆောင်းပါးထဲတွင် ထက်မြက်စွာ တွေ့နေရ၏။ ထို့ကြောင့် ဆရာ "ဘိုကြီး"၏ဆောင်းပါးကို ပေါ်ပြူလာနယူးစ်တွင် သုံးစွဲရန် ကျွန်တော် ရွေးချယ်လိုက်၏။ ဤဆောင်းပါးကို ကျွန်တော်ရွေးချယ်လိုက်သည်က

ကျွန်တော့်မိတ်ဆွေ ဦးလှဖေ မိတ်ဆက်ပေးလာသူဖြစ်ခြင်းကြောင့်လည်း မဟုတ်၊ သူနှင့်ကျွန်တော် ကျေးဇူးခံကျေးဇူးစားလည်း မရှိ၊ ရင်းနှီးကျွမ်းဝင်သူလည်းမဟုတ်၊ သူ့စာမူကို ကျွန်တော် ရွေးချယ်လိုက်ခြင်းအဖြစ်ကို လိပ်ပြာသန့်လှ၏။ သို့သော် ဤပုဂ္ဂိုလ်မျိုးက တစ်ခါတစ်ရံသာ စိတ်အချဉ်ပေါက်ပြီး ထစာရေးခြင်းဖြစ်ပြီး စွဲစွဲမြဲမြဲ စာရေးမည့်လူမဟုတ်ဟု ကျွန်တော်တစ်ခါတည်း ကောက်ချက်ချမိသည်။ သို့သော် ကျွန်တော်ကောက်ချက်ချလွဲပါသည်။ ဆရာ "ဘိုကြီး"က ဆောင်းပါးတွေ ဆက်တိုက်ရေးပို့၏။ သူက အတွေ့အကြုံများသည်မို့ တစ်ပုဒ်နှင့်တစ်ပုဒ် အကြောင်းအရာမထပ်အောင် ရေးနိုင်သည်။ ထို့ကြောင့် သူရေးသမျှ တစ်ပုဒ်မှမပယ်ဘဲ အကုန်ထည့်ဖြစ်၏။

ပရိသတ်ထဲမှလည်း ပွဲတင်သံပြန်လာ၏။ "ဘိုကြီး" ဆောင်းပါးတွေ ကောင်းတယ်တဲ့။

(၃)

တစ်နေ့က ဆရာ "ဘိုကြီး" ကျွန်တော့်အိမ်သို့ ရောက်လာသည်။ သူ့လက်ထဲတွင် ဖိုင်တွဲတစ်တွဲ ပါလာသည်။ "ချမ်းသာဒဏ်ခံနိုင်ကြပါစေနှင့် အခြားနိုင်ငံရေးဆောင်းပါးများ"။

"ကျွန်တော့် ဆောင်းပါး ၂၃ ပုဒ်ကို ဆောင်းပါးပေါင်းချုပ်စာအုပ် ထုတ်တော့မလို့၊ ဆရာ အမှာစာ ချီးမြှင့်ပေးပါ"

လွန်ခဲ့သောနှစ်က ကျွန်တော့်ထံ ပထမဆုံးရောက်လာခဲ့သော ဦးကြီးစိန်ဆိုသော ပုဂ္ဂိုလ်သည် ယခု စာရေးဆရာ "ဘိုကြီး"အဖြစ် ထွန်းပေါက်လာချေပြီကော။

ဟိန်းလတ်

၃၁-၅-၂၀၁၃

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် ၁၉၇၀ ဝန်းကျင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ထုတ်ဝေသော "လုပ်သားပြည်သူ့နေ့စဉ်" သတင်းစာတွင် ဆောင်းပါး(၄)(၅)ပုဒ်ခန့် ရေးသားခဲ့ဖူးပါသည်။ ကျွန်တော်၏ဝန်ထမ်းဘဝ အတွေ့အကြုံ၊ ပြင်ပစီးပွားရေးဘဝ အတွေ့အကြုံများကို အခြေခံရေးသားခြင်း ဖြစ်ပါသည်။

ယခုနှစ်ပေါင်း(၄၀)ကျော်နောက်ပိုင်းထိ စာရေးသားခြင်းမပြုခဲ့တဲ့ လွန်ခဲ့သည့်(၂)နှစ်ကျော်ခန့်တွင်မှ ယနေ့လို တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့် ကဏ္ဍအသီးသီး ပြုပြင်ပြောင်းလဲပြီး ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ချိန်တွင် ကျွန်တော်၏ စာရေးသားလိုစိတ်များ တစ်ဖန်နိုးကြားလာခဲ့ပါသည်။ တိုင်းပြည်အတွက် တစ်တပ်တအားအထောက်အကူပြုစေမည့် ခေတ်ပြင်၊ စနစ်ပြင်ဆောင်းပါးများ၊ ယနေ့ဖော်ဆောင်နေသည့် တိုင်းပြည်၏အဓိက မဏ္ဍိုင်ကြီး(၃)ရပ်တွင် လိုအပ်ချက်များ အားမလိုအားမရဖြစ်မှု၊ သာမန်ပြည်သူတစ်ဦးအနေဖြင့် ကြုံတွေ့နေရသော အခက်အခဲများကို စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာမှ ထောက်ပြလိုစိတ်များဖြင့် ရေးသားရန် စိတ်အားထက်သန်ခဲ့ပါသည်။

သို့သော် ရေးသားပြီး ဆောင်းပါးအချို့ကို မည်သည့်ဂျာနယ်၊ မဂ္ဂဇင်းတိုက် ပို့ရမည်မသိဘဲ အဆက်အသွယ်မရှိ၍ ဒီအတိုင်း သိမ်းထားခဲ့ရပါသည်။ တစ်နေ့တွင် ကျွန်တော်၏ရန်ကင်းမှ မိတ်ဆွေတစ်ဦးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးလှဖေ(မြင့်မိုရ်ကျူရှင်)နှင့် စကားစပ်မိ၍ ဆောင်းပါးများပို့ရန် အကူအညီတောင်းကြည့်ရာ သူက "ကျုပ်မှာ ကျွန်တော့်အစ်ကို သူငယ်ချင်း ဦးဟိန်းလတ်ဆိုတာရှိတယ်။ သူက ဂျာနယ်မဂ္ဂဇင်းများ ဦးစီးလုပ်ကိုင်နေသူဖြစ်၍ အကူအညီတောင်းကြည့်မည်" ဆိုသဖြင့် ကျွန်တော် ဝမ်းသာအားရ ဖြစ်မိပါသည်။

ထို့ကြောင့် သူနှင့်ချိန်းပြီး ဆရာဦးဟိန်းလတ်၏အိမ်သို့ သူနှင့်ကျွန်တော် သွားရောက်ခဲ့ပါသည်။ ဦးလှဖေက ဆရာနှင့်ကျွန်တော်ကို မိတ်ဆက်ပေးပြီး လာရင်းအကြောင်းရင်းကို ပြောပြပါသည်။ ဒီအခါ ဆရာက "အေးဗျာ ဆောင်းပါးပို့တာလဲ ပို့တာပေါ့။ ဒီလို လူရင်းနှင့်လာရင် ပိုပြီး ကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ စာမူက မကောင်းလို့ ကျွန်တော် မသုံးတော့ ကျွန်တော် မိတ်ပျက်ရတယ်"ဟူ၍ပြောရာ ကျွန်တော် စိတ်အားငယ်မိပါသည်။ သို့သော် ကျွန်တော်ရော ဆရာဦးလှဖေကပါ "ဆရာကြိုက်မှ သုံးပါ။ မကြိုက်လို့ပယ်ရင်လည်း ကျွန်တော်တို့ကို အားမနာပါနှင့်"ဟုပြောကာ ဆရာက ယူထားလိုက်ပါသည်။ ပို့ပြီး နှစ်ပတ်လောက်နေတော့ "Popular News"ဂျာနယ်တွင် ကျွန်တော့်ဆောင်းပါး အဖြတ်အတောက်မရှိဘဲ ပါလာပါသည်။ ကျွန်တော် အဲဒီညက ဝမ်းသာလွန်း၍ အိပ်မပျော်ပါ။ ကိုယ့်ကြိုးစားမှုရဲ့ အသီးအပွင့်လေးရလိုက်၍ ဖြစ်ပါသည်။

ထို့နောက် ဆရာဦးလှဖေ၏ တိုက်တွန်းမှုဖြင့် အပတ်စဉ်နီးပါး ဆောင်းပါးများကို ရေးသားပေးပို့ခဲ့ရာ ဆောင်းပါးအားလုံးနီးပါး

"Popular News" ဂျာနယ်တွင် ထည့်သွင်း ဖော်ပြခံခဲ့ရပါသည်။ သို့ဖြင့် (၂)နှစ်ကျော်ခန့် အချိန်အတွင်း ဆောင်းပါးပုဒ်ရေ (၂၀)ကျော်ခန့် ရေးသားခဲ့ပါသည်။ တစ်ရက် ဆရာ့ရုံးခန်းရောက်ချိန် ဆရာက "ဆရာ ဦးဘိုကြီးခင်ဗျား ဆောင်းပါးပေါင်းချုပ်ထုတ်ပါလား၊ တစ်စုတစ်စည်း တည်း ဖတ်ရတာပေါ့။ ဂျာနယ်မဖတ်ဖြစ်တဲ့ လူများလည်း ဖတ်ရတာ ပေါ့"ဟူ၍ တိုက်တွန်းရာ ကျွန်တော်လည်း ရန်အောင်စာပေမှ မိတ်ဆွေ ဦးလှတိုးနှင့် တိုင်ပင်ကာ ယခု စာအုပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါးများသည် ယနေ့ဖော်ဆောင်နေသော ခေတ် ပြောင်းဒီမိုကရေစီအတွင် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးဖြစ်ထွန်းမှုရှိမည်ဆိုလျှင် ကျွန်တော် ရေးရကျိုးနပ်ပြီ ဖြစ်ပါသည်။ ကျွန်တော့်အား ဆောင်းပါးများရေးသားရန် အမြဲတိုက်တွန်းခဲ့သော ဆရာဦးလှဖေအားလည်းကောင်း၊ အမှာစာများ ချီးမြှင့်ပေးသော ဆရာ ဦးချစ်စံဝင်းနှင့် ဆရာဦးဟိန်းလတ်၊ မအားလပ်သည့်ကြားမှ စာအုပ် ထုတ်ဝေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသော ဦးလှတိုး(ရန်အောင် စာပေ)နှင့် သားကြီးကိုအောင်နိုင်ဦး(SUNTAC TECHNOLOGIES) တို့အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဘိုကြီး

## စနစ်ကြောင့်လား လူကြောင့်လား

ယနေ့အချိန်အခါသည် ကျွန်ုပ်တို့မြန်မာပြည်အတွက် အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိနေချိန်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ခေတ်စနစ်နှင့်အညီ အတွေးအခေါ်ပိုင်း၊ အပြုအမူပိုင်း၊ အကြံအစည်ပိုင်းများကို ပြောင်းလဲရမည့်အချိန်ဖြစ်သည်ကို လူတိုင်းနားလည်သဘောပေါက်ရမည်ဖြစ်ပေသည်။ ခေတ်စနစ်ပြောင်းတာ တို့နဲ့မဆိုင်ဘူး။ ဒါဟာဦးဆောင်သူများရဲ့ တာဝန်ဟု သဘောထား၍ မရပေ။

နေ့စဉ်ထုတ်ဝေလျက်ရှိသော ဂျာနယ်အမျိုးမျိုးတွင် နိုင်ငံရေးခေါင်းပါးရှင်များ၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် အလွှာအသီးသီးက ပုဂ္ဂိုလ်များ၊ အစိုးရသစ်အနေဖြင့် ပြုပြင်သင့်၊ ပြောင်းလဲသင့်သော ကျင့်သုံးသင့် အကောင်အထည်ဖော်သင့်သော ကိစ္စရပ်အသီးသီးကို မိမိတို့အမြင်၊ မိမိတို့ရှုထောင့် အသီးသီးက ရေးသားအကြံပြုခြင်း၊ ထောက်ပြခြင်း၊ ဝေဖန်ခြင်းများကို နေ့စဉ်ဖတ်ရှုရလျက်ရှိပါသည်။

ဤသို့ဂျာနယ်အသီးသီးတွင် အမြင်အမျိုးမျိုးနှင့် နယ်ပယ်အသီးသီးက ရေးသားစေကာမူ ၄င်းရေးသားသူ ပုဂ္ဂိုလ်များ၏ ရင်တွင်းစိတ်ဓာတ်မှာ ဦးတည်ချက်တစ်ခုတည်းဖြင့် ရေးသားနေခြင်းဖြစ်မည်ဖြစ်ပါသည်။ ၄င်းတို့၏ဖြစ်စေလိုသော ဦးတည်ချက်က ပြည်သူတစ်ရပ်လုံးကောင်းစားရေး၊ တိုင်းပြည်တိုးတက်ရေးသာ ဖြစ်ပါသည်။

ယခု ကျွန်တော်သည်လည်း မည်သည့် ပယောဂပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမှမရှိဘဲ ကျွန်တော်အသက် ခြောက်ဆယ်ကျော်အထိ ဖြတ်သန်းခဲ့သော နိုင်ငံရေး၊ စီးပွားရေးကိစ္စ ရပ်များတွင် အတွေ့အကြုံပေါ်တည်မှီကာ ကျွန်တော့်တွေ့ရှိချက်၊ ခံစားချက်များကို အထက်ပါဦးတည်ချက် တစ်ခုတည်း စိတ်ဓာတ်ဖြင့်သာ ရေးသားမည်ဖြစ်ပြီး မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်း တစ်စုံတစ်ခုကိုမျှ ထိခိုက်စေလိုသော စိတ်ဓာတ်မရှိကြောင်း ရိုးသားစွာ ဝန်ခံပါရစေ။

ဤသို့ဘာကြောင့် ရေးရပါသနည်းဟူမူ ကျွန်တော်သည် လွန်ခဲ့သောနှစ် ၄၀ ခန့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က နေ့စဉ်ထုတ်ဖြစ်သည့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဆောင်းပါး ၄၊ ၅ ပုဒ်ခန့်ရေးသားဖူးပါသည်။ ထိုသို့ရေးသားသည့် ဆောင်းပါးများမှာလည်း ကျွန်တော်ကိုယ်တိုင် ပါဝင်လှုပ်ရှားသော ကျွန်တော်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သော ကျွန်တော်၏ပတ်ဝန်းကျင်တွင် မြင်တွေ့ရသော ကိစ္စရပ်များတွင် ပြုပြင်သင့်သည်များအား တိုင်းပြည်အတွက် မိမိလုပ်ငန်းခွင်အတွက် အကျိုးရှိမည့် ဆောင်းပါးများသာ ရေးသားခြင်းဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်ရေးသောဆောင်းပါးတစ်ပုဒ်ဖြစ်သည့် 'ပြေစာ'ဆိုသော ဆောင်းပါးကို ကျွန်တော် အလုပ်လုပ်ကိုင်သည့် မြေ/ကျေး/ရှင်း (ယခုလယ်/စိုက်/ရှင်း)တွင် ဝန်ထမ်းတစ်ခုက ပြေစာလိမ်များ၊ ပြေစာအတုများဖြင့် ဌာနဆိုင်ရာငွေများ

ထုတ်ယူသုံးစွဲသည်ကို ကျွန်တော်က အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြခဲ့ရာ ယင်းအချိန်က တာဝန်ရှိသူများ၊ ကိုယ်တိုင်ကျူးလွန်သူများက ကျွန်တော်ရေးမှန်းသိသည့်အခါ ရန်ပြုမှု၊ ပုဂ္ဂိုလ်ရေးစော်ကားမှုများပြုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ယခုလည်း ကျွန်တော်တင်ပြသည့် ကိစ္စရပ်များတွင် ကျွန်တော်ဆောင်းပါးခေါင်းစဉ် တပ်ထားသလို စနစ်ကြောင့်လား၊ လူကြောင့်လားဆိုရာတွင် ယနေ့အချို့သော ကိစ္စရပ်များတွင် အဆင်မပြေမှုများ၊ ပြည်သူ့အတွက် အကျိုးမရှိမှုများ၊ အုပ်စုတစ်စု ကောင်းစားရေး စနစ်များအကြောင်း တင်ပြပါက ကာယကံရှင် အကျိုးဖြစ်ထွန်းနေသူများက ကျွန်တော့်ကို မုန်းတီးကြမည်အမှန်ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကတော့ ယနေ့ကဲ့သို့ ခေတ်သစ်စနစ်သစ်ဖြင့် ပြောင်းလဲချိန်တွင် တာဝန်သိ ပြည်သူတစ်ယောက်အနေဖြင့်သာ ရေးသားခြင်းဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါးခေါင်းစဉ်၏ စနစ်ကြောင့်လား၊ လူကြောင့်လားဟူသော ကိစ္စရပ်တွင် ကျွန်တော့်အနေဖြင့် တင်ပြရမည်ဆိုပါက စနစ်ကြောင့်ရော၊ လူကြောင့်ပါ တချို့သောကိစ္စရပ်များတွင် မလိုလားအပ်သော ကိစ္စရပ်များ ဖြစ်ပေါ်နေသည်ဟု ရေးသားတင်ပြလိုပါသည်။ စနစ်ကိစ္စ၊ လူကိစ္စတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် အစိုးရ၏ ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်အကြောင်းရော၊ လူအကြောင်းပါ ပြောင်းလဲရမည့်၊ ခံယူရမည့်၊ ပြုပြင်ရမည့် ကိစ္စရပ်များကိုပါ ယေဘုယျတင်ပြထားပြီး ဖြစ်ပါသည်။

ထို့ကြောင့်ပင် ယနေ့ထုတ်ဂျာနယ်များတွင် နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် သင့်တော်သော၊ ပြုပြင်သင့်သော ဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဆောင်းပါးရှင်များ၊ မျက်နှာဖုံးသတင်းများ၊ အယ်ဒီတာအာဘော်များဖြင့် တင်ပြ

လျက်ရှိပါသည်။

ဒီနေရာတွင် ကျွန်တော့်အမြင် တင်ပြရပါက ပြင်ဆင်ရမည့် ကိစ္စရပ်များတွင် ရေရှည်လုပ်ရမည့် ကိစ္စများနှင့် ရေတိုကိစ္စရပ်များ ဟူ၍နှစ်ပိုင်းပါရှိမည်ဖြစ်ပါသည်။ တချို့သော ဥပဒေများမှာ အချိန်ယူ၍လွှတ်တော်ခေါ်ပြီးမှ ပြင်ဆင်ရမည့်ကိစ္စများ၊ တချို့အမိန့်ညွှန်ကြားချက်များကို အစိုးရအဖွဲ့ (cabinet)ထိုင်၍ ဆုံးဖြတ်ရမည့်ကိစ္စများဖြစ်၍ ရေရှည်ဆောင်ရွက်သွားရန် လိုသလို တချို့သော ဒေသဆိုင်ရာကိစ္စများ၊ ဌာနဆိုင်ရာကိစ္စများသည် လက်ငင်းဆောင်ရွက်၍ ရမည့် ရေတိုကိစ္စများ ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော့်အနေဖြင့် ရေတိုလက်ငင်းဆောင်ရွက်နိုင်သည့်ကိစ္စများ ဦးစားပေးရေးသားမည်ဖြစ်ပါသည်။ ယနေ့အစိုးရသစ်ပေါ်ခဲ့သည်မှာ တစ်လကျော်အချိန်မျှသာ ရှိသေးသဖြင့် ကျွန်တော်အပါအဝင် ပြည်သူများကလည်း အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ရမည်ဖြစ်ပါသည်။ တချို့သော နိုင်ငံများ၊ ရွေးကောက်ပွဲအပြီး စောင့်ကြည့်ကြပါသည်။ သို့ပေမယ့် ထိုနိုင်ငံများက အစိုးရများက စနစ်မပြောင်းဘဲ လူသာခေါင်းပြောင်းခြင်းဖြစ်ပါသည်။ ယခု ကျွန်တော်တို့နိုင်ငံက စနစ်ရော၊ လူပါပြောင်းလဲ၍ ထိုနိုင်ငံများထက် အချိန်ပိုမိုယူရပါသည်။ စိတ်ရှည်ရပါမည်။ ယခုနတ်ရေကန်ထဲချသလို ချက်ချင်းလူလားမြောက်မည်မဟုတ်ပေ။ သို့ပေမယ့် ချက်ချင်းဆောင်ရွက်နိုင်သောကိစ္စများ၊ တာဝန်ရှိပုဂ္ဂိုလ် အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆုံးဖြတ်အရေးယူနိုင်သော ကိစ္စများတွင်မူ အချိန်ဆွဲမနေသင့်ကြောင်း ထောက်ပြပြောဆိုလိုပါသည်။ ဥပမာ- ယနေ့ပြည်သူများ ဖြစ်ပေါ်နေသော ငွေအကြွေရှားပါးခြင်းကိစ္စ၊ တန်ဖိုးနည်းငွေစက္ကူများ ဟောင်းနွမ်းပျက်စီးနေခြင်းကိစ္စ၊ ဓာတ်ဆီဆိုင်များ မလိုလားအပ်ဘဲ ကားတန်းစီရခြင်း

ကိစ္စများသည် လတ်တလော ဆောင်ရွက်၍ရနိုင်သောကိစ္စများဖြစ်ပါသည်။

ယခုတလော စီးပွားရေးနယ်ပယ်တွင် ရေပန်းစားနေသောကိစ္စတစ်ခုမှာ စားအုန်းဆီဈေးနှုန်းတက်ခြင်းကိစ္စ ဖြစ်ပါသည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးလည်း သူတာဝန်ယူပြီး တစ်လအတွင်း စားအုန်းဆီဈေးတက်သဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ခေါ်ယူညှိနှိုင်းခြင်း၊ ပြည်ပမှတင်သွင်းခွင့်များ ပိုမိုခွင့်ပြုခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရပါသည်။ သို့သော် ကျွန်တော့်အမြင် တင်ပြရလျှင် ပြုပြင်ရန်တစ်ချက်မှာ စားအုန်းဆီဖြန့်ဝေခြင်းကိစ္စ ဖြစ်ပါသည်။ ယခုအခါ စားအုန်းဆီကို ကိုယ်စားလှယ်များက တစ်ဆင့်ဖြန့်ဖြူးပါသည်။ ထိုကိုယ်စားလှယ်များမှာလည်း တကယ်ဆီရောင်း၍ ဖြန့်ဖြူးသည့်ကိုယ်စားလှယ်နည်းပြီး ပတ်သက်ရာပတ်သက်ကြောင်းဖြင့် ကိုယ်စားလှယ်ရရှိသူက များနေသည် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သောအပတ် The Voice ဂျာနယ်တွင်ပါရှိသည့် စားအုန်းဆီကိစ္စသတင်းတွင် ဘုရင့်နောင်မှ လုပ်ငန်းရှင်တစ်ဦး ဤကိစ္စနှင့်ဆက်နွှယ်ပြောဆိုရာတွင် စားအုန်းဆီ ကိုယ်စားလှယ်တစ်ဦးသည် ဘာမျှမလုပ်ရဘဲ တစ်လ ခြောက်သိန်းခန့် ရနေသည်ဟု ဖတ်ရှုခဲ့ရပါသည်။ ဒီအချက်က မဖြစ်သင့်သောကိစ္စဖြစ်ပါသည်။ ·ထို့ကြောင့်ပင် စားအုန်းဆီကိုယ်စားလှယ်ရရှိရန် လူတိုင်းကြိုးပမ်းကြပြီး နီးစပ်သူများ ရရှိကစလစ်ကြိုရောင်းရုံမျှဖြင့် အမြတ်သိန်းချီရနေသည်မှာ မဖြစ်သင့်သောကိစ္စဖြစ်ပါသည်။ တချို့စားအုန်းဆီ ကိုယ်စားလှယ်များကိုယ်တိုင်ရောင်း၊ မရောင်းတော့ သိပ်မသိပါ။ စားအုန်းဆီကိုယ်စားလှယ် ဆိုင်းဘုတ်သည် ၄ ထပ်တိုက်အပေါ် ချိတ်ထားရာ ဤအထပ်အထိ မည်သူတက်ဝယ်သည်ကို ကျွန်တော်သဘောမပေါက်ပါ။ ဒါကြောင့် စားအုန်း

ဆီကိုယ်စားလှယ်စနစ်ကို ပြန်လည်ပြုပြင်ရန်လိုကြောင်း စနစ်ကြောင့်ဖြစ်ရသော အချက်တစ်ချက်ကို ထောက်ပြရေးသားရပါသည်။

ထို့အတူ ရန်ကုန်မြို့နေ ပြည်သူများ နိစ္စဓူဝ ဒုက္ခတစ်ခုမှာ ဘတ်စ်ကားစီးဒုက္ခ ဖြစ်ပါသည်။ ဒါဟာလည်း ရေတိုဖြေရှင်းနိုင်သော ကိစ္စဖြစ်ပါသည်။ ကားအဖြိုင်မောင်းခြင်း၊ ဒရိုင်ဘာ၊ စပယ်ယာဆက်ဆံရေး မကောင်းခြင်း၊ ပိုက်ဆံအကြွေ ပြန်မအမ်းခြင်းကိစ္စရပ်များသည် ချက်ချင်းလက်ငင်း လုပ်နိုင်သော ကိစ္စရပ်များဖြစ်ပါသည်။ စနစ်လည်းမကောင်း၊ လူလည်းမကောင်း၍သာ ဒီဒုက္ခများဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ မထသ တာဝန်ရှိသူများ၊ ဦးပိုင်နှင့်မြန်မာ့စီးပွားရေး တာဝန်ရှိသူများက နောက်ဆုံးပြီးခဲ့သောအပတ်က ဂျာနယ်များတွင် ပါသော သတင်းကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ရထားဝန်ကြီးသည် မြို့ပတ်ရထားကို ကိုယ်တိုင်စီးအဖြေရှာသကဲ့သို့ တာဝန်ရှိသူများ ရန်ကုန်ဘတ်စ်ကားများကို ကိုယ်တိုင်ရှောင်တခင်စီးနင်း၍ ဖြေရှင်းသင့်ပါသည်။ ကျွန်တော့်အမြင် တင်ပြရလျှင် မြို့ပတ်ရထားစီးမှ မြို့ပတ်ရထားအကြောင်းသိသလို ဘတ်စ်ကားကိုယ်တိုင်စီးမှ ချို့ယွင်းချက်များ သိမည်ဖြစ်ပါသည်။ ကိုယ်ပိုင်ကားစီးသူက ဘတ်စ်ကားစီးရသည့် ဒုက္ခသိမည်မဟုတ်ပါ။

ဤနေရာတွင် ကျွန်တော့်အမြင် တင်ပြလိုသော တစ်ချက်မှာ ဒေသဝန်ကြီး ရထားစီးသည့်အခါ ကြိုတင်သိရှိ၍ ဘူတာရုံများ၊ ရထားများကို သန့်ရှင်းရေးလုပ်ခြင်း၊ ရထားအချိန်မှန်အောင် လုပ်ထားခြင်းများကိုလည်း တွေ့ရပါသည်။ ဒါကြောင့် ကျွန်တော် အကြံပြုလိုသည်မှာ တာဝန်ရှိပုဂ္ဂိုလ်များ ကွင်းဆင်းပါက သက်ဆိုင်ရာများကို ကြိုတင်အသိမပေးဘဲ ရှောင်တခင်သဘောမျိုး စစ်ဆေးရန်လိုအပ်မည် ဖြစ်ပါသည်။ သို့မှသာ ပကတိအခြေအနေမှန်ကို သိရှိမည်ဖြစ်ပါသည်။

သို့မဟုတ်က တာဝန်ရှိလူကြီးသည် အောက်ခြေ၏ လိမ်ညာတင်ပြခြင်းမျိုးကိုသာ သိရှိရမည်ဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်၍ နိုင်ငံခြားဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ကျွန်တော်တရုတ်ပြည်ကထုတ်ဝေသော ဘာသာပြန်စာစောင်တစ်ခု ဖတ်ရှုဖူးပါသည်။ ထိုစာစောင်မှာပါသည့် သတင်းတစ်ခုမှာ တရုတ်ကွန်မြူနစ်ပါတီဒေသ ကော်မတီတာဝန်ရှိသူ အမျိုးသမီးတစ်ဦးသည် နံနက်တိုင်း သူ၏ရပ်ကွက်တွေထဲသို့ ကွင်းဆင်းကာ ဈေးနှုန်းများစုံစမ်းထောက်လှမ်းခြင်း သတင်းဖတ်ရှုရပါသည်။ ကျွန်တော်တို့ဆီမှာလည်း ဒီလိုပဲ ဖြစ်သင့်ပါသည်။

အခြားအခြားသော ရေတိုဖြေရှင်းရမည့်ကိစ္စများ၊ လတ်တလော ပြောင်းလဲနိုင်သောစနစ်များ များစွာကျန်ရှိနေပါသေးသည်။ ကျွန်တော့်ဆောင်းပါးရှည်မည်စိုး၍ နောင်အခါအားလျော်စွာ ရေးသားတင်ပြပါသည်။ ကျွန်တော်တို့စနစ်က ရုပ်ပြကောင်းအောင်၊ ဝိနည်းလွတ်အောင်၊ ကိုယ်ကျိုးကိုအုပ်စုလိုက် အသုံးချတတ်အောင် လုပ်ထားသည်များ ရှိပါသည်။ ရုပ်ပြကောင်းအောင်ဆိုရာတွင် ဥပမာ-ဘတ်စ်ကားပေါ်တွင် ကားတစ်စီးလုံးပြည့် 'ထမင်းရှင် ခရီးသည်များကို ယဉ်ကျေးစွာဆက်ဆံရန်'၊ 'ကားကိုမြို့တွင်း မိုင် ၃၀ ထက်ပိုမမောင်းရန်'၊ 'စည်ကမ်းဟူသမျှလိုက်နာရန်'၊ 'ကွမ်းမစားရန်၊ ဆေးလိပ်မသောက်ရန်' စသည်ဖြင့် ကားတစ်စီးလုံးနီးပါး ရေးသားညွှန်ကြားထားပါသည်။ သို့သော် တစ်ခုမျှဒရိုင်ဘာရော၊ စပယ်ယာရော လိုက်နာခြင်းရှိမရှိ နေ့စဉ်ဘတ်စ်ကားစီးသူတိုင်း အသိဖြစ်ပါသည်။ ဒီမှာ တစ်ချက်ပြောစရာရှိတာက တာဝန်ရှိသူများက ပြောပါမည်။ ဒီကိစ္စများတွင် တိုင်ကြားရန် ဖုန်းနံပါတ်များ ရေးထားသည်။ ဘာလို့မတိုင်လဲ ပြောပြစရာရှိမည်။ ဤနေရာတွင် ကျွန်တော်ကတော့ လူမျိုးနဲ့ချီပြောရပါမည်။

ကျွန်တော်တို့ မြန်မာလူမျိုးသည် သည်းခံစရာရှိလျှင် သူများထက် သည်းခံပြီး ပေါက်ကွဲစရာရှိက သူများထက် ပေါက်ကွဲတတ်ပါသည်။ အဲဒီတော့ တိုင်တာကိုပဲ ထိုင်စောင့်မလား။ တာဝန်ရှိသူအနေနဲ့ ပြဿနာ အဖြေရှာ ရှင်းမလားဆိုတာကတော့ လူကြီးမင်းတို့အပိုင်းသာဖြစ်ကြောင်းရေးသားတင်ပြရပါသည်။

# လူရောမူပါ ပြောင်းလဲခြင်း

ယနေ့အချိန်အခါသည် ကျွန်ုပ်တို့နိုင်ငံအတွက် အပြောင်းအလဲ တစ်ခု အမှန်ပေါ်ပေါက်နေချိန် ဖြစ်ပါသည်။ ယနေ့အပြောင်းအလဲမှာ လူရော၊ မူပါပြောင်းလဲရမည့် အချိန်ဖြစ်ပါသည်။ မူမကောင်းလို့ လူမကောင်းလို့ဟု အပြစ်ပြောနေ၍ မရသောအချိန်ဖြစ်ပါသည်။ လူတွေ စိတ်ဓာတ်အကျင့်စရိုက်ကအစ ပြောင်းလဲဖို့တာဝန်ရှိသူများကလည်း လမ်းညွှန်မှုပြုထားပြီးဖြစ်ပါသည်။ ဒီနေရာတွင် ကျွန်တော့်အနေဖြင့် လူကိုပြောင်းလဲသလို၊ မူ၊ စနစ်၊ လုပ်ထုံးလုပ်နည်းများလည်း တစ်ပါ တည်းပြောင်းမှသာလျှင် ရည်မှန်းချက်ပေါက်မြောက်မည်ဟု သုံးသပ် ပါသည်။

ပထမဦးစွာ တင်ပြလိုသည်က ပြည်သူ့ဝန်ထမ်းအချို့၏ လာဘ် ပေးလာဘ်ယူကိစ္စ ဖြစ်ပါသည်။ ဤကိစ္စကို နိုင်ငံခေါင်းဆောင်များ၏ မိန့်ခွန်းများ၊ စည်းဝေးပွဲ၊ ဆွေးနွေးပွဲများတွင် တာဝန်ရှိသူအဆင့်ဆင့် ကလည်း ထည့်သွင်းလမ်းညွှန်ထားပြီး ဖြစ်ပါသည်။ ကျွန်တော့်အမြင် တင်ပြရပါက လာဘ်ပေးလာဘ်ယူကိစ္စ ပပျောက်ရန်မှာ ဒဏ်ပေးစနစ် ဖြစ်သည့် ကျူးလွန်သူများကို အပြစ်ပေးအရေးယူရုံနှင့် ပပျောက်နိုင် မည်မဟုတ်ပါ။ ဆုပေးစနစ်ခေါ်ရမည့် သူတို့၏ ရရှိသည့်လစာဖြင့် မိသားစု စားဝတ်နေရေး ပြေလည်မှု ရှိမရှိသည် အဓိကကျသော ကြောင့် ဖြစ်ပါသည်။

ယခုအစိုးရဝန်ထမ်း၊ တစ်နည်း ပြည်သူ့ဝန်ထမ်းများ၏ လစာငွေသည် သူတို့မိသားစု၏ စားဝတ်နေရေးကိစ္စ လုံးဝပြေလည်မှုမရှိတာတွေ့ရမည်ဖြစ်ပါသည်။ ဤနေရာတွင် လူတန်းစားအနေဖြင့် တင်ပြရပါက ကျွန်တော်တို့ဖွံ့ဖြိုးဆဲနိုင်ငံတွင် လူတန်းစား ၃ ရပ်တွေ့ရပါမည်။ ချမ်းသာလူတန်းစား၊ လူလတ်တန်းစားနှင့် အခြေခံလူတန်းစားဟူ၍ ခွဲခြားနိုင်ပါသည်။ ချမ်းသာလူတန်းစားအကြောင်း ကျွန်တော်မဆွေးနွေးလိုပါ။ လူလတ်တန်းစားနှင့် အခြေခံလူတန်းစားအကြောင်းပြောရပါက အခြေခံလူတန်းစားတွင်လည်း အလုပ်သမားနှင့် လယ်သမားဟူ၍ရှိရာ ကျွန်တော်နှင့်အလှမ်းဝေးသော လယ်သမားအကြောင်းမပြောလိုဘဲ အလုပ်သမားအကြောင်း တင်ပြရလျှင် ယနေ့ကျွန်တော်တို့နိုင်ငံ၏ အောက်ခြေအလုပ်ကြမ်းသမားတစ်ယောက် တစ်နေ့ဝင်ငွေမှာ ပြည်သူ့ဝန်ထမ်းဖြစ်လျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ဝန်းကျင်သာဖြစ်ပါသည်။ လူလတ်တန်းစားတွင် လစာမှာ ကျပ် ၄၀၀၀၀ မှ ကျပ် ၁၀၀၀၀၀ ဝန်းကျင်သာဖြစ်ပါသည်။

ယင်းပုဂ္ဂိုလ်များသည် ယနေ့ကုန်ဈေးနှုန်းဖြင့် မိသားစုလောက်ငမှုရှိမရှိ ချင့်ချိန်နိုင်ပါသည်။ အစိုးရဝန်ထမ်း အခြေခံလူတန်းစားများမလောက်င၊ အပိုဝင်ငွေလည်းမရှိ၍ ဆင်းရဲမွဲတေနေကြပါသည်။ ဖြစ်သလိုစား၊ ဖြစ်သလိုနေ၊ ဖြစ်သလိုရုန်းကန်နေကြရပါသည်။ ဒါက ကျွန်တော်တို့လက်ရှိအခြေအနေ ဖြစ်ပါသည်။

လူလတ်တန်းစားခေါ်ရမည့် အသိပညာ၊ အတတ်ပညာတစ်ခုခုနှင့် အသက်မွေးရသည့် စာရေးစာချီမှသည် ညွှန်မှူးအရာရှိကြီး အဆင့်တွင်လည်း သူတို့လစာနှင့် မိသားစုအသုံးစရိတ် လောက်မလောက်ကို ကာယကံရှင်များ အသိဖြစ်ပါသည်။ မလောက်ရင် ဘာလုပ်မလဲ။ အပိုဝင်ငွေရှာရမည်။ ထို့ကြောင့် အစိုးရဆရာဝန်သည် ဆေးခန်းဖွင့်

သည်။ ကျောင်းဆရာသည် ကျူရှင်ပြသည်။ ဒါက သူတို့ထွက်ပေါက်ပင်။ ကျောင်းဆရာတစ်ယောက်ဖြစ်၍ ကျူရှင်မပြရ၊ အရေးယူမည်ဆိုလျှင် ချောင်ပိတ်ရိုက်ခြင်းသာဖြစ်ပါသည်။ ဤနေရာတွင် ပညာရှိချင်းတူပါလျက် ဆရာဝန်ကို ဆေးကုခွင့်ပြုပြီး ကျောင်းဆရာ ကျူရှင်ပြခွင့်မပြုခြင်းမှာ ဝန်ထမ်းချင်းစိတ်ဝမ်းကွဲစရာ ဖြစ်ပါသည်။ စာရေးတစ်ယောက် (သို့မဟုတ်) အရာရှိတစ်ယောက် မလောက်လျှင်လည်း သူတို့အပိုဝင်ငွေရှာမည်။ ရိုးရိုးသားသားရှာမရလျှင် လာဘ်ယူမည်။ ဒါက ယနေ့ဝန်ထမ်းလောက၏ အခြေအနေမှန်ပင်။ ကျွန်တော် ယခုလိုပြော၍ လာဘ်ပေးလာဘ်ယူ အားပေးနေခြင်း မဟုတ်ပါ။ တာဝန်ရှိသူများက အခြေအနေမှန်သိမှ အဖြေမှန် ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ လာဘ်ယူ၍အရေးယူမည်။ မင်းတို့လောက်တာ၊ မလောက်တာ တို့မသိဟူ၍ ပြောမရပါ။ ယနေ့ဝန်ထမ်းများလောကတွင် လစာလောက်မလောက်တော့ မသိပါ။ ဌာနဆိုင်ရာများတွင် အများစုက အမျိုးသမီးဝန်ထမ်းများသာ ကျန်ရှိမည်။ အမျိုးသားများက နိုင်ငံခြားထွက်သူကထွက်၊ အပြင်စီးပွားရေး လုပ်သူလုပ်၊ ပုဂ္ဂလိကကုမ္ပဏီ ပြောင်းသူပြောင်းကြပါသည်။

ယခင် နဝတ လက်ထက်က ဤကိစ္စပေါ်တွင် ရေတိုဖြေရှင်းနည်းတစ်ရပ်အနေဖြင့် ဌာနဆိုင်ရာ သက်သာဆိုင်များဖွင့်၍ ရရှိသည့်အမြတ်ငွေများ ခွဲဝေခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေရှာခြင်း၊ ဝန်ထမ်းဆန်ဆီများကို သက်သာသော ဈေးနှုန်းဖြင့်ရောင်းချခြင်းများဖြင့် ဖြေရှင်းခဲ့သည်ကို မှတ်မိကြပါမည်။ ယခုတော့ ဌာနဆိုင်ရာများ သက်သာလုပ်ငန်းမလုပ်ရတော့ဘဲ ဖျက်သိမ်းပစ်၍ အပိုဝင်ငွေမရနိုင်တော့ပါ။ ဒါကြောင့် ကျွန်တော်တင်ပြလိုသည်မှာ ဒီလာဘ်ပေးလာဘ်ယူကိစ္စကို အရေးယူခြင်းစနစ်ဖြင့် မဆောင်ရွက်မီ ဝန်ထမ်းများ

၏ သူ့အိုးသူ့ဆန်တန်သော ဝင်ငွေများရရှိအောင် ဖန်တီးပေးရန်လို ကြောင်း အကြံပြုတင်ပြပါသည်။ ဒီလို ဖန်တီးပေးပါလျက် အကျင့် ပျက်ခဲ့လျှင် ပြင်းပြင်းထန်ထန် အရေးယူရမည်ဖြစ်ပါသည်။

ဤနေရာတွင် စင်ကာပူနိုင်ငံအကြောင်း ဥပမာတင်ပြလိုပါ သည်။ စင်ကာပူနိုင်ငံသည် သန့်ရှင်းသော အစိုးရအဖြစ် ကမ္ဘာ့အလယ် တွင် နာမည်ရနေပါသည်။ ဘာကြောင့်လဲဆို လာဘ်မစား၍ဖြစ်ပါ သည်။ ဒီလိုလာဘ်မစားအောင်လည်း ခေါင်းဆောင်ပိုင်းမှအစ အောက် ခြေအဆင့်ဆင့်ကို စားဝတ်နေရေး ဖူလုံအောင် လစာများပေးထား၍ ဖြစ်ပါသည်။ စင်ကာပူခေါင်းဆောင်များသည် ကမ္ဘာပေါ်တွင် လစာ အများဆုံးရရှိသူများတွင် ပါဝင်ပါသည်။ အောက်ခြေဒရိုင်ဘာအဆင့် ပင် မြန်မာငွေ ၁၅ သိန်းခန့်ရနေပါသည်။ စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယူပြောတာ မှတ်မိနေပါသည်။ သူတို့မလေးက ခွဲထွက်ခါစ လီကွမ်ယူကို ခေါင်းဆောင်ပိုင်းတင်တော့ လီကွမ်ယူက သူ့ကိုတစ်လ လစာဒေါ်လာတစ်သောင်း၊ မာစီးဒီးကားတစ်စီး၊ ကွန်ဒိုတိုက်ခန်း တစ်ခန်း တောင်းဆိုပါသည်။ ဒါကို တချို့က များသည်ထင်၍ မေးဆစ်တော့ "ကျွန်တော်လစာမလောက်လို့ ဖိလစ်ပိုင်သမ္မတ မားကို့(စ်)လို လာဘ်စားရင် ခင်ဗျားတို့မပြောနဲ့" ဟု ပြောတာမှတ် မိနေပါသည်။

ဒါက ဘာကိုပြသလဲဆိုရင် သူလည်း ဝင်ငွေလောက်ငအောင် ယူမည်။ အောက်ခြေကိုလည်းပေးမည်။ ဒါမှ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်မည်ကို ကြိုတင်မျှော်မြင်ကြောင်း ဥပမာပေး တင်ပြပါသည်။ ကျွန်တော်တို့အတုယူရမည် ဖြစ်ပါသည်။

ဒုတိယ ရေတိုဖြေရှင်းရမည့် ချို့ယွင်းချက်၊ ပြည်သူများ အခက် အခဲဖြစ်ပေါ်စေသော အမိန့်၊ ညွှန်ကြားချက်များတွင် တစ်ခုထောက်ပြ

လိုသည်မှာ ရန်ကုန်မြို့တော်ကြီးတွင် ဖြစ်ပျက်နေသော ကိစ္စရပ်များ ဖြစ်ပါသည်။ ပထမ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ထောက်ပြလိုပါသည်။ နောက်တစ်ချက်က ကားစတစ်ကာကပ်ခြင်းကိစ္စဖြစ်ပါသည်။ ကားစတစ်ကာကပ်၍ မသမာမှုများဖြစ်ပေါ်စေခြင်း ဟန့်တားရန်ဟူ၍ စတစ်ကာကပ်ကားများကို များပြားသောဒဏ်ငွေများ ဆောင်စေခြင်းမှာလည်း ပြန်လည်စဉ်းစားသင့်သော ကိစ္စဖြစ်ပါသည်။ ယခုအခါ စတစ်ကာကပ်ခြင်းကို တချို့ကားများတွင် ကပ်သလို တချို့ကားများကို အရေးယူမှုမျိုးတော့ ဥပဒေကိုနှစ်မျိုးဖြစ်ပေါ်စေကြောင်း တင်ပြပါသည်။ စတစ်ကာကပ်ခြင်းကို တာဝန်ရှိသူများ အထူးဂရုပြုနေသော ကိစ္စဖြစ်ပါသည်။

နောက်တစ်ခုက ကျွန်တော့်ဆောင်းပါးတွင် မထသ၊ ဦးပိုင်စသည့်ဘတ်စ်ကားလိုင်း တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းလေ့လာရန် ကျွန်တော်အကြံပြုပါသည်။ ယင်းသို့ကွင်းဆင်းခြင်းဖြင့် ဘတ်စ်ကားမှတ်တိုင်များ၊ ကားဂိတ်များ၊ ယာဉ်ထိန်းရဲနှင့် မထသဝန်ထမ်းများ ကြီးကြပ်နေခြင်းကိစ္စများကိုလည်း ပြည်သူတွေအခက်အခဲဖြစ်နေတာကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာတင်ပြရလျှင် ကားမှတ်တိုင်ကိစ္စတွင် ရွှေဂုံတိုင်မှတ်တိုင်မီးပွိုင့်သည် ယာဉ်လိုင်းတော်တော်များများ ဆုံပါသည်။ ရွှေဂုံတိုင်မှတ်တိုင်များသည် မီးပွိုင့်နှင့်လွန်စွာနီးကပ်၍ ယာဉ်တိုက်မှုမကြာခဏ ဖြစ်စေပါသည်။ နောက်ယာဉ်ထိန်းရဲများ၊ လိုင်းကားများစစ်ဆေးမှုတွင် ရုံးတက်ချိန်များ စစ်ဆေးနေ၍ ရုံးဆင်းရုံးတက် ကြန့်ကြာစေမှု ဖြစ်ပေါ်စေပါသည်။ ဒါတချို့ ဥပမာသာဖြစ်ပါသည်။

နောက်စည်ပင်သာယာရေး ကိစ္စဖြစ်ပါသည်။ လူတစ်ယောက်မွေးသည်မှ သေသည်အထိ စည်ပင်သာယာနှင့် မပတ်သက်၍မရပါ။ ရန်ကုန်မြို့တော်၏ စည်ပင်သာယာမှုသည် ဟိုရှေးယခင်က အရှေ့

တောင်အာရှတွင် စံနမူနာပြဖြစ်ခဲ့ပါသည်။ ယခုအချိန်တွင် အဲဒီစံချိန်ကို မမီသည့်တိုင် အတိုင်းအတာတစ်ခုအထိ မြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များဖြစ်ပေါ်စေရန် စတင်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါသည်။

ဤနေရာတွင် စည်ပင်သာယာတစ်ခုတည်းကို အားမကိုးဘဲ ပြည်သူများသည်လည်း မြို့ကြီးသားပီသစွာ စနစ်တကျနေထိုင်ကြရန် လိုပါသည်။ နေရာတကာ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းက အစ လမ်းဘေးမတော်တိုင်၊ အုတ်နံရံ၊ သစ်ပင်စသည့်နေရာစုံတွင် စည်းကမ်းမဲ့ကြော်ငြာကပ်ခြင်းများသည်လည်း မြို့တော်ကို ညစ်နွမ်းစေပါသည်။ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး စည်းကမ်းမဲ့မလုပ်ဆောင်သင့်ကြောင်း ထောက်ပြလိုပါသည်။ ယင်းသို့စည်းကမ်းမဲ့ကလည်း သက်ဆိုင်ရာဌာနက ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားသင့်ပါသည်။

ယခင်မြို့တော်ဝန်ကြီးလက်ထက်က လမ်းများကို ကွန်ကရစ်ခင်းခြင်းတော်တော်များများ ဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။ ယင်းမှာ ကောင်းမွန်သောလုပ်ဆောင်မှုများ ဖြစ်ပါသည်။ သို့သော် ကွန်ကရစ်လမ်းခင်းတော့ ပလက်ဖောင်းပျောက်၊ ရှိသည့်ပလက်ဖောင်းများကလည်း အဖုံးအပိတ်မရှိ၍ ကွန်ကရစ်လမ်းကြောင့် ကားသမားများအဆင်ပြေသော်လည်း လမ်းလျှောက်ရသူများ တော်တော်ဒုက္ခရောက်ကြရပါသည်။

နောက်တစ်ချက်က လမ်းဘေးဈေးသည်ကိစ္စဖြစ်ပါသည်။ အမှန်တော့ လမ်းဘေးဈေးသည်ဆိုသည်မှာ ယာယီအချိန်ပိုင်းရောင်းသူများဟု ကျွန်တော်သဘောပေါက်ပါသည်။ သို့သော် ယခုယာယီသမားများက အခိုင်အမာလုပ်ကြသည်။ အချိန်ပိုင်းများက အချိန်ပြည့်ရောင်းနေကြခြင်းကတော့ ရပ်သင့်ပြီဖြစ်ကြောင်း တင်ပြလိုပါသည်။

ဤနေရာတွင် ကျွန်တော်အကြံပြုလိုသည့်တစ်ချက်မှာ ကျွန်တော်ရောက်ဖူးသော နိုင်ငံခြားမြို့ကြီးများတွင် လေဟာပြင်ဈေးလို၊ ညဈေးကြီးများကို စနစ်တကျရောင်းချခွင့်ပြုထားပါသည်။ ရန်ကုန်မြို့တွင်လည်း တစ်ချိန်က ဆေးရုံကြီးရှေ့တွင် လေဟာပြင်ဈေးကြီးတစ်ခု ရှိခဲ့ရာ လွန်စွာပင်စည်ကားခဲ့ပါသည်။ လမ်းဘေးဈေးသည်များ ဖျက်ခိုင်းလျှင် သူတို့လည်း ပြည်သူများဖြစ်၍ သင့်တော်သလို စီမံပေးရမည်ဖြစ်ပါသည်။ ဒါကြောင့် ပျံကျလမ်းဘေးဈေးသည်များကို စုစည်းကာ ညဈေးကြီးတစ်ခု ဖွင့်လှစ်ခွင့်ပြုလျှင် မြို့လည်းသာယာ၊ ညဘက်တွင်လည်း နိုင်ငံခြားသားဧည့်သည်များရော ပြည်သူများပါ အပန်းဖြေစရာ တစ်ခုဖြစ်လာနိုင်ကြောင်း အကြံပြုရေးသားရပါသည်။

နောက်တစ်ချက် ပြုပြင်ရန်လိုသော စနစ်တစ်ခု ဆက်လက်တင်ပြလိုပါသည်။ ဓာတ်ဆီကိစ္စဖြစ်ပါသည်။ ယခုအခါ ဓာတ်ဆီကို တစ်ရက် နှစ်ဂါလံနှုန်းသတ်မှတ်၍ ကားတန်းစီခြင်းကိစ္စအတော်အတန်လျော့နည်းမှုရှိခဲ့ပါသည်။ သို့သော် တက္ကစီကားများ ဆီမလုံလောက်၍ အခက်အခဲဖြစ်ပေါ်နေသည်ကို ဂျာနယ်များတွင် ဖတ်ရှုရပါသည်။ ကျွန်တော်အကြံပြုလိုသည်မှာ ဒီစနစ်ကို ပိုမိုပီပြင်စေလိုပါက ကားအင်ဂျင်ပါဝါအလိုက် ကိုယ်ပိုင်၊ အငှားလုပ်ငန်းအလိုက် ဓာတ်ဆီကို အတိုးအလျော့လုပ်ပါက ပိုမိုထိရောက်မည်ဟု ယူဆပါသည်။ ယခုအခါ နွားထီး ၅ ကျပ်၊ နွားမ ၅ ကျပ်လုပ်လိုက်ခြင်းက လွယ်လွယ်ကူကူ ဖြေရှင်းလိုက်ခြင်းသာဟု ယူဆပါသည်။ ပိုမိုစနစ်ကျသော စနစ်တစ်ခုကို ဆီကို တိုးမပေးနိုင်မီစပ်ကြား ဖြေရှင်းပေးခြင်းဖြင့် နောက်ဆက်တွဲပြဿနာများ လျော့နည်းမည်ဟု ယူဆကြောင်း အကြံပြုတင်ပြပါသည်။

# ပြုပြင်စရာလေးများ

ကျွန်တော်သည် Popular News ဂျာနယ်တွင် စနစ်နှင့်လူအကြောင်း၊ မူနှင့်လူအကြောင်း အပြောင်းအလဲများကို ကျွန်တော်ဉာဏ်မီသလောက်၊ တွေ့ကြုံရသလောက် အပြုသဘောရေးခဲ့ပါသည်။ ဒါကလည်း ယနေ့ပြည်သူများ ခံစားနေရသော ကိစ္စရပ်များဖြစ်ပါသည်။ တစ်နည်းအားဖြင့် အခြေခံကျသော နေ့စဉ်တွေ့ကြုံနေကျကိစ္စများ ဖြစ်ပါသည်။

ဒီကိစ္စများကိုလည်း ခေါင်းဆောင်ပိုင်းမှအစ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဂရုပြုလာစေရန်လည်း ကျွန်တော်တင်ပြခြင်းဖြစ်ပါသည်။ ဒါတွေသည် နိုင်ငံတော်အဆင့်က စလုပ်လည်းလုပ်နေသော ကိစ္စရပ်များပါသလို၊ တိုင်းဒေသကြီးနဲ့ အောက်ခြေအဆင့်ဆင့်ကလည်း လုပ်နေတာကို တွေ့ရှိရပါသည်။ ဤနေရာတွင် မေးစရာဖြစ်ပါသည်။ ဒီလိုလုပ်ရသည့်ကြားထဲက ဘာကြောင့် ရေးရသလဲဆိုရင် တချို့ အောက်ခြေတွင်ဖြစ်ပျက်နေတာ မသိတာ မမြင်တာတွေရှိနေ၍ဖြစ်ပါသည်။ ကျွန်တော်ကတော့ ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် အတွေ့အကြုံအမျိုးမျိုးကို ယနေ့ အသက် ၆၀ ကျော်ကာလအထိ

ခေတ်အဆက်ဆက် ဖြတ်သန်းဖူးခြင်း၊ အစိုးရဝန်ထမ်း၊ နိုင်ငံရေးအဖွဲ့ အစည်းများတွင် ပါဝင်ခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းစုံ လုပ်ကိုင်ဖူးခြင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိစဉ် သူတို့နိုင်ငံအခြေအနေကို လေ့လာခြင်းတို့ကြောင့် ကျွန်တော်ရေးသားရခြင်း ဖြစ်ပါသည်။

လက်ရှိအခြေအနေသည် တချို့ကဆိုကြသည်။ မူပြောင်းသည် လူမပြောင်းဟုပြောကြသည်။ ကျွန်တော်ကတော့ ဒါကိုလက်မခံပါ။ လူရော၊ မူပါပြောင်းသည်ဟု သုံးသပ်မိပါသည်။ ဘာကြောင့်လဲဆိုရင် ယနေ့အစိုးရသစ်မပေါ်မီ အခြေအနေသည် တစ်ဦး၊ တစ်ဖွဲ့ကသာ အုပ်ချုပ်ခြင်းဖြစ်ပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး အာဏာကြီးသုံးရပ်ကို တာဝန်ခံသူများကို ခန့်အပ်သောစနစ် (Appointed Post)များသာဖြစ်ပြီး ယနေ့အချိန်အခါက ရွေးချယ်မှုစနစ် (Elected Post)များဖြစ်ပါသည်။ ဒါကြောင့် လူရောမူပါ ပြောင်းခြင်းဖြစ်သည်ဟု ဆိုပါသည်။ ယခုလက်ထက် လူအနေနဲ့ ဥပမာ ဦးဖြူဆိုသူ ပါလာသည်။ ထိုသူသည် ယနေ့တွင် ပြည်သူက တင်မြှောက်သော ကိုယ်စားလှယ်သာဖြစ်သည်။ ဦးဖြူအနေနဲ့ ယခင်စိတ်ဓာတ်မျိုးထားပြီး တာဝန်ကျေလုပ်နေ၍မရတော့ဘဲ ပြည်သူ့မျက်နှာကြည့်ပြီး ခံယူချက်၊ ယနေ့ခေတ်နှင့် လျော်ညီသော ဦးဖြူဖြစ်ရပါသည်။ ဒါကြောင့် လူရောမူပါ ပြောင်းခြင်းဖြစ်သည်။ စိတ်ဓာတ်ပိုင်းပြောင်းကို ပြောင်းရမည်။ ဒီလိုမဟုတ်က ပြည်သူ၏ဒဏ်ခတ်ခြင်းခံရမည်မလွဲပါ။

မည်သည့်ခေတ်ရောက်သည်ဖြစ်စေ၊ မည်သူအုပ်ချုပ်သည်ဖြစ်စေ၊ ပြည်သူအများစု၏ ဆန္ဒက မိမိတို့၏ဝင်ငွေနှင့်ထွက်ငွေမျှပြီး မိသားစုဘဝ စားဝတ်နေရေး ဖူလုံခြင်း၊ ဥပဒေစိုးမိုးပြီး အေးအေးချမ်းချမ်းနေနိုင်ခြင်းနှင့် နေ့စဉ်မိမိတို့၏ ဖြတ်သန်းရသည့်ဘဝတွင် စိတ်လက်ချမ်းချမ်းသာသာဖြင့် အခက်အခဲမရှိ နေထိုင်နိုင်ခြင်းကို လိုလား

ကြပါသည်။ ဒါက အခြေခံနှင့် လူလတ်တန်းစားတို့၏ ဘဝလုံခြုံ ရေးတောင့်တမှုပဲ ဖြစ်ပါသည်။

တစ်နိုင်ငံလုံး အခြေအနေအရ သူပုန်သူကန်ငြိမ်ဝပ်ပိပြားမှုရှိသော်လည်း ယနေ့ရန်ကုန်မြို့တော်အနေဖြင့် ဥပဒေစိုးမိုးမှုနှင့် အေးချမ်းသာယာရေးတွင် လိုအပ်ချက်များ ရှိနေသေးသည်။ ဒါကလည်း ဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး ကိစ္စတွင် တာဝန်ရှိဌာနအဖွဲ့အစည်းများဖြစ်သည့် အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ရဲ၊ တရားရေး၊ ဥပဒေစသည့်ဌာနများတွင် ချို့ယွင်းချက်များရှိနေသေး၍ ဖြစ်ပါသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့်အပတ် ဂျာနယ်တစ်စောင်တွင် နိုင်ငံဝန်ထမ်းများ ကရုဏာလက်ဖြင့် ကူညီပါဆိုပြီး မြို့နယ်ဥပဒေတာဝန်ရှိသူတစ်ဦးက ကားတိုက်ခံရသည့် ကာယကံရှင်ကို ကူညီမှုမပြုသည့်အပြင် အပဲ့အပဲ့ ... အဟိန်းအဟောက်ခံရသလိုမျိုးမှာ ယနေ့အချိန်တွင် မရှိသင့်တော့ကြောင်း တင်ပြလိုပါသည်။

ကျွန်တော်အထက်တွင် တင်ပြသလို ပြည်သူများ၏ စားဝတ်နေရေးကိစ္စကိုလည်း ယခုအခါ နိုင်ငံတော်သမ္မတဦးဆောင်ပြီး တိုင်းပြည်၏ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်၍ မရေးသားလိုတော့ပါ။

ယခုဆက်လက်တင်ပြလိုတာက ပြည်သူတို့၏ နေ့စဉ်ဘဝတွင် ဆောင်ရွက်ရသည့် ကိစ္စအဝဝအဆင်ပြေ ချောမွေ့ရေးဖြစ်ပါသည်။ ဒါကို ဘာကြောင့် ရေးရသလဲဆိုပါက ပြည်သူအနေနဲ့ အဆင်ပြေချောမွေ့မှုမရှိတာတွေ များလာသည့်အခါ နိုင်ငံတော်အစိုးရ၏ ပုံရိပ်(Image) ကို ထိခိုက်လာနိုင်ပါသည်။

ယနေ့ အကြွေးရှားပါးမှု၊ တန်ဖိုးနည်းပိုက်ဆံများ ဟောင်းနွမ်းပျက်စီးမှု၊ မော်တော်ယာဉ်များ ဓာတ်ဆီတန်းစီရမှုများ၊ လာဘ်ပေး

လာဘ်ယူမှုများသည် အစိုးရပုံရိပ်ကို ထိခိုက်စေသောအရာများ ဖြစ်ပါသည်။ အသေးအဖွဲဟု သဘောထား၍မရပါ။ ပြည်သူများ အများဆုံးဆက်ဆံရသော စည်ပင်၊ အခွန်၊ လဝကစသည့် နေ့စဉ်ထိတွေ့ရသော ဌာနများအနေဖြင့် ပိုမိုဂရုပြုစေတနာထား ဆောင်ရွက်နိုင်ရန် အဆင့်ဆင့်ကြီးကြပ်မှုပြုပေးဖို့လိုပါသည်။

ယနေ့ ကျွန်တော်တို့စနစ်က ကျွန်တော့်အမြင် တင်ပြရလျှင် ဌာနဆိုင်ရာတိုင်း၊ အဖွဲ့စည်းကိုင်းတွင်.....

- ရုပ်ပြကောင်းအောင် လုပ်နေခြင်း
- မလိုလားအပ်ဘဲ စာရွက်စာတမ်း (Paper Work)များနေခြင်း
- အထက်က အောက်သို့သာ ညွှန်ကြားပြီး အောက်ခြေတင်ပြမှုအားနည်းခြင်း၊ အောက်ခြေက တင်ပြလျှင်လည်း အချို့ဌာနအကြီးအကဲ တာဝန်ရှိသူများက လက်မခံခြင်း၊
- ဝီနည်းလွတ်၊ ကိုယ့်တာဝန်ကင်းအောင် ခေါင်းရှောင်ခြင်း (မလုပ်၊ မရှုပ်၊ မပြုတ်)
- ဝန်ထမ်းအများစုက ရရှိသည့်ဝင်ငွေနှင့် စားဝတ်နေရေး မဖူလုံခြင်း၊ ရာထူးတက်လမ်းပိတ်ခြင်းကြောင့် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းခြင်းနှင့် စေတနာမထားခြင်း၊ တာဝန်မကျေပွန်ခြင်း၊
- ဌာနဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ အမိန့်ညွှန်ကြားစာများသည် ပြရုပ်သာဖြစ်ပြီး အာဏာမတည်ခြင်း၊ (ဥပမာ-အမှိုက်မပုံရ ပုံလျှင် ဒဏ်ငွေ ၁၀၀၀၀ိ/- ပုံ ရဝတ ဟု ဆိုင်းဘုတ်အောက်တွင် အမှိုက်ပုံဟည်းနေခြင်း၊ ဈေးမရောင်းရ စည်ပင်ဆိုင်းဘုတ်အောက်တွင် ဈေးရောင်းနေခြင်း၊ ပြီးခဲ့သောရက်က နေပြည်တော်သွားရာတွင် နေပြည်တော်လမ်းတစ်လျှောက် အဝေးပြေးလမ်းမပေါ် ဆိုင်ကယ်မစီးရ စီးလျှင်ပြင်းထန်စွာ အရေးယူမည် ဆိုင်းဘုတ်

အောက်တွင် ဆိုင်ကယ်များ စည်းကမ်းမဲ့စီးနေပါသည်။ မည်သူ မှုအရေးမယူပါ။)

- ပြဿနာကို အကျိုးအကြောင်း နိုင်နိုင်လုံလုံ မလေ့လာဘဲ၊ ဖြစ် လာမည့်အကျိုးဆက် မစဉ်းစားဘဲ လတ်တလော ပြေလည်ရုံ ဖြေရှင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နေခြင်း (ဥပမာ ဓာတ်ဆီ လျှော့ချခြင်းကိစ္စမျိုး) စသည်များကို တွေ့ရမည်ဖြစ်ပါသည်။

ဒါတွေကို ကျွန်တော်တင်ပြခြင်းမှာ ကျွန်တော်တစ်ဦးတည်း အတွေ့အကြုံမဟုတ်ပါ။ အဲဒီဌာနတွေကို ရောက်ဖူးသူတိုင်း၊ ဆက်ဆံ ဖူးသူတိုင်း သိရှိမည်ဖြစ်ပါသည်။

ဒါကြောင့် နိဂုံးချုပ်အနေဖြင့် ကျွန်တော်သည်လည်း ပြည်သူထဲ က ပြည်သူတစ်ဦးအနေဖြင့် မိမိရဲ့တွေ့ရှိချက်များကို ပြုပြင်စေလိုသော စေတနာမှန်ဖြင့် အပြုသဘောဆောင် တင်ပြအပ်ပါသည်။

## ရှော့ခ်ဖြစ်ရတဲ့ သတင်းများ

ကျွန်တော်တို့သည် ယခုဆို အပတ်စဉ်ထုတ် ဂျာနယ်စာစောင်များကို နေ့တိုင်းလို ဝယ်ယူဖတ်ရှုပါသည်။ ယခင်ကလည်း ဖတ်တော့ဖတ်သည်။ သို့ပေမယ့် ငွေကြေးအခြေအနေကြည့်ပြီး တစ်ပတ်တစ်စောင်နှစ်စောင်လောက်သာ မိမိကြိုက်တာ ဝယ်ဖတ်ပါသည်။

ယခုတလော ဖတ်ရှုရသော သတင်းများမှာ ဖတ်ရုံ၊ သိရုံ၊ ဗဟုသုတရရုံ သတင်းသဘောသာ ဖတ်ရှုရမည့် သတင်းများထက် ကျွန်တော့်နှလုံးခုန်စေသော မိဘရင်တစ်ဦးအနေနဲ့ဖြစ်ဖြစ်၊ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ဖြစ်ဖြစ် အလေးထားစရာသတင်းများ ဆက်တိုက်ဖတ်ရှုနေရပါသည်။ ကျွန်တော်တို့မိဘများ၊ တာဝန်ရှိသူအဆင့်ဆင့်ရော ကျွန်တော်ကဲ့သို့ အလေးထားမိစေရန် တင်ပြလိုပါသည်။

ပထမဦးစွာ တင်ပြလိုတာက ဂျာနယ်များတွင် ဖော်ပြထားသော ဒဂုံမြို့နယ်ရှိ ဟိုတယ်တစ်ခုကို ဝင်ရောက်လုယက်မှု ဖြစ်ပါသည်။ လုယက်မှုဖြစ်တာ မဆန်းသော်လည်း ကျူးလွန်သူများမှာ ဆယ်ကျော်သက်ဖြစ်နေတာကိုတော့ ကျွန်တော်အံ့ဩမိပါသည်။

ဆယ်ကျော်သက်အရွယ်ဆိုသည်မှာ အထက်တန်းကျောင်းသားအရွယ်ဖြစ်ပါသည်။ ကျွန်တော်တို့ငယ်ငယ်ကဆို ဒီအရွယ်က ဆော့ကောင်းတုန်းအရွယ် ဖြစ်ပါသည်။ ဒါကြောင့် ဒီလိုငယ်ငယ်ရွယ်ရွယ်

နဲ့ ပြစ်မှုကြီးတစ်ခု ကျူးလွန်တာကို ကျွန်တော်တို့သတိမထား၍ မရ တော့ပါ။ ပေါ့ပေါ့တန်တန်ထား၍မဖြစ်ပါ။ ဘာကြောင့် ကျူးလွန်ရ သလဲ၊ သူတို့လေးတွေက ဘယ်အသိုင်းအဝိုင်းကလဲဆိုတာကို တာဝန် ရှိသူများ၊ မိဘရှင်များအနေနဲ့ လေ့လာသုံးသပ်ပြီး ကျွန်တော်တို့တစ်ခုခု တော့ ဆောင်ရွက်ကြရတော့မည်ဖြစ်သည်ကို အလေးအနက် ထောက် ပြလိုပါသည်။

တစ်ဆက်တည်း နောက်သတင်းတစ်ပုဒ်တွင် တည်းခိုခန်းသို့ အချိန်ပိုင်းလာရောက် တည်းခိုသူစုံတွဲများတွင် အသက် ၁၈ နှစ်မပြည့် သေးသော လူငယ်စုံတွဲများ လာရောက်ကြောင်း သတင်းဖြစ်ပါသည်။ ဒါကိုလည်း ကျွန်တော်တို့ပတ်ဝန်းကျင်တွင် အမှုမဲ့အမှတ်မဲ့နေ၍ မဖြစ် ပါ။ အားလုံးမြင်ရ၊ တွေ့နေရပါသည်။ ဘတ်စ်ကားပေါ်၊ ပန်းခြံ၊ စူပါမားကက်များတွင် အချို့သောလူငယ်စုံတွဲများမှာ ၁၈ နှစ်အောက် ခန့်ရှိသော အတွဲများသာ ဖြစ်ပါသည်။

ကျွန်တော်သည် သန်လျင်တွင်ခြံရှိ၍ တစ်ပတ်တစ်ခေါက် နှစ်ခေါက်လောက် ရန်ကုန်ကသွားပါသည်။ ကျွန်တော်ဘတ်စ်ကား စီးတိုင်း မြင်နေကျကတော့ သန်လျင်သို့သွားသော ကျောင်းသားအများ စုမှာ အတွဲများဖြစ်နေပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကားပေါ်တွင် မြင်ရတွေ့ရသည်မှာ မိဘရှင်တစ်ဦးအနေနှင့် ရင်နာရပါသည်။ သန်လျင်ကျောက်တန်းကားစီးသူတိုင်း မြင်တွေ့ဖူးမှာဖြစ်ပါသည်။ မိဘ များကတော့ ကျောင်းသွားသည်ဟု ရိုးရိုးသားသားပဲထင်မည်။ သူတို့ ကတော့ ကားပေါ်မှာ မရှက်မကြောက် နေထိုင်ပြုမူကြသည်မှာ ယိုသူ မရှက် မြင်သူရှက်ကိန်း ဖြစ်နေပါသည်။ ထို့အပြင် ကျွန်တော်သိရ သောသတင်းအရ ကျောင်းအနီးပတ်ဝန်းကျင် ဘော်ဒါဆောင်များသည် အချိန်ပိုင်းငှားရမ်းအသုံးပြုခွင့်ရကြောင်း သိရပါသည်။ ဒါကိုအလေး

အနက် ဟန့်တားစေလိုပါသည်။

နောက်တစ်ချက်က ကျွန်တော်သည် မိတ်ဆွေများနှင့် တစ်ခါ တစ်ရံ ဘီယာဆိုင်ထိုင်ပါသည်။ ထိုအခါ အသက်ငယ်ငယ်ရွယ်ရွယ် နှင့် ဘီယာအရက်သောက်သူ လူငယ်များတွေ့ရပါသည်။ နိုင်ငံခြား မှာက အသက် ၁၈ နှစ်အောက် မရောင်းရသတ်မှတ်သည်ဟု ကြား ဖူးပါသည်။ ဒီမှာက အသက်လည်းကန့်သတ်ချက်မထား၊ တားမည့် သူလည်းမရှိ၊ အုပ်ထိန်းသူများကလည်း ဂရုမထားတော့ ငယ်ငယ်ရွယ် ရွယ်နှင့် ဘီယာဆိုင်များမှာ တွေ့မြင်နေရသည်မှာ ရင်နာဖွယ်ဖြစ်ပါ သည်။ အချို့မိန်းကလေးများဆို ပြောင်ပြောင်တင်းတင်း သောက်နေပါ သည်။

ဒါတွေကို ပြန်သုံးသပ်ရင်း ဒီလိုကလေးတွေ ပျက်စီးရခြင်းမှာ စနစ်ကြောင့်လား၊ လူကြောင့်လား၊ ဘာချို့ယွင်းချက်ကြောင့် ဒီလို ပျက်စီးရသလဲ မပြောတတ်ပါ။ ဒါတောင် ကျွန်တော့်လို အဘိုးကြီး က လူငယ်များပျော်ပါးရာ နိုက်ကလပ်၊ ကာရာအိုကေ၊ စတိတ်ရှိုး များကို မရောက်ဖူး၍မသိပါ။ အဲဒီမှာတော့ ဘယ်လောက်ပျက်စီးသလဲ ဆိုတာ သွားဖူးသူများပဲ သိမည်ဖြစ်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က မူလတန်းတွင် ပြည်သူ့နီတိသင်ရပါ သည်။ မိဘဝတ်၊ ဆရာဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ် စသည့် ဝတ်ငါးပါး၊ အခြေခံဘာသာရေးများ၊ လူမှုနယ်ပယ်တွင် နေထိုင်ကျင့် ကြံရမည့် နီတိများကို သင်ယူရပါသည်။ ယခုတော့ ကျောင်းကလည်း မသင်၊ မိဘကလည်း စား၊ ဝတ်၊ နေရေးအတွက် ရုန်းကန်နေရတော့ ကလေးတွေက ဖြစ်ချင်တိုင်းဖြစ်နေကြပါသည်။ တချို့ကျောင်းစိမ်းနဲ့ အတွဲများကိုလည်း မြင်တွေ့နေရပါသည်။

အထက်ပါ လုယက်မှုကျူးလွန်သူ လူငယ်များကို လေ့လာ

ကြည့်တော့ ဂျာနယ်မှာပါသည့် သတင်းများအရ ကလေးကချေ ကလေးများမဟုတ်ပါ။ ဒီဟိုတယ်ကို ဝင်ထွက်ဖူးသူများဟု သိရပါသည်။ ဒါကြောင့် သူတို့အသိုင်းအဝိုင်းတစ်ခုကတော့ လူချမ်းသာထဲက မဟုတ်သည့်တိုင် လူလတ်တန်းစား အသိုင်းအဝိုင်းကဖြစ်မည်ဟု ကျွန်တော်ခန့်မှန်းမိပါသည်။ ဒါကြောင့် ဒီကလေးတွေ ဘာကြောင့် ကျူးလွန်ရလဲ၊ နောင်ဒီလိုမဖြစ်အောင် ဘယ်လိုဟန့်တားမလဲဆိုတာတွေကို လေးလေးနက်နက်ထားဖို့ သက်ဆိုင်ရာများကို တိုက်တွန်းလိုပါသည်။

ရန်ကုန်မြို့လယ်ကောင်လိုနေရာမျိုးမှာ နေ့ခင်းကြောင်တောင် လုယက်မှုကြီး ကျူးလွန်တာကို မဟန့်တားနိုင်လျှင် နောင်ဒီအရွယ်နဲ့ နိုင်ငံခြားမှာလို လူသတ်မှုမဖြစ်နိုင်ဘူးလို့ ဘယ်သူအာမခံရဲမှာလဲ။ ကျွန်တော်တို့အားလုံး တာဝန်ရှိလာပြီ ဖြစ်ပါသည်။

ယခုအခါ ဘာသာရေးနယ်ပယ်မှ ဆရာတော်အရှင်ဆေကိန္ဒလို ပုဂ္ဂိုလ်မျိုးတွေက လူငယ်ယဉ်ကျေးမှုသင်တန်းများ၊ ဘာသာရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ အခြားဘာသာရေးအဖွဲ့အစည်းများက ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်ရုံဖြင့်မလုံလောက်ပါ။ စာသင်ကျောင်းများကအစ ယဉ်ကျေးလိမ္မာစေရန် ပြည်သူ့နီတိလို ဘာသာမျိုးထည့်သွင်းသင်ကြားဖို့ လိုအပ်လာပြီဖြစ်ကြောင်း ရေးသားရပါသည်။

မူလတန်း၊ အလယ်တန်းကတည်းက သူတို့စိတ်ဓာတ်ကို ပြုပြင်ဖို့ ကျွန်တော်တို့လို ဗုဒ္ဓဘာသာနိုင်ငံတစ်ခုအနေဖြင့် လိုအပ်ပါသည်။ သို့မဟုတ်ပါက ဆယ်ကျော်သက်နဲ့ လူသတ်မှုကျူးလွန်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ အုပ်စုဖွဲ့ရမ်းကားခြင်း စသော အနိဋ္ဌာရုံဆိုးများ မလွဲမသွေ ပေါ်ပေါက်နိုင်ကြောင်း သတိပေးရေးသားအပ်ပါသည်။

ကျွန်တော်ဤဆောင်းပါးရေးနေစဉ် ထွက်ရှိသည့် ဂျာနယ်စာ

ဆောင်တွင်လည်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အပေါင်ဆိုင်တစ်ခုတွင် လူငယ်လေးဦး ဝင်ရောက်လုယက်ကြောင်း သတင်းပါရှိပါသည်။ အဆိုပါ လူငယ်များမှာလည်း အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များဖြစ်နေသည်ကို အံ့သြစွာတွေ့ရှိရပါသည်။ ဒါကြောင့် ယခုလို နိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကြီးမှာ ဝင်ရောက်လုယက်မှုကြီးများကို လူငယ်များကျူးလွန်နေကြသည်မှာ ကျွန်တော်အထက်က တင်ပြသလို မိဘရှင်ပြည်သူများကရော တာဝန်ရှိသူအဆင့်ဆင့်ကပါ အထူးအာရုံစိုက်ဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း အလေးအနက် ရေးသားရပါသည်။

# ပစ်စာ ၊ တိုင်စာ

ပစ်စာ၊ တိုင်စာဟုဆိုလျှင် လူတိုင်းသဘောပေါက်ကြပါသည်။ သို့သော် ပစ်စာနှင့်တိုင်စာတွင် အကျိုးသက်ရောက်မှု မတူညီခြင်းကိုတော့ လူတိုင်းသိချင်မှသိရှိမည်ဖြစ်ပါသည်။ ကျွန်တော်တို့သဘောပေါက်ထားသည်က ပစ်စာဆိုသည်မှာ လူပုဂ္ဂိုလ်အဖွဲ့အစည်းဌာနဆိုင်ရာတစ်ခုခုကို တိုင်ကြားသူက အမည်မခံဘဲ အမည်ဝှက်၊ အမည်လွှဲတို့ဖြင့် တိုင်ကြားခြင်းဖြစ်ပြီး၊ တိုင်စာမှာမူ တိုင်ကြားသူကိုယ်တိုင်အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာနှင့်တကွ တိတိကျကျတိုင်ကြားခြင်းဖြစ်သည်ဟု သဘောပေါက်ကြပါသည်။

ထို့ကြောင့်ပင် ပစ်စာတိုင်းသည် မှန်ကန်မှုရှိချင်မှရှိမည်ဖြစ်ပြီး ပုဂ္ဂိုလ်ရေးအာဃာတ၊ ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက်ကြောင့် တိုင်ကြားခြင်းဖြစ်သလို အတိုင်ခံရသူ သိက္ခာကျစေလိုသော ရည်ရွယ်ချက်များဖြင့် တိုင်ကြားခြင်းဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ယခင်အစိုးရအဆက်ဆက် ကျွန်တော်တို့လူနေမှု ပတ်ဝန်းကျင်တွင် ခေတ်စနစ်တွေ ဘယ်လိုပင်ပြောင်းပြောင်း ပစ်စာ၊ တိုင်စာဟူသည် လူရှိနေသမျှ ရှိနေမည်သာဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကျွန်တော်ကိုယ်တိုင်နှင့် ကျွန်တော့်ပတ်ဝန်းကျင်တွင် တွေ့မြင်သိရှိမှုများကို အခြေခံကာ ပစ်စာ၏ဆိုးကျိုးကိစ္စများကို အဓိကထားရေးသားသွားမည်ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်တိုင် လူတစ်ယောက်နှင့်တစ်ယောက် ပုဂ္ဂိုလ်ရေးအာဃာတကြီးခြင်း၊ ခွင့်မလွှတ်နိုင်ခြင်း၊ သည်းခံမှုမရှိခြင်း၊ တစ်ဖက်လူကြီးပွားလျှင် မန္တရီယစိတ်ဝင်၊ မနာလိုခြင်းစသော ဆိုးကျိုးတရားများသည် အချို့သောပုဂ္ဂိုလ်များတွင် ကိန်းအောင်းလျက်ရှိပါသည်။ ဒါကြောင့်ပင် တစ်ဖက်လူကို ပြောင်ပြောင်တင်းတင်း မတိုက်ခိုက်နိုင်သောအခါ လက်သီးပုန်းထိုးသလို နောက်ကွယ်မှ ပစ်စာ၊ တိုင်စာများ ပေးပို့တတ်ကြသည်မှာ အလေ့အထလို ဖြစ်နေပါသည်။

ဤနေရာတွင် ကျွန်တော့်အတွေ့အကြုံတင်ပြရပါက ကျွန်တော်သည် ယခင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က မြို့နယ်အဖွဲ့အစည်းတစ်ခုတွင် အချိန်ပြည့်ထမ်းဆောင်ဖူးပါသည်။ ကျွန်တော်ထမ်းဆောင်သော အဖွဲ့အစည်းတွင် အောက်ခြေမှ မကျေနပ်ချက်များကို ကျွန်တော်တို့မြို့နယ်သို့ တိုင်ကြားလာသည့်အခါ ကျွန်တော်သည် အဖွဲ့ခေါင်းဆောင်အနေဖြင့်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လစဉ်ဖြေရှင်းဆောင်ရွက်ရပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပစ်စာဖြင့် တိုင်ကြားသောကိစ္စများတွင် ကိုးဆယ်ရာခိုင်နှုန်းမှာ အမှန်ဖြစ်သောကိစ္စရပ်များမဟုတ်ဘဲ ကျွန်တော်အထက်က တင်ပြသလို လူပုဂ္ဂိုလ်ချင်းမတည့်ခြင်း၊ အတိုင်ကြားခံရသူ သိက္ခာကျစေသော ရည်ရွယ်ချက်ဖြင့် တိုင်ကြားခြင်း၊ လိမ်လည်တိုင်ကြားခြင်း၊ အဖြစ်မှန်ထက် ပုံကြီးချဲ့တိုင်ကြားခြင်းကိစ္စများသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့မြို့နယ် အဖွဲ့အစည်းက ပုဂ္ဂိုလ်များလည်း အချိန်ကုန်လူပန်းနှင့် အရာမရောက်သော ကိစ္စများကိုသာ ဖြေရှင်းရပါသည်။ ဒါကြောင့် အဖွဲ့အစည်း၏ အမှုဆောင်အစည်းအဝေးထိုင်ကာ၊ တိုင်စာကိုသာဖြေရှင်းရန်၊ ပစ်စာကိုအရေးယူဆောင်

ရွက်ခြင်းမပြုရန်ဟု အများသဘောတူဆုံးဖြတ်ပြီး ပစ်စာကိုဖိုင်တွဲ၍ပင်ထားလိုက်ပါသည်။

ဒါက ဟိုယခင်ကအတွေ့အကြုံဖြစ်ပါသည်။ ယခုလည်း ကျွန်တော့်ပတ်ဝန်းကျင်တွင် ဒီလိုကိစ္စမျိုးတွေ တွေ့ရှိနေရပါသည်။ ကျွန်တော့်အနေဖြင့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများတွင်တော့ ပစ်စာ၊ တိုင်စာကိစ္စ မည်ကဲ့သို့ဖြေရှင်းသည် မသိရသော်လည်း ပညာရေးဌာနတွင်မူ ပစ်စာကိစ္စကြောင့် ဌာနဆိုင်ရာလုပ်ငန်းများ ထိခိုက်နေတာအမှန်ဖြစ်သည်ကို တင်ပြလိုပါသည်။

ကျွန်တော့်အနေဖြင့် ပညာရေးဌာနကိစ္စကို သိရှိရခြင်းမှာ ကျွန်တော်၏ သားသမီးသုံးဦးတွင် နှစ်ဦးမှာတစ်ဦးကနယ်တွင် အထက်တန်းကျောင်းအုပ်ဖြစ်ပြီး၊ ကျန်တစ်ဦးက မြို့ပေါ်တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့မှတစ်ဆင့် သိရှိရေးသားရခြင်းဖြစ်ပါသည်။

ကျွန်တော့်သမီးနယ်မှ ကျောင်းအုပ်ဆရာမကြီးမှာ ပစ်စာ၊ တိုင်စာကိစ္စကို မကြာခဏ ဖြေရှင်းနေရပါသည်။ သူကိုယ်တိုင်လည်း အတိုင်ခံရသလို သူ၏ဆရာ၊ ဆရာမကိစ္စများကိုလည်း သူဖြေရှင်းနေရပါသည်။ အထူးသဖြင့် တိုင်စာမဟုတ်ဘဲ ပစ်စာများကိုသာ ရှင်းရရာတွင် အဖြစ်မှန်မဟုတ်ဘဲ အထက်ကတင်ပြသလို ပုံကြီးချဲ့ခြင်း၊ လန်ကြွတ်ရေးသားခြင်း၊ ပုဂ္ဂိုလ်ရေးအာဃာတဖြင့် တိုင်ကြားခြင်းများသာဖြစ်၍ နေပါသည်။ တစ်ဖန်တိုင်းဒေသကြီး၊ မြို့နယ်များမှလည်း သူတို့ထံပစ်စာရောက်က လာရောက်ပြီးအလုပ်ပျက်၊ အကိုင်ပျက်၊ ငွေကုန်လူပန်းဖြေရှင်းနေရသည်မှာ ပစ်စာများကြောင့် ဖြစ်ပါသည်။

ဆရာ/ဆရာမ အချင်းချင်း မတည့်ခြင်း၊ တပည့်အားဆုံးမရာတွင် မကျေနပ်သောမိဘမှ တိုင်ကြားခြင်း၊ ကျောင်းအုပ်ကြီးမှ လုပ်ငန်း

နှင့်ဆိုင်ရာကိစ္စတွင် အဆူခံရသော ဆရာ၊ ဆရာမမှ မကျေနပ်၍တိုင်ကြားခြင်းများကိုသာ တွေ့ရှိရပါသည်။

တိုင်းဒေသကြီးမှ စစ်ဆေးရေးအဖွဲ့ဆိုလျှင် ကျွန်တော့်သမီး ထမ်းဆောင်နေသော ကျောင်းအရောက် တစ်နေ့တာခရီးလာရပြီး အချိန်ကုန်၊ ငွေကုန်၊ လာသည့်အဖွဲ့ကို ဧည့်ခံရနှင့် အလုပ်ရှုပ်ကြပြီး မိမိတို့မူလအလုပ်အကိုင်များ ပျက်ရပါသည်။ ပစ်စာမှာ မမှန်မကန် ဖြစ်နေတော့ အလဟဿ အချိန်ဖြုန်း လုပ်အားဖြုန်းတီးရာ ရောက်ရပါသည်။

ကျွန်တော့်သမီး၏ လက်အောက်တွင် အခြား အထက(ခွဲ) ကျောင်းများရှိရာ ထိုကျောင်းများရှိ ကျောင်းအုပ်ကြီးများမှာလည်း မလုပ်ရဲမကိုင်ရဲနှင့် ဘယ်တော့အတိုင်ခံရမလဲ ကြောက်နေရပါသည်။ လောလောဆယ် အတိုင်ခံရပြီဆိုလျှင် ကာယကံရှင်မှာ သိက္ခာကျရပါသည်။ ကိစ္စမှန်မမှန်က နောက်မှလာပါသည်။

ဒါကြောင့် ကျွန်တော်ရေးသားလိုသည်မှာ ပညာရေးဌာန အပါအဝင် အာဏာပိုင်အဖွဲ့အစည်း၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် ကာယကံရှင်တိုင်ကြားသူ ကိုယ်တိုင် အမည်လိပ်စာဖော်ပြလျက် အဖြစ်မှန်တိုင်စာများကိုသာ လက်ခံဖြေရှင်းမှုပြုပြီး၊ အမည်ဝှက်၊ အမည်လိမ်များဖြင့် လုပ်ကြံတိုင်စာ (ပစ်စာ)များကိုတော့ ဖြေရှင်းဆောင်ရွက်ဖို့မသင့်ကြောင်း အကြံပြုရေးသားရပါသည်။

## ဘတ်စ်ကားနှင့် ယနေ့ကြုံတွေ့နေရသောဒုက္ခ

ရန်ကုန်မြို့ရှိ ကိုယ်ပိုင်ကားမစီးနိုင်သူများအဖို့ နေ့စဉ်ဘတ်စ်ကားများနှင့် မကင်းနိုင်သည်မှာ ရန်ကုန်မြို့နေလူအများစု၏ ဒုက္ခဖြစ်ပါသည်။ ထိုသို့ မကင်းနိုင်သော်လည်း ဘတ်စ်ကား၏ ဒုက္ခပေးမှုမှာ တစ်ခုပြီးတစ်ခုဖြစ်နေပါသည်။ ဒါကိုလည်း သက်ဆိုင်ရာပုဂ္ဂိုလ်များ မသိ၍မပြုပြင်တာလား၊ သိပါလျက် စနစ်လွဲနေသလားဆိုတာ ကျွန်တော်နေ့စဉ် ဘတ်စ်ကားစီး တစ်ဦးအနေဖြင့် သိချင်၍ ယခုဆောင်းပါး ရေးသားရခြင်းဖြစ်ပါသည်။

ကျွန်တော်သည် နိဝင်ဘာလဆန်းက ပင်စင်ထုတ်ပြီး မြို့တွင်းမှ ကျွန်တော်နေထိုင်ရာ သဃ်န်းကျွန်းသို့ ပြန်လာပါသည်။ (၃၉)ဘတ်စ်ကားကြီးစီးလာခဲ့ပါသည်။ ထိုသို့ပြန်လာရာ ညနေရုံးဆင်းချိန်ဖြစ်၍ လူလည်းကြပ်ပြီး ဘတ်စ်ကားများ အပြိုင်အဆိုင်မောင်းခဲ့ကြပါသည်။ တစ်စီးနှင့်တစ်စီး အထူးကားရော၊ ဒိုင်နာကားတွေရော၊ မိုက်ပူကားရော၊ ဟီးနိုးရော အပြိုင်အဆိုင်မောင်းကြရာ တာမွေမှစ၍ ကျွန်တော်ဆင်းမည့် ဇဝနမှတ်တိုင်အထိ အဆိုးဆုံးဖြစ်ပါသည်။ လမ်းကောင်းသည့်လေးဒေါင့်ကန်လမ်းမကြီးပေါ်တွင် ကားမောင်းပြိုင်ပွဲ ကျင်းပသလိုဖြစ်ခဲ့ပါသည်။

အဲဒီအချိန် ကျွန်တော်ဆင်းမည့် ဇဝနမှတ်တိုင်နီးလေ ပိုဆိုးလာဖြစ်ရာ ကျွန်တော့်မှာ ဘုရားဂုဏ်တော်များသာ ရွတ်နေရပါသည်။ အဲဒီမှာမှတ်တိုင်တွင်လည်းကောင်း၊ ကြားနေရာများတွင်လည်းကောင်း၊ သက်မှတ်ရေးထိုးရန် ဂိတ်မှူးများနေရာတွင် အလုအယက်လက်မှတ်ရေးထိုးကာ ဗျာဗျာသလဲခရီးသည်များကို တွန်းချခြင်း၊ တွန်းတင်ခြင်းများပြုလုပ်နေသည်မှာ မှတ်တိုင်တိုင်းမှာ ဖြစ်ပါသည်။

ကျွန်တော့်မှတ်တိုင်အရောက်တွင် ဆင်းသူများ၍ ကျွန်တော်လိုအသက်(၆၀)ကျော် အဘိုးကြီးအတွက် နောက်ဆုံးမှဆင်းရန်အပြုတွန်းချခံရပြီး ကားလည်းမောင်း ထွက်သွားရာ ကျွန်တော်မှောက်လျက်သဲကာ ဒူးနှင့်လက်မောင်း စုတ်ပြတ်ကုန်ပါသည်။ သူတို့ကမောင်းထွက်သွားပြီဖြစ်ပါသည်။ နံပါတ်လည်း မမှတ်နိုင်ပါ။ ဘေးမှလူများက ထူပေး၍ ကျွန်တော်ထနိုင်ပြီး အိမ်ပြန်ရောက်ခဲ့ပါသည်။

ဒါက ကျွန်တော့်ကိုယ်တိုင် အတွေ့အကြုံပါ။ ကျွန်တော်စီးသော ဘတ်စ်ကားတိုင်းတွင် ခရီးသည်များကို တွန်းတင်၊ တွန်းချခြင်းပြု၍ခရီးသည်တိုင်း စိတ်ညစ်ရခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်းကိုမကြာခဏတွေ့ရပါသည်။ အချို့ခပ်စွာစွာ မိန်းကလေးဆို ကားပေါ်အတက် ပခုံးဖက်တင်ရာ ရန်လည်း မကြာခဏ ဖြစ်တာတွေ့ရဖူးပါသည်။

ယခင်က ဘတ်စ်ကားများတွင် အကြွေမအမ်းသည့်ကိစ္စမှာယခုအခါ နိုင်ငံတော်မှစီစဉ်ပေး၍ ခရီးသည်များ အထိုက်အလျောက်စိတ်သက်သာရာရချိန်တွင် ယခုကိစ္စက တစ်ဖန်ဒုက္ခပေးနေသည်။နေ့စဉ် ဘတ်စ်ကားစီးသူတိုင်း ကြုံတွေ့နေရပါသည်။

ယခု ဆောင်းပါးရေးနေချိန် ၉-၁၁-၁၁ နေ့ထုတ်ဂျာနယ်တစ်စောင်တွင် "ခရီးသည်တင်ကားများ ခေါက်ရေပြည့်မီရေးအတွက်

အပြိုင်အဆိုင် အလုအယက်မောင်းနှင်လာမှုကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုမှာ ယခင်ထက် ပိုမိုများပြားလာ" ဟူသော မျက်နှာဖုံး သတင်းတစ်ပုဒ်ပါရှိပါသည်။ ထိုသတင်းဖော်ပြချက်အရ သက်ဆိုင် ရာယာဉ်လိုင်းတွေက တစ်နေ့ဘယ်နှစ်ခေါက်နှုန်းဖြင့် ခေါက်ရေပြည့် ရန် အပြိုင်အဆိုင်မောင်းခြင်း၊ ဂိတ်တာလွှတ်ချိန်စနစ်မကျ၍ ကပ်၍ လွှတ်ခြင်း၊ အချိန်ကွာ၍လွှတ်ခြင်းများပြု၍ တစ်စီးနှင့်တစ်စီး အပြိုင် အဆိုင်မောင်းခြင်းဟူသော သတင်းကိုဖတ်ရတော့ ပိုမိုပြီးအံ့သြတုန် လှုပ်မိပါသည်။ တာဝန်ရှိသူများ စနစ်မကျတော့ ခရီးသည်များ ဒုက္ခ ရောက်ရပါလားဟု ဘုရားတမိပါသည်။

ကျွန်တော် Popular News ဂျာနယ်တွင်ပင် ဆောင်းပါးတစ်ပုဒ် ရေးဖူးပါသည်။ ယင်းဆောင်းပါးတွင် ဘတ်စ်ကားစီးဖူးမှ ဘတ်စ်ကား ဒုက္ခသိသလို၊ မြို့ပတ်ရထားစီးဖူးမှ ရထားဒုက္ခသိမည်။ ကိုယ်ပိုင်ကား စီးသူကတော့ ဒီဒုက္ခတွေသိမည်မဟုတ်ပါ။ ဒါကြောင့် တာဝန်ရှိသူ များဘတ်စ်ကား တစ်ခါတလေစီးပြီး ဘတ်စ်ကားစီးသူများရဲ့ နေ့စဉ် ဒုက္ခကို မျှဝေခံစားကြည့်စေချင်ပါသည်။ သို့မှသာအဖြစ်မှန်သိပြီး ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ဘတ်စ်ကားအပြိုင်အဆိုင်မောင်းခြင်း၊ ခရီးသည်များကို ရေးကြီး သုတ်ပျာတွန်းချခြင်း၊ တွန်းတင်ခြင်းကိစ္စရပ်များကို ဖြေရှင်း၍မရသော ကိစ္စများမဟုတ်ဟု ကျွန်တော်သဘောပါသည်။ မဖြေရှင်း၍သာ ဖြစ် ပေါ်နေခြင်းဟု ယူဆပါသည်။ ကျွန်တော်ဉာဏ်မီသလောက် တင်ပြ ရလျှင် ဂိတ်ကလည်း အချိန်နှင့်အတိအကျလွှတ်မည်။ ကြားစစ်ဆေးသူ ဂိတ်မှူးများကလည်း အချိန်နှင့်အတိအကျ မှတ်တမ်းတင်မောင်းခွင့် ပြုခြင်း၊ ပထမကားထက် အချိန်စော၍ကျော်တက်လာသည့်ကားများ ကို အတိအကျအပြစ်ပေးအရေးယူမှုပြုပါက ဘတ်စ်ကားများ စည်း

ကမ်းရှိပြီး ယခုလိုယာဉ်တိုက်မှု၊ ခရီးသည်များ အဆင်မပြေမှုများ လျော့နည်းမည်ဟု ယုံကြည်ပါသည်။ ဒါက ကျွန်တော့်ဉာဏ်မီသ လောက်တင်ပြခြင်းဖြစ်ပါသည်။ တာဝန်ရှိသူများက ဒီလုပ်ငန်းဦးစီး သူများဖြစ်နေ၍ ပိုမိုတတ်ကျွမ်းဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ခေါက်ရေ ကန့်သတ်နေခြင်းထက် ပိုမိုကောင်းမွန်သော စနစ်တစ်ခုပြုပြင်ရန်လည်း အမှန်လိုအပ်နေကြောင်း အကြံပြုပါသည်။

ဒါကြောင့် ရန်ကုန်မြို့နေ ပြည်သူများရဲ့ဒုက္ခကို တိုင်းဒေသကြီး အစိုးရနှင့် တိုက်ရိုက်တာဝန်ရှိသူများအနေဖြင့် ဘတ်စ်ကားဒုက္ခတစ်မျိုး ပြီးတစ်မျိုး မဖြစ်ပေါ်စေရန် ကြံဆောင်ပြီး ဆောင်ရွက်ပေးကြပါရန် အနူးအညွတ်ပန်ကြားရင်း ကျွန်တော့်ဆောင်းပါးနိဂုံးချုပ်အပ်ပါသည်။

## ထိရောက်စစ်မှန်သော ပြောင်းလဲရေး

ယနေ့အချိန်အခါသည် ဒီမိုကရေစီ အစိုးရသစ် ပြောင်းလဲဖော်ဆောင်ခဲ့သည်မှာ တစ်နှစ်ကျော်အချိန်အတွင်း ရောက်ရှိနေပြီဖြစ်ပါသည်။ ယခုကုန်ဆုံးခဲ့သော တစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတကာမှာရော ပြည်တွင်းမှပါ ဝေဖန်ထောက်ပြသည့် ကျယ်ကျယ်လောင်လောင်ကြားသိနေရသည့်မှာ "သမ္မတကြီးကသာ အပြောင်းအလဲဖြစ်နေပြီ။ အောက်ခြေမှာတော့ ဒုံရင်း၊ ဒုံရင်းပဲ။ သန့်ရှင်းသော အစိုးရ (Clean Government)နှင့် ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) ဟာ အပေါ်မှာပဲဖြစ်နေတာ။ အောက်ခြေကတော့ ယခင်အတိုင်းပဲ။ ဘာမျှမထူးခြားဘူး" ဟူသော အသံများကြားသိနေရပါသည်။

ဒါကလည်း မှန်တဲ့အချက် ဖြစ်နေတာကို ကျွန်တော်တို့နေ့စဉ်ကြုံတွေ့နေရတဲ့ ဘဝထဲက အဖြစ်အပျက်များက သက်သေခံနေတာတွေနေရပါသည်။ တရားစီရင်ရေးတွင် လာဘ်ပေးလာဘ်ယူ မပပျောက်ခြင်း၊ ဌာနဆိုင်ရာများတွင် ယခင်အတိုင်း ကြန့်ကြာမှု၊ မလိုအပ်ဘဲ အခက်အခဲဖြစ်ပေါ်မှု၊ အကျင့်စာရိတ္တ ပျက်ပြားမှုများ၊ ပညာရေးကျန်းမာရေးကိစ္စများလည်း အစိုးရသစ်မတက်မီ ယခင်ကအတိုင်း အခက်အခဲဖြစ်ပေါ်နေသည်များကို လေ့လာတွေ့ရှိရပါသည်။

ကျွန်တော်တို့ နေထိုင်ရာ ရှမ်းကုန်းတိုင်းဒေသကြီးဆိုလျှင် စည်ပင်သာယာကိစ္စ၊ ခရီးသည်ပို့ဆောင်ရေးကိစ္စ၊ ရထား၊ ကားအဆင်မပြေမှုများ၊ စီးပွားရေး၊ မြို့တော်အင်္ဂါရပ်နှင့်မညီသည့် လုံခြုံရေး၊ လမ်းစည်းကမ်း၊ လူစည်းကမ်း၊ လမ်းဘေးကျူးကျော်ဈေးသည်များ၊ သန့်ရှင်းသောမြို့တော်ဖြစ်ရေး ကိစ္စများမှာ နဂိုအတိုင်းပင်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒါကြောင့်ပင် နေ့စဉ်ထုတ်ဂျာနယ်များတွင် သတင်းများ၊ ဆောင်းပါးများက ယင်းချို့ယွင်းချက်၊ အားနည်းချက်များကို စတုတ္ထမဏ္ဍိုင်အနေဖြင့် တင်ပြနေသည်ကို နေ့စဉ်ဖတ်ရှုရမည်ဖြစ်ပါသည်။

ဒီနေရာတွင် ကျွန်တော့်အမြင်ကို တင်ပြရမည်ဆိုပါက အောက်ခြေများ၏ ပကတိအဖြစ်အပျက်များတွင် ကြီးကြပ်အုပ်ချုပ်နေသည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုနှင့် အကောင်အထည်ဖော်မှုမှာ ပြည်ထောင်စုအစိုးရတာဝန်ဖြစ်သလို ဒေသဆိုင်ရာ ကိစ္စများကို အကောင်အထည်ဖော်သူများမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ ဆောင်ရွက်အကောင်အထည်ဖော်မှုသည် လွန်စွာအရေးပါသော ကိစ္စဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရထက်မြက်လျှင် ထက်မြက်သလို ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်မှာ ဖွံ့ဖြိုးမှုရှိမည်ဖြစ်ပြီး ထက်မြက်မှုအားနည်းလျှင်လည်း ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်မှာ တိုးတက်မှုနှေးကွေးမည်ဖြစ်ပါသည်။

ယခုအခါ တွေ့နေရသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဆောင်ရွက်ရမည့် ကိစ္စများတွင် မကျေနပ်မှုများရှိနေပြီး

နေရာတကာ သမ္မတကြီးထံ တင်ပြနေသည်မှာလည်း မဖြစ်သင့်သော
ကိစ္စရပ်များ ဖြစ်ပါသည်။ ဥပမာ-ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း
ဈေးကိစ္စဆိုလျှင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ ၊၊ စည်ပင်
ဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြင့် ဆောင်ရွက်နေသည်မှာ
ယခုတိုင်ပြေလည်မှု မရှိသေးသည်ကို တွေ့ရပါသည်။ ဒီလိုမှ မကျေ
လည်နေလျှင် နောက်ဆုံးသမ္မတထံ တင်ပြလျှင် မဖြစ်သင့်သောကိစ္စ
ဖြစ်ပါသည်။ ဒါဟာဥပမာတစ်ခုပါ။

ထို့အတူ မထသက ကြီးကြပ်နေသော နေ့စဉ်လိုင်းကားများကိစ္စ၊
ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊
ရေကိစ္စ၊ မီးကိစ္စအပါအဝင် အားလုံးဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရ
အဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော ကိစ္စများသာ
ဖြစ်ပါသည်။

နောက်ဥပမာတစ်ခုအနေဖြင့် အထက်က ကျွန်တော်တင်ပြသလို
မထသကိစ္စဆိုလျှင် နေ့စဉ်နီးပါး ဂျာနယ်များတွင် ဖော်ပြပါရှိနေပါသည်။
ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပကတိအဖြစ်
မှန်သိရန် ကွင်းဆင်းလေ့လာပြီး ပြည်သူတွေရဲ့ အခက်အခဲကို ဖြေရှင်း
ပေးစေလိုပါသည်။ ယခုလက်ရှိ မထသအနေဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊
ထိရောက်သော စွမ်းဆောင်ရည်ရရှိရန် ပြုပြင်ပြောင်းလဲခြင်းများ လိုအပ်
လျှင် လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း တင်ပြပါသည်။
သို့မဟုတ်က ပြည်သူများ နေ့စဉ်ကြုံတွေ့ရသော ဒုက္ခမှလွတ်ကင်း
မည်မဟုတ်ပါ။

ယခု အစိုးရသစ် တက်စအချိန်က ရန်ကုန်တိုင်းဒေသကြီး
လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတစ်ပါး မြို့ပတ်ရထား ကိုယ်တိုင်စီး
ပြီး ကွင်းဆင်းလေ့လာသည်ကို အမှတ်ရပါသည်။ ယခုတော့ ဘာမျှ

ထပ်မကြားရတော့ပါ။ ကျွန်တော် ယခင် ဆောင်းပါးတစ်ပုဒ်တွင် ရေးဖူးသလို ကိုယ်ပိုင်ကားစီးသူကတော့ ဘတ်စ်ကားဒုက္ခ၊ မြို့ပတ်ရထားဒုက္ခများ သိရှိမည်မဟုတ်ပါ။ ဒါကြောင့် ကျွန်တော်အထက်က တင်ပြသလို ယခုအစိုးရသစ်တက်ပြီး တစ်နှစ်ကျော်ကာလအတွင်း အပြောင်းအလဲတွေ့ရသည်မှာ အထက်တွင်သာရှိပြီး အောက်ခြေများ တိုးတက်မှုမရှိဘဲ ဖြစ်နေသည်ကို သုံးသပ်ရမည်ဖြစ်ပါသည်။ ထစ်ကနဲ ရှိသမ္မတကြီးထံ တင်ပြတိုင်တန်းခြင်းများ ပြုလုပ်နေသည်မှာ ကောင်းသောအလေ့အထမဟုတ်ပါ။ သမ္မတကြီးမှာလည်း နိုင်ငံတကာကိစ္စ၊ တစ်နိုင်ငံလုံးရဲ့ကိစ္စတွေနဲ့ အလုပ်များနေပြီး အောက်ခြေကိစ္စကို တင်ပြလျှင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၂၅၀ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန် တာဝန်ရှိသည်" ဟု လည်းကောင်း၊ ပုဒ်မ ၂၆၂(ဌ)(၁)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်" ဟု လည်းကောင်း၊ (၂)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်"ဟု အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေက အတိအကျ ပြဋ္ဌာန်းပြီးဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရအား တာဝန်ခံပြီး ကိုယ်စားထိထိရောက်ရောက်

ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။ သို့မှသာ အောက်ခြေတွင် ပြောင်းလဲမှုများရှိမည်ဖြစ်ပါသည်။

နောက်တစ်ချက်က လွှတ်တော်အဆင့်ဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းသည့်ကိစ္စ ဖြစ်ပါသည်။ နောက်ဆုံးနေ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ မိန့်ကြားချက်အရဆိုလျှင် တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း (၅၀၀)ကျော် မေးမြန်းခဲ့သည်ဟု သိရှိရပါသည်။ အဲဒီမှာ ကျွန်တော့်အနေဖြင့် တင်ပြရလျှင် လွှတ်တော်ကိုယ်စားလှယ်အချို့၏ မေးမြန်းချက်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်တွင်သာ မေးမြန်းဖြေရှင်းရမည့် ကိစ္စများဖြစ်သည်ကို တွေ့ရပါသည်။ တန်ဖိုးရှိသော လွှတ်တော်အချိန်များ ကုန်ဆုံးရပါသည်။ နေရာတကာ ပြည်ထောင်စုလွှတ်တော်မှာတင်နေလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရများ၏ အခန်းကဏ္ဍများ ယုတ်လျော့ပြီး စွမ်းရည်ကျဆင်းနိုင်သည်ဟု ယူဆပါသည်။

ထို့ကြောင့် ယနေ့ဝေဖန်နေကြသလို အမှန်တကယ်လည်း ဖြစ်ပျက်နေသော ဒီမိုကရေစီ နိုင်ငံတော်သစ်နှင့် မကိုက်ညီသော အောက်ခြေအဆင့်ဆင့်၏ တိုးတက်သော ပြောင်းလဲမှုမရှိခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ထိထိရောက်ရောက် လျှာထားကြီးကြပ် အကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်ကြောင်း ထောက်ပြရေးသားရပါသည်။

## တာဝန်ရှိခြင်း၊ တာဝန်သိခြင်းနှင့် တာဝန်ယူမှု

လက်ရှိအစိုးရသစ်၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် နိုင်ငံတော်သမ္မတကြီးသည် ပြီးခဲ့သော မေလ ဒုတိယပတ်က နေပြည်တော်တွင် ကျင်းပသော "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး"တွင် တိုင်းပြည်၏အရေးတကြီးလိုအပ်ချက်များနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လိုအပ်ချက်များအတွက် လမ်းညွှန်မှာကြားချက်များကို နိုင်ငံပိုင်မီဒီယာများနှင့် ဂျာနယ်များတွင် ဖတ်ရှုရပါသည်။

ယင်းလမ်းညွှန်မှာကြားချက်များတွင် ကျွန်တော့်အနေဖြင့် အထူးသတိထားမိသည့်အချက်မှာ သမ္မတကြီးက "အဆင်းရဲဆုံး LDC နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းက ဥပဒေနဲ့အညီ အလုပ်လုပ်ဖို့ပါပဲ။ သင့်တင့်မျှတတဲ့ မူတွေကိုလည်း ချမှတ်ထားပါတယ်။ မူတွေမကောင်းရင် လူတွေမကောင်းနိုင်ပါဘူး။ တိုးတက်လိုတဲ့ အမြင်မရှိတဲ့ ရှေးရိုးစွဲတွေ၊ ခေတ်နောက်ပြန်ဆွဲတဲ့ လူတွေကိုတော့ နောက်မှာချန်ထားခဲ့ရပါမယ်။ ခေတ်စနစ်တွေပြောင်း

လဲနေပြီဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ဟန်ချက်ညီ စီးပွားရေးကဏ္ဍကို တွန်းတင်ရပါမယ်။ တစ်နှစ်ကုန်သွားပြီဖြစ်လို့ Second Wave တွန်းတင်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်" ဟူသော အချက်ကို ကျွန်တော်အထူးသတိထားမိပါသည်။ နိုင်ငံတော်သမ္မတကြီးက ရှင်းရှင်းလင်းလင်း တိတိကျကျပဲ မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

တစ်ဆက်တည်း ဒုတိယနေ့မှာ ကျင်းပတဲ့အစည်းအဝေးမှာ ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်းကလည်း "ဝန်ကြီးဌာနများ ပြောင်းလဲရာတွင် ဦးစီးဌာနများ ဖောင်းပွနေမှု ရှိ/မရှိ၊ လေလွင့်မှုရှိ/မရှိ ပြန်ကြည့်ရန်လိုအပ်ပြီး ညွှန်ကြားရေးမှူးချုပ်အဆင့်မှ အောက်ခြေအထိ ဆက်ဆံပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများကို ပြောင်းလဲရန်လိုအပ်ပါက ပြောင်းလဲရမည်" ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ဒီအချက်တွေက ဘာပြလဲဆိုတော့ သန့်ရှင်းသောအစိုးရ (Clean Government)နှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (Good Governance)ကို စတက်ခါစကပင် နိုင်ငံတော်သမ္မတကြီး ပြောကြားချက်များကို အကောင်အထည်ဖော်ရန် သမ္မတကြီးနှင့် ဒုတိယသမ္မတတို့က လုပ်ငန်းလမ်းညွှန်အဖြစ် တိတိကျကျနှင့် အလုပ်သဘောဆောင်ဖော်ပြချက်များ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

သမ္မတကြီးက ရှေးရိုးစွဲတွေ၊ ခေတ်နောက်ပြန်ဆွဲတဲ့ လူတွေကို နောက်မှာချန်ထားခဲ့မည်ဟု ဆိုခြင်းမှာ သမ္မတကြီးက သက်သက်သာသာပြောသွားခြင်းဟု ကျွန်တော်သဘောပေါက်ပါသည်။ လိုအပ်လျှင် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဟုလည်း ကျွန်တော်သဘောပေါက်ပါသည်။

ဒါကြောင့် ကျွန်တော့်ဆောင်းပါး ခေါင်းစဉ်ကဲ့သို့ တာဝန်ရှိမှု တာဝန်သိမှုနှင့် တာဝန်ယူမှုများကို ဆက်စပ်၍ ကျွန်တော်တင်ပြမည်

ဖြစ်ပါသည်။ တာဝန်ရှိမှုအပိုင်းတွင် ဟိုတစ်ချိန်ကလို တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့မှ ညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော်ရသည့်နစ်မှ မိမိတို့ကိုယ်တိုင် တာဝန်ယူအကောင်အထည်ဖော်ရမည့် စနစ်သို့ရောက်ရှိလာသည်ဟု ကျွန်တော်သုံးသပ်ပါသည်။ ညွှန်ကြားမှုလုပ်မည်၊ င်းမှလုပ်သည်ထက် မိမိတို့ကိုယ်တိုင် တာဝန်ယူလုပ်ဆောင်မှုပြုရမည့်ချိန်ကျရောက်နေပြီ ဖြစ်ပါသည်။ ပထမတာဝန်ရှိမှုအနေဖြင့် ပြည်သူရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များက တစ်ဆင့်မ္မတ၊ ဒုသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်စိုးရအဖွဲ့ဝင်များသည် ပြည်သူ့ကိုယ်စားလှယ်များသာ ဖြစ်ပါသည်။

ဒါကြောင့် စီမံခန့်ခွဲရေးတာဝန်ရှိမှုအပိုင်းတွင် နိုင်ငံတော်သမ္မတအစ အောက်ခြေရပ်ကွက် အုပ်ချုပ်ရေးမှူးအထိလည်းကောင်း၊ ဌာနပိုင်ရာအပိုင်းတွင် ပြည်ထောင်စုဝန်ကြီးမှ အောက်ခြေရုံးလုလင်အထိလည်းကောင်း တာဝန်ရှိပါသည်။ ပြည်သူကို အလုပ်အကျွေးပြုရမည်ဖြစ်ပါသည်။ ဒီလိုမှမလုပ်ရင် သမ္မတမှအစ တာဝန်မကျေသလို၊ အောက်ခြေရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးအထိ တာဝန်ကျေပြွန်ရာရောက်မည်မဟုတ်ပါ။ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုဝန်ကြီးတာဝန်၊ ဒေသဆိုင်ရာအစိုးရဝန်ကြီးများ တာဝန်ကို ဖွဲ့စည်းပုံအခြေခံပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ရာ မိမိတို့တာဝန်အား သဘောပေါက်ပြီးဖြစ်ကြပါမည်။

ဒါက တာဝန်ရှိမှုအပိုင်းဖြစ်ပြီး ဒုတိယအဆင့် မိမိတာဝန်ဘာလဲဆိုတာ ပီပီပြင်ပြင် သဘောပေါက်သိရှိရမည် ဖြစ်ပါသည်။ တာဝန်ရှိမှတာဝန်သိမည်ဖြစ်ပါသည်။ အပေါ်ကခိုင်းမှလုပ်မည်၊ မိမိကိုယ်တိုင်တာဝန်သိသိဖြင့် ဆောင်ရွက်မှုမပြုက ထိုတာဝန်နှင့် မထိုက်တန်တော့ပါ။ ယခုအခါ တာဝန်ရှိတာကို တာဝန်မသိတာကြောင့်လား၊ သိပါ

လျက်မသိချင်ယောင်ဆောင်ပြီး မလုပ်၊ မရှုပ်၊ မပြုတ်နေပြီး အောက် ခြေက ပြောင်းလဲမှုမရှိဘဲ ခေါက်ရိုးကျိုးပုံစံအတိုင်းသာ ဖြစ်ပျက်နေ သည်ကို တွေ့ရမည်ဖြစ်ပါသည်။

နောက်တစ်ဆင့်တက်လျှင် တာဝန်သိလျှင် တာဝန်ယူမှုဖြစ်ရပါ မည်။ တာဝန်လည်းမသိ၊ တာဝန်လည်းမယူသူဟာ သမ္မတကြီးမိန့် ကြားသလို နောက်ချန်ထားရမည့် သူများသာ ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် တာဝန်ယူမှုအပိုင်းကို အလေးအနက် ထောက်ပြလိုပါသည်။ ကျွန်တော်တို့နိုင်ငံသည် နှစ်ငါးဆယ်ကျော် တစ်ဦးတစ်ယောက်၊ တစ်ပါတီက အုပ်ချုပ်သောစနစ်တွင် ရှင်သန်ခဲ့ရာ တစ်ဦးတစ်ယောက်၏ အမိန့်အာဏာအောက်တွင် ရို့ကျိုးပြီး ဘာမျှ တာဝန်မယူသော ခေတ်စနစ်ကို ကျော်လွှားခဲ့ပြီး တိုင်းပြည်လည်း သမ္မတကြီးပြောသလို LDC အဆင့် အဆင်းရဲဆုံးနိုင်ငံသို့ ရောက်ရှိခဲ့ ပါသည်။

ဒါက တစ်ဦးတစ်ယောက် အာဏာရှင်အောက်တွင် ရှိချိန်က ဖြစ်ပါသည်။ ယခုအခါလည်း အဲဒီစနစ်ဟာ မြေမြှုပ်ခဲ့ပြီး ယခုခေတ် စနစ်သစ်တွင် မိမိ၏တာဝန်ယူမှုအပိုင်းကို ပီပီပြင်ပြင် လုပ်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါသည်။ ဟိုတစ်ချိန်က ဌာနဆိုင်ရာတစ်ခုခုတွင် ဘာ ဖြစ်ဖြစ်၊ လက်သည်မပေါ်ဘဲ ဒီလိုပဲ ပြီးစီးသွားပါသည်။ ကျွန်တော်တို့ ယခုအထိ ခံစားရဆဲဖြစ်ပါသည်။ ကြမ်းကျွံတာနုတ်လို့ရသည်။ စကား ကျွံတာနုတ်မရပါ။ နှိုင်းနှိုင်းချိန်ချိန်ပြောရပါမည်။ ပြောလျှင်လည်း ပြောသည့်အတိုင်း လုပ်ရပါမည်။ မလုပ်နိုင်ဘဲ ပြောပါက ပြဿနာ ပိုကြီးမည် ဖြစ်ပါသည်။

ထို့ကြောင့် တာဝန်ယူမှုအပိုင်းတွင် မိမိတို့တာဝန်ယူသလို၊ ပြော သလိုလုပ်နိုင်ရပါမည်။ ထိုသို့ မလုပ်နိုင်က မိမိတာဝန်မိမိယူရမည်ဖြစ်

ပါသည်။ ဟိုတလောက ဂျာနယ်တစ်စောင်တွင် မန္တလေးတိုင်းဒေသကြီးမှ လျှပ်စစ်ဝန်ကြီးက မိမိအနေဖြင့် မန္တလေးတွင် လျှပ်စစ်မီးရအောင်မလုပ်နိုင်က ဝန်ကြီးအဖြစ်မှ နုတ်ထွက်မည်ဟု အတိအလင်းကြေညာရာ ဒါကတာဝန်ယူမှုအပိုင်းကို အပီအပြင် ပြောဆိုလုပ်ကိုင်ခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရသစ်လက်ထက် ပထမဦးဆုံး ကြားရခြင်းလည်းဖြစ်ပါသည်။

သို့မဟုတ်ပါက သမ္မတကြီး မိန့်ကြားသလို ထိုသို့သောသူများကို နောက်ချန်ထားခဲ့ရန်သာရှိတော့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ပယ်ဖျက်သင့်သော အမိန့်၊ ညွှန်ကြားချက်များနှင့် ပြောင်းလဲသင့်သောစနစ်များ

ယနေ့အချိန်အခါသည် တစ်ပါတီ၊ တစ်ဦးတစ်ယောက် အုပ်ချုပ်သော စနစ်မှသည် ပြည်သူတို့ကိုယ်တိုင် ရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များက အုပ်ချုပ်သော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီ ဖြစ်ပါသည်။

ဤသို့ကူးပြောင်းပြီး ဖြစ်သော်လည်း ယနေ့ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသော ယခင်ရှိပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း ပြုရမည်ဖြစ်ပါသည်။ ထိုသို့ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းပြုရာတွင် ယနေ့ခေတ်နှင့် မလျော်ညီသော ဥပဒေ၊ နည်းဥပဒေများကို လွှတ်တော်အဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိဖြစ်ပါသည်။

ကျွန်တော်ဒီနေရာမှာ အထူးရေးသားတင်ပြလိုတာက ဒေသန္တရဆိုင်ရာ၊ ဌာနဆိုင်ရာအမိန့်၊ ညွှန်ကြားချက်များ၊ ယခင်ကတစ်ဦးတစ်ယောက်တည်း သဘောနှင့်ထုတ်ပြန်ထားသော ယနေ့ခေတ်နှင့် မလျော်ညီသောအမိန့်၊ ညွှန်ကြားချက်များ ကိစ္စဖြစ်ပါသည်။ ယင်းအမိန့်၊

ညွှန်ကြားချက်များမှာ လွှတ်တော်အဆင့်ဆင့် တင်ပြစရာမလိုဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်းကောင်း၊ ဌာနဆိုင်ရာအဆင့်ဆင့်ကလည်းကောင်း ပြုပြင်ပြဋ္ဌာန်းရမည့် အမိန့်ညွှန်ကြားချက်များကို ဆိုလိုခြင်းဖြစ်ကြောင်း တင်ပြလိုပါသည်။

ဥပမာအနေဖြင့် တင်ပြရပါက ကျွန်တော်သည် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခဲ့သူဖြစ်၍ ယင်းတွင် မလိုအပ်သောအမိန့်၊ ညွှန်ကြားချက်တစ်ခုကြောင့် လက်ဖက်ရည်ဆိုင်ဖွင့်သူများ ဒုက္ခရောက်နေရပြီး တိုင်းပြည်ဝင်ငွေလည်း နစ်နာမှုရှိနေသည့်ကိစ္စဖြစ်ပါသည်။ တလောကဂျာနယ်တစ်စောင်တွင် "ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ဖွင့်လှစ်ခွင့်လိုင်စင် မရှိသေးသော လက်ဖက်ရည်ဆိုင်များ ပေးဆောင်ရသည့် ဒဏ်ကြေးငွေများ တစ်ရက်လျှင် အနည်းဆုံး ကျပ်တစ်သောင်းအထိဖြစ်၍ ရပ်တည်ရန် အခက်အခဲရှိလာ" ဟူသော သတင်းတစ်ပုဒ်ကို ဖတ်ရှုရပါသည်။

ကျွန်တော်သည် လက်ဖက်ရည်ဆိုင်လုပ်ငန်းကို ရန်ကင်းမြို့နယ်တွင် ၁၉၈၉ မှ ၂၀၀၁ အထိ (၁၀)နှစ်ကျော်ဖွင့်လှစ်ခဲ့ရာ အဲဒီအချိန်က လိုင်စင်များပေးသဖြင့် တရားဝင်ဖွင့်လှစ်ပြီး သက်ဆိုင်ရာ လိုင်စင်ကြေး၊ အမြတ်ခွန်၊ ကုန်သွယ်ခွန် စသည်များကို လစဉ်၊ နှစ်စဉ်ပေးဆောင်၍ တိုင်းပြည်ဝင်ငွေကိုလည်း တာဝန်ကျေထမ်းဆောင်နိုင်ခဲ့ပါသည်။ ကျွန်တော်တို့လို လုပ်ငန်းရှင်လည်း အကျိုးရှိ၊ တိုင်းပြည်လည်း အကျိုးရှိခဲ့ပါသည်။

ကျွန်တော်လက်ဖက်ရည်ဆိုင် လုပ်ငန်းရပ်နားပြီး ခြောက်နှစ်ခန့်အကြာ ၂၀၀၇ တွင် အလုံမြို့နယ်၌ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ထိုသို့ဖွင့်လှစ်သည့်အခါ ကျွန်တော်လည်း ယခင်လုပ်နေကျအတိုင်း တရားဝင်ဖြစ်ရန် သက်ဆိုင်ရာ စည်ပင်သာယာသို့ လိုင်စင်လျှောက်

သည့်အခါ ခွင့်ပြုချက်လုံးဝမရတော့ပါ။ ဘာကြောင့် မပေးသည်ကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ စုံစမ်းသည့်အခါ သူတို့လည်း တိတိကျကျ မသိဘဲ အဲဒီအချိန်က နိုင်ငံ၏တာဝန်ရှိသူတစ်ဦးက လက်ဖက်ရည်ဆိုင်တွေမှာ လူတွေစည်ကားပြီး ထိုင်နေတာ အလုပ် မရှိကြလို့လား၊ ဘာကြောင့် ဒီလောက်များများ ခွင့်ပြုရတာလဲဆို၍ စည်ပင်ရုံးချုပ်မှ တာဝန်ရှိသူများ၏ အမိန့်ညွှန်ကြားချက်အရ လိုင်စင် ချမပေးတော့ကြောင်း သိရှိရပါသည်။ ရေရေရာရာတော့ မဟုတ်ပါ။ အဲဒီကတည်းက ယခုထိ ချမပေးတော့ပါ။

ပြဿနာကို အရင်းခံကျကျ မဖြေရှင်းဘဲ အလွယ်လုပ်လိုက်၍ ယခုတိုင် ဒုက္ခရောက်နေကြပါသည်။ ကျွန်တော်လည်း လိုင်စင်မရ၍ နားလည်မှုနှင့် တစ်နှစ်ကျော်ခန့်ဖွင့်ခဲ့ရာ အခွန်အခအားလုံးလည်း နားလည်မှုဖြင့် လုပ်ခဲ့ရာ ဌာနဝင်ငွေ၊ တိုင်းပြည်ဝင်ငွေလည်း နစ်နာ သောအမိန့်၊ ညွှန်ကြားချက်တစ်ခုအဖြစ် ထောက်ပြခြင်းဖြစ်ပါသည်။

နောက်ဥပမာတစ်ခု၊ ယနေ့ရန်ကုန်မြို့တွင် ဆိုင်ကယ်စီးခွင့်မပြု ခြင်းဖြစ်ပါသည်။ အဲဒီ ဆိုင်ကယ်ကိစ္စဟာလည်း မည်သူကပိတ်ပင် ၍ ယခုလို ခွင့်မပြုခြင်း ရှင်းရှင်းလင်းလင်းမသိပါ။ ကမ္ဘာ့ထိပ်တန်း စာရင်းဝင်မြို့ဖြစ်သည့် စင်ကာပူလိုမြို့မှာ ဆိုင်ကယ်စီးခွင့်ပြုပါသည်။ အခြားဘန်ကောက်၊ မလေးရှားတို့မှာလည်း ဆိုင်ကယ်စီးခွင့်ပြုရာ ရန်ကုန်မှာ ဘာကြောင့် မပြုသည်မသိပါ။ ယနေ့လို ကားကြပ်မှုရှိ သည့်အချိန်တွင် ဆိုင်ကယ်ခွင့်ပြုပါက လမ်းများတွင် မော်တော်ယာဉ် ကြပ်မှုအထိုက်အလျောက် လျော့နည်းစေမည် ဖြစ်ပါသည်။ ကား မဝယ်နိုင်သူ လူလတ်တန်းစားများအတွက်လည်း အဆင်ပြေမည် ဖြစ်ပါသည်။ ဒါကလည်း ပယ်ဖျက်သင့်သော အမိန့်တစ်ခု ဖြစ်ပါ သည်။

နောက်တစ်ခုကား ကိုယ်ပိုင်ကားများတွင် စတစ်ကာမည်း ကပ်ခြင်းကိစ္စဖြစ်ပါသည်။ ဒါကလည်း ဘယ်လူကြီးက ဘာကြောင့် ချမှတ်လဲမသိပါ။ ယေဘုယျသိတာကတော့ စတစ်ကာအမည်းကပ် သည်ကို တားမြစ်ခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်မှာကို ဟန့်တားရာ ရောက်သည်ဟု သိရပါသည်။ ယနေ့ ရန်ကုန်တွင် လုသတ်မှု၊ လုယက် မှု၊ ဒုစရိုက်ကျူးလွန်တာ စတစ်ကာအမည်းကပ်ပြီး ကျူးလွန်တာတော့ တစ်ခါမျှ မတွေ့ရပါ။ သို့ပေမယ့် ကပ်ချင်သည့်ကားကျ ကပ်ခွင့်ပြု ထားပါသည်။ အဲဒီ မညီမျှသော မလိုအပ်သော အမိန့်တစ်ခုကိုလည်း ပြန်လည် ရုပ်သိမ်းသင့်ပါသည်။

အခြားအခြားသော နယ်ပယ်အသီးသီးမှ ယနေ့ခေတ်စနစ်နှင့် မညီတော့သော တိုင်းပြည်အတွက်၊ ပြည်သူအတွက်၊ အကျိုးမရှိသော ညွှန်ကြားချက်များ ရှိနေပါသေးသည်။ တစ်ခုချင်းထောက်ပြရလျှင် ကျွန်တော့်ဆောင်းပါးလည်း ပြီးမည်မဟုတ်ပါ။ သက်ဆိုင်ရာပုဂ္ဂိုလ် များက စိစစ်ပြီးဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုပါသည်။

နောက်ပြုပြင်သင့်သော စနစ်များတွင် ဥပမာအနေဖြင့် ရန်ကုန် မြို့ရှိမော်တော်ယာဉ်လိုင်းများကို ကြီးကြပ်နေသော မ·ထ·သ ဦးပိုင် တို့အနေဖြင့် ပြည်သူများ သက်သာချောင်ချိမှုရှိစေရန် "အထူး" ကားများ တစ်ဦးကျပ် ၂၀၀ ယူပြီး ပြေးဆွဲစေပါသည်။ သို့ပေမယ့် "အထူး" ကားက မထူးခြားဘဲ နေ့စဉ်ဒုက္ခရောက်ရသည်ကို ဂျာနယ် များတွင် ဖတ်ရှုရပါသည်။ လူကျပ်ခြင်း၊ ခရီးကြန့်ကြာမှုရှိခြင်း၊ ဆက်ဆံ ရေး မပြေလည်ခြင်း စသည့် အခက်အခဲများ ဖြစ်ပါသည်။

အထူးကားကို ပိုက်ဆံပိုပေးရပြီး ကျပ် ၅၀ တန်ကားနှင့် မခြားသည်ကို လူတိုင်းသိပါသည်။ ကျွန်တော်တို့ ငယ်ငယ်က အထူး ကားတော့ မရှိပါ။ အမြန်ယာဉ်လိုင်းများတော့ စီးခဲ့ရပါသည်။ အဲဒါက

ဘာလဲဆိုတော့ လိုင်းရှည်သော ဥပမာ ဆူးလေ၊ အင်းစိန်လိုင်းများတွင် အမြန်ယာဉ်များ ရှိပါသည်။ အမြန်ယာဉ်သည် မှတ်တိုင်တိုင်း မရပ်ပါ။ လူအတက်အဆင်းများသော ဥပမာ မြေနီကုန်းမှတ်တိုင်၊ လှည်းတန်း မှတ်တိုင်၊ သမိုင်းလမ်းဆုံ စသည်တို့သာ ရပ်ပါသည်။ အဲဒီလို မှတ်တိုင်တိုင်းမရပ်၍ ခရီးလည်း အမြန်ရောက်ပြီး ကားသမားများ ဘက်ကလည်း ခေါက်ရေပိုမိုရရှိပါသည်။ အခုဟာက အထူးကား ဖြစ်ပြီး မှတ်တိုင်တိုင်းရပ်၊ ပိုက်ဆံလည်းပိုယူပြီး ရိုးရိုးကားနှင့် မထူးခြား ဘဲ စီးသူခရီးသွားများသာ ဒုက္ခရောက်ပါသည်။ ဒါသည်လည်း ပြန်လည်ပြင်ဆင်သင့်သော စနစ်တစ်ခုဖြစ်ပါသည်။

နောက် ဧည့်စာရင်းတိုင်သည့် စနစ်ကိုလည်း ပြန်လည်စဉ်းစား သင့်ပါသည်။ ဧည့်စာရင်းတိုင်ခြင်းသည် ကိုယ့်ပြည်သူများကိုသာ ဒုက္ခရောက်စေပါသည်။ ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကိုလည်း အထောက်အကူမဖြစ်ပါ။ ယခင်ကိုလိုနီ ဆိုးမွေသာဖြစ်ပါသည်။ တိုင်း ရင်းသားပြည်သူတစ်ဦးအနေဖြင့် ကိုယ့်ပြည်တွင်း ဘယ်နေရာမဆို သွားနိုင်၊ နေနိုင်ပါသည်။ ဒါကိုအခြားနိုင်ငံခြားသားလို ဧည့်စာရင်းတိုင် ရသည့်စနစ်ဟာလည်း ပြုပြင်သင့်သော စနစ်တစ်ခုဖြစ်ကြောင်း ထောက်ပြလိုပါသည်။

အထူးသဖြင့် ဌာနဆိုင်ရာအသီးသီးတွင် စာရွက်စာတမ်းလုပ် ငန်း (Paper Work)များနေခြင်းသည် ယနေ့ခေတ်စနစ်နှင့် မညီတော့ဘဲ ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများ နေရာတကာတွင် ရှိနေဆဲဖြစ်ပါ သည်။ တစ်ခုချင်းစီ ကျွန်တော်ထောက်မပြလိုတော့ပါ။ ဌာနဆိုင်ရာ များနှင့် ဆက်ဆံရသော ပြည်သူအားလုံးသိရှိပါသည်။ မှားယွင်းသော လုပ်နည်းလုပ်ဟန်များ၊ အဆင့်များစွာ တင်ပြခွင့်ပြုချက် ယူရမှု၊ မလို အပ်ဘဲ ထောက်ခံစာတောင်းယူမှု၊ ပြဿနာ၏အရင်းအမြစ်ကို မရှာဘဲ

အလှူယ်တကူ တစ်ဦးတစ်ယောက် အမိန့်ဖြင့်ဆောင်ရွက်နေမှု စသည်များသည် ယနေ့အချိန်အခါတွင် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် နယ်ပယ်အသီးသီး၏အခြေအနေကို ကျွန်တော်တင်ပြလျှင် မြောက်မြားစွာရှိပါသည်။ ဒါကို ယနေ့နိုင်ငံတော်အစိုးရ၏ယန္တရားတွင် ပါဝင်သူများ၊ တစ်နည်း ယနေ့အဆင့်ဆင့်ပြည်သူ့ဝန်ထမ်းများနှင့် အာဏာပိုင်ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများက ပြန်လည်သုံးသပ်ပြီး ပယ်ဖျက်သင့်တာ ပယ်ဖျက်၊ ပြုပြင်သင့်တာပြုပြင်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း ထောက်ပြရေးသားလိုပါသည်။

## ချမ်းသာဒဏ်ခံနိုင်ကြပါစေ

ကျွန်တော်သည် အပတ်စဉ် တနင်္လာနေ့တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသော "ဒီလှိုင်း" ဂျာနယ်ကို ဖတ်ရှုပါသည်။ ထိုသို့ ဖတ်ရှုရာတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ရေးသားသော "ဒီစကား"ဆောင်းပါးတိုလေးများကို ကြိုက်နှစ်သက်၍အမြဲဖတ်ရှုမိပါသည်။

ဒေါ်အောင်ဆန်းစုကြည် ဥရောပခရီးစဉ်များ မသွားမီအချိန်များက အပတ်စဉ်လို ရေးသားသော ဆောင်းပါးများတွင် သူ၏ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို သတိပေးလမ်းညွှန်ရေးသားသောအချက်တစ်ခုကို အထူးသတိပြုမိပါသည်။ ဒီအချက်က ဘာလဲဆိုတော့ ဥက္ကဋ္ဌက သူ၏ပါတီဝင်များ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ချမ်းသာဒဏ်ခံနိုင်ဖို့ အထူးလမ်းညွှန်ရေးသားချက်များပင် ဖြစ်ပါသည်။

ဥက္ကဋ္ဌအနေဖြင့် စိုးရိမ်ပုံရပါသည်။ သူ၏ပါတီခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်အချို့မှာ ဆင်းရဲဒဏ်ကိုခံခဲ့ရပြီး ဖြစ်ပါသည်။ သို့ပေမယ့် ယခုလိုအချိန်တွင် ချမ်းသာဒဏ်

ခံနိုင်ရည်ရှိရန် အထူးလိုအပ်ကြောင်း ထောက်ပြသတိပေးတာကို ကျွန်တော့်အနေဖြင့် အလွန်နှစ်ထောင်းအားရ ဖြစ်မိကြောင်း ရေးသား လိုပါသည်။

ကျွန်တော်လည်း ဘဝအနိမ့်အမြင့်များနှင့် ချမ်းသာသည့်ဒဏ် မခံနိုင်ခဲ့ဖူးသောကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးမသတိပေး လမ်းညွှန်ချက်ကို ကျွန်တော့်ဘဝနဲ့ယှဉ်ပြီး ထောက်ခံရေးသားရခြင်း ဖြစ်ပါသည်။

ဒီအချက်ကလည်း NLD ပါတီဝင်တို့နဲ့သာဆိုင်တဲ့ သတိပေး လမ်းညွှန်ချက်ဟု ကျွန်တော်မမြင်ပါ။ ယနေ့လို ခေတ်စနစ်ပြောင်းချိန် တွင် ပါဝင်သူပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခေါင်း ဆောင်ပုဂ္ဂိုလ်များအသီးသီး ခံယူလိုက်နာသင့်သော အချက်ဟု ကျွန်တော်ယူဆပါသည်။

ဒါကို ဘာကြောင့် ပြောရသလဲဆိုတော့....

ယနေ့ခေတ်သည် အပြောင်းအလဲများက အလွန်မြန်နေပါ သည်။ ချမ်းသာဒဏ်ဆိုတာကလည်း ပစ္စည်းဥစ္စာကြွယ်ဝမှု တစ်ခု တည်းမဟုတ်ပါ။ လုပ်ပိုင်ခွင့်၊ အာဏာ၊ ရာထူးများကလည်း ချမ်းသာ မှုများပင်ဖြစ်ပါသည်။ ယနေ့ သာမန်လူထဲကလည်း ခေါင်းဆောင် ဖြစ်နိုင်ပါသည်။ ဆင်းရဲသူကလည်း ချက်ချင်းချမ်းသာလာနိုင်ပါသည်။ ဆင်းရဲသူက ဥစ္စာကြွယ်ဝပြီး ချမ်းသာဒဏ်မခံနိုင်က သူတစ်ဦးတည်း ပျက်စီးရပါသည်။ သာမန်ပုဂ္ဂိုလ်က ခေါင်းဆောင်နေရာ၊ ရာထူး၊ လုပ်ပိုင်ခွင့်နှင့် အာဏာရှိသူ ဖြစ်လာပါက ဒီအာဏာလုပ်ပိုင်ခွင့်များ မှာ ယစ်မူးပြီး ချမ်းသာဒဏ်မခံနိုင်ဘဲ ပြောမှား၊ ဆိုမှား၊ အာဏာနှင့် လုပ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန် အသုံးမချဘဲ ဖောက်လွဲဖောက်ပြန်လုပ် ပါက သူ့ကိုတင်မြှောက်လိုက်သော ပြည်သူများပါ ဒုက္ခရောက်ရပါ

သည်။

နောက်တစ်ချက် ကျွန်တော်တို့သည် ဟိုတစ်ချိန်က တစ်ဦးတစ်ယောက်၏ အုပ်ချုပ်မှု အမိန့်အောက်တွင်သာ လုပ်ကိုင်ခဲ့ရရာ မိမိတို့အရည်အချင်းကို ရှိရင်ရှိသလောက် ဖော်ထုတ်ခွင့်မရှိပါ။ မပြောရဲ၊ မလုပ်ရဲ၊ မတောင်ပြရဲ ဖြစ်ခဲ့၍ တိုင်းပြည်ဒုက္ခရောက်ခဲ့သည်ကို လူတိုင်းအသိဖြစ်ပါသည်။ ယနေ့ကတော့ မိမိတို့အရည်အချင်းရှိရင်ရှိသလောက် ပြောပိုင်၊ ဆိုပိုင်၊ လုပ်ပိုင်ခွင့်များ ရရှိလာသဖြင့် တစ်ဦးချင်း အရည်အချင်းမှာ အထူးလိုအပ်လှပါသည်။ အာဏာကို ယစ်မူး၊ လုပ်ပိုင်ခွင့်ကို တလွဲသုံး၊ ရာထူးအပေါ်မှာ မောက်မာမှုရှိရင်တော့ သမ္မတကြီးမိန့်ကြားသလို နောက်ချန်ထားခဲ့ရမည့်သူများသာ ဖြစ်ပါမည်။

ကျွန်တော် ဒီအချက်ကို အလေးအနက်ပြု ရေးသားရတာကတော့ ကျွန်တော်တို့ရဲ့ ပြီးခဲ့သော နှစ်ငါးဆယ် ခါးသီးသော အတွေ့အကြုံအရ ရေးရခြင်းဖြစ်ပါသည်။ ဒီမှာ ဘာတွေ့လဲဆိုတော့ ခေါင်းဆောင်များ၊ လုပ်ပိုင်ခွင့်ရှိသူများ၊ အာဏာရှိသူများကို ဝန်းရံနေသော အဆင့်ဆင့်သော ပုဂ္ဂိုလ်များသည် ဝိုင်းပြီးညာ၊ ဝိုင်းပြီးလိမ်၊ အမျိုးမျိုးဝိုင်းပြီးမြှောက်ကြလို့လည်း တိုင်းပြည်ဒုက္ခရောက်ရခြင်း ဖြစ်ပါသည်။

တာဝန်ရှိသူတစ်ဦး ကွင်းဆင်းမည်ဆိုလျှင် နဂိုအရှိအတိုင်း မပြောဘဲ (Make Up)ဟန်ပြလုပ်၊ လိမ်ညာပြောပြီး အဖြစ်မှန်ဖုံးကွယ်ထားမှုများ၏ အန္တရာယ်ကိုလည်း ယခုခေါင်းဆောင်များ၊ တာဝန်ရှိသူများ၊ လုပ်ပိုင်ခွင့်ရှိသူများက သဘောပေါက်သိရှိထားရမည်ဖြစ်ပါသည်။ မိမိကိုလိမ်ညာသူလောက်မှ ဦးနှောက်မရှိက ဒီရာထူးနှင့် တန်မည်မဟုတ်ပါ။ မိမိ၏အောက်ခြေအဆင့်ဆင့်တွင် ဘယ်သူကငါ့ကိုမြှောက်နေသလဲ၊ ဘယ်သူက လိမ်ညာနေလဲ၊ ဘယ်သူကရိုးသားလဲ၊ ဘယ်သူကလူလိမ်လဲဆိုတာကို ခွဲခြားသိရမည်ဖြစ်ပါသည်။

ဟိုတလောက ဂျာနယ်တစ်စောင်တွင် ဘုရင့်နောင်ဘက် မြို့တော်ဝန် ကွင်းဆင်းစစ်မည်ဆို၍ လမ်းဘေးထမင်းဆိုင်များ၊ ကွမ်းယာဆိုင်များ ဖျက်သိမ်းခိုင်း၍ ထမင်းငတ်ရသော အဲဒီပွဲရုံတန်းက လုပ်သားတစ်ဦး၏ ရင်ဖွင့်စာကို ဖတ်ရှုရပါသည်။ ယနေ့အထိ အကျင့်ဆိုးတွေမပျောက်တာကတော့ အောက်ခြေပြောင်းလဲမှုမရှိခြင်း ဖြစ်ပါသည်။

နောက်တစ်ချက် ကျွန်တော်မီးမောင်းထိုးပြလိုတာက တစ်ခုကတော့အထက်ဖား၊ အောက်ဖိဝန်ထမ်းတချို့၏ အကျင့်ဆိုးများပင် ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်ရှိသူ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုးလုပ်တတ်သော ဗီဇကြောင့် ဖြစ်သည့် အကျင့်ဆိုးများကိုလည်း ယခုတိုင်အချို့ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများတွင် တွေ့နေရပါသေးသည်။ ဒီအန္တရာယ်ကိုလည်း လုပ်ပိုင်ခွင့်ရှိသူများ၊ ခေါင်းဆောင်များ အထူးသတိထားရမည်ဖြစ်ပါသည်။ မိမိလက်အောက်လူများ ဘယ်သူကလူတော်၊ လူကောင်း၊ ဘယ်သူက အရည်အချင်းရှိသူ၊ ဘယ်သူကငါ့ကိုဖားပြီး လုပ်နေသူဆိုတာကို သဘောပေါက်ထားရမည်ဖြစ်ပါသည်။

နောက်တစ်ချက် ကျွန်တော်တင်ပြလိုတာက မိမိတို့ကို ပေါင်းစားပြီး ဒုက္ခပေးမည့် စီးပွားရေးသမားများ အန္တရာယ်ဖြစ်ပါသည်။ ယခင်တစ်ချိန်ကတော့ ယခု ခေတ်စားနေသော ခရိုနီများ၏ အန္တရာယ်ဖြစ်ပါသည်။ စီးပွားရေးသမားများသည် ငွေကိုဘယ်လိုရရ သိုက်တူးမည့်သူများဖြစ်ပါသည်။ မိမိ၏လုပ်ပိုင်ခွင့်အာဏာကို အမျိုးမျိုးဖြားယောင်းပါမည်။ မိန်းမ၊ အရက်၊ ငွေ၊ ပစ္စည်းဥစ္စာတို့ဖြင့် ဖြားယောင်းပြီး ချမ်းသာဒဏ်မခံနိုင်ပါက မိမိဘဝပျက်ပြီး မိမိကိုအားကိုးတင်မြှောက်လိုက်သော ပြည်သူများသာ ဒုက္ခရောက်ရမည် ဖြစ်ပါသည်။ ဟိုတစ်ချိန်က စကားနှင့်ပြောရလျှင် ‘ငါးသလောက်စားလျှင် ချက်

စားလျှင် အရိုးစူးမည်၊ ပေါင်းစားလျှင် အရိုးပါစားလို့ရမည်" ဟုပင် ပြောစမှတ်ရှိခဲ့ပါသည်။ ဒါကြောင့်လည်း ပြည်သူအများစုမှာ ဆင်းရဲတွင်းနက်ခဲ့ရပါသည်။ ဒါတွေက စာတွေ့မဟုတ်ပါ။ လက်တွေ့တွေ့ကြုံခံစားခဲ့ရသည်များသာ ဖြစ်ပါသည်။

ဒီနေရာမှာ ကျွန်တော် လွန်ခဲ့သော နှစ်အနည်းငယ် နိုင်ငံခြားသတင်းတစ်ပုဒ်ကို ဖတ်ရှုရတာကို တင်ပြလိုပါသည်။ နိုင်ငံခြားသတင်းထောက်တစ်ဦး ကျူးဘားရောက်တော့ သာမန်ပြည်သူတစ်ဦးကို အင်တာဗျူးလုပ်ရာတွင် "ခင်ဗျားတို့ခေါင်းဆောင်ကြီး ကတ်စထရိုကို ဘယ်လိုမြင်လဲ" ဟု မေးတော့ အမေးခံရသူက "ကျွန်တော်တို့ခေါင်းဆောင်ကြီးကတော့ မဆိုးပါဘူး။ ဒါပေမယ့် သူ့ကိုဝိုင်းညာနေသူများကတော့ တော်တော်ဆိုးတာပဲ" ဟူ၍ ပြောသွားတာကို အမှတ်ရပါသည်။ ကျွန်တော်တို့နိုင်ငံလည်း ခေါင်းဆောင်အဆက်ဆက်ကို ဝိုင်းညာနေသူများကြောင့် ဒုက္ခရောက်ခဲ့သည်မှာ ဒဏ်ရာပင် မပျောက်သေးပါ။

ဒါကြောင့် ကျွန်တော့် ဆောင်းပါးကို နိဂုံးမချုပ်မီ NLDဥက္ကဋ္ဌကတော့ သူ့ပါတီဝင်များကို သတိပေးတပ်လှန့်ခဲ့သလို ကျွန်တော်ကတော့ ယနေ့ ခေါင်းဆောင်အဆင့်ဆင့်၊ လုပ်ပိုင်ခွင့်နှင့် အာဏာရှိသူများအနေဖြင့် ပညာရှိသတိဖြစ်ခဲ မဖြစ်ရလေအောင် "ချမ်းသာဒဏ်ခံနိုင်ကြပါစေ" ဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည်။

# သမိုင်းကြောင်း ကောင်းဖို့လိုသည်

သမိုင်းသည် ဘယ်တော့မျှ ရပ်တန့်မနေ၊ အချိန်ကာလနှင့်အမျှ ပြောင်းလဲနေသည်။ ထိုသို့ ပြောင်းလဲရချိန်တွင် သမိုင်းနှင့်အတူ ခေတ်စနစ်များ၊ ခေါင်းဆောင်များ၊ တိုင်းပြည်၊ နိုင်ငံများ၏ အခြေအနေများ ပြောင်းလဲလျက်ရှိပါသည်။ ကမ္ဘာကိုပင်ကြည့်ကြည့်၊ မြန်မာကိုပင် ကြည့်ကြည့် တွေ့မြင်နိုင်ပါသည်။

ကမ္ဘာတွင် ပြောင်းလဲနေသည့် ကိစ္စများကို ကျွန်တော်မဆွေးနွေးလိုပါ။ မြန်မာ့ပြောင်းလဲမှုဖြစ်စဉ်များကိုတော့ ကျွန်တော်ဆွေးနွေး ရေးသားလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့အချိန်အခါသည် ကျွန်တော်တို့ မြန်မာပြည်တွင် ပြောင်းလဲမှုကြီးတစ်ခု အရှိန်အဟုန်နှင့် ဖြစ်ပေါ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။

သည်ပြောင်းလဲမှုကတော့ နှစ်ငါးဆယ်ခန့် တည်ရှိခိုင်မြဲခဲ့သော တစ်ပါတီတစ်ဦးတည်း အုပ်ချုပ်သောအာဏာရှင်စနစ်မှ ပြည်သူတို့ ကိုယ်တိုင်ပါဝင်ရသော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ဦးတည်ချီတက်မှုပင်ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည် ရာတွင် ပါဝင်သူနိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ပါတီဝင်များ၊ အဆင့်ဆင့်သော ပြည်သူ့ကိုယ်စားလှယ်များသည် မိမိတို့သမိုင်းကြောင်း ကောင်းရေးအတွက် မိမိတို့ကိုယ်တိုင်ကြံဆောင်ရမည့် အခြေအနေဖြစ်ပါသည်။

ဒီနေရာမှာ ကိုယ့်သမိုင်းကိုယ် ရေးကြဆိုရာတွင် နိုင်ငံ့ခေါင်းဆောင်၊ နိုင်ငံ၏ထိပ်ပိုင်းပုဂ္ဂိုလ်များမှသာမဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အထိ အဆင့်ဆင့်သော ခေါင်းဆောင်များနှင့်လည်း အကျုံးဝင်ကြောင်းကို ကျွန်တော်အနေ ရေးသားလိုပါသည်။ ဒါကိုလည်း ကျွန်တော်၏ကိုယ်တွေ့ဘဝအဖြစ်အပျက်နှင့် ယှဉ်တွဲရေးသားမည်ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည်တွင် လွတ်လပ်ရေး မရခင်အချိန်နှင့် ရပြီးနောက်ပိုင်း ခေါင်းဆောင်အဆင့်ဆင့် ပေါ်ပေါက်ခဲ့ပါသည်။ ထိုသို့ ပေါ်ပေါက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းမှ နောက်ဆုံးခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအထိ အဆင့်ဆင့်ပြောင်းလဲခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစရှိသည့် အဆင့်ဆင့်သော နိုင်ငံ့အကြီးအကဲများသည် သူ့သမိုင်းသူ ရေးခဲ့ကြပါသည်။ ထို့အတူ မြန်မာနိုင်ငံသား ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်သည်လည်း သမိုင်းတွင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဒီနေရာမှာ ကိုယ့်သမိုင်းကိုယ်ရေးသည်ဟူသော အချက်နှင့် ပတ်သက်၍ အများအားဖြင့် တိုင်းပြည်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်များနှင့်သာ ပတ်သက်သည်မဟုတ်ဘဲ စီးပွားရေးလောကတွင်လည်း တိုင်းပြည်အကျိုးပြုသူများ ပေါ်ပေါက်ခဲ့ရာ အဆိုပါ ပုဂ္ဂိုလ်များလည်း ကိုယ့်သမိုင်းကိုယ်ရေးခဲ့သူများ ဖြစ်ပါသည်။ ဥပမာအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှိသော တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဆာဦးသွင်၊ ပင်လုံဒေါ်နုရင်၊ ဟသ်ာတဦးမြ၊ ပျော်ဘွယ်ဦးမြ၊ စိန်ဘရားသားဦးထွန်းစိန်၊ ရွှေပုစွန်ဦးပွင့်ကောင်း စသည့်ပုဂ္ဂိုလ်များသည်လည်း သမ္မာအာဇီဝဖြင့် ချမ်းသာပြီး တိုင်းပြည်ကို တစ်ဖက်

တစ်လမ်းက ဘာသာရေး၊ လူမှုရေးများဖြင့် အကျိုးပြုခဲ့သူများဖြစ်၍ သမိုင်းကြောင်း ကောင်းခဲ့သူများ ဖြစ်ပါသည်။ ယခုခေတ်စီးပွားရေး လုပ်ငန်းရှင်ကြီးများ စံထားရမည့်ပုဂ္ဂိုလ်များဖြစ်ပါသည်။

ကျွန်တော် အထက်ကတင်ပြသလို သမိုင်းကြောင်းသည် လူတစ်ယောက်အဖို့ အသက်ရှင်လျက်ရှိစဉ် မထူးခြားသော်လည်း သူမရှိသည့်အချိန်တွင် နာမည်ကောင်းကျန်ရစ်ရန် လွန်စွာအရေးကြီးပါသည်။ တိုင်းပြည်ခေါင်းဆောင်မှမဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းတွင် ပါဝင်ပတ်သက်သူများလည်း သမိုင်းကြောင်းကောင်းဖို့ ကျွန်တော် အထက်တွင် တင်ပြခဲ့ပါသည်။

ကျွန်တော်သည် မဆလခေတ်က ရန်ကုန်တိုင်းအတွင်း မြို့နယ်တစ်ခုရှိ မြို့နယ်အဆင့် အဖွဲ့အစည်းတစ်ခုတွင် အချိန်ပိုင်း/အချိန်ပြည့် သက်တမ်း(၃)ခု (၁၂)နှစ်ခန့် ထမ်းဆောင်ဖူးပါသည်။ ထိုသို့ထမ်းဆောင်ရာတွင် ၄င်းခေတ်၏မြို့နယ်အဆင့် ခေါင်းဆောင်များ ဖြစ်ပါသည်။ ကျွန်တော်ထမ်းဆောင်သည်မှာ လူထုလူတန်းစား အဖွဲ့အစည်းဖြစ်ရာ ယင်းမြို့နယ်အတွင်းရှိ အလုပ်သမားထုအကျိုးကို ကျွန်တော် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်သမိုင်းကြောင်းကောင်းခဲ့ရာ ယနေ့တိုင် ယင်းမြို့နယ်တွင် အခြေချနေထိုင်ပြီး ကျွန်တော်၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့ပါသည်။

ကျွန်တော်၏ပတ်ဝန်းကျင်ရှိ မြို့နယ်အဆင့်ဆင့်တွင် ပါဝင်သောလုပ်ဖော်ကိုင်ဖက်အချို့မှာ သူတို့ထမ်းဆောင်စဉ် ရာထူး၊ အာဏာများအလွဲသုံး၍ ပါတီစည်းကမ်း၊ တရားဥပဒေစည်းကမ်းများ ငြိစွန်းကာ အရေးယူခံရပြီး ပြုတ်သူပြုတ်၊ ထောင်ကျသူထောင်ကျနှင့် သမိုင်းကြောင်းမကောင်းခဲ့ကြပါ။ ဘဝပျက်ခဲ့ရပါသည်။ တချို့လည်းအရေးအခင်းပြီးနောက်ပိုင်း မြို့နယ်တွင်ပင် မနေနိုင်တော့ဘဲ အခြားသို့

ပြောင်းရွှေ့ဓာတ်မြှုပ်ရပါသည်။

တစ်ခုက ကျွန်တော်တို့၏ သမိုင်းကြောင်းကြောင့် ကျွန်တော်တို့၏မျိုးဆက်ဖြစ်သော သား၊ သမီး၊ မြေးအထိ ဆက်လက်ခံစားရသည်ကိုလည်း လူတိုင်းသဘောပေါက်ရပါမည်။ ဥပမာ-ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်သည် အဖေ၏ကောင်းမြတ်သောသမိုင်းကြောင်းကြောင့် ယနေ့ကမ္ဘာသိမြန်မာ့ခေါင်းဆောင်တစ်ယောက်ဖြစ်နေတာလည်း သူမ၏အဖေအရှိန်ကြောင့်တစ်ကြောင်းဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပါ။

ထို့အတူ ကျွန်တော်တို့၏ တစ်ချိန်က ခေါင်းဆောင်ဖြစ်ခဲ့သည့် ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့၏ သားသမီးများသည် ယနေ့နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနိုင်သည်မှာ သူတို့ဖခင်များ၏ သမိုင်းကြောင်းကောင်းခဲ့၍ဖြစ်သည်ဆိုတာ မည်သူမျှမငြင်းနိုင်ပါ။

ထို့ကြောင့် သမိုင်းကြောင်း ကောင်းမွန်ရေးသည် မိမိ၏မျိုးဆက်များအထိ အရိပ်ထိုးသက်ရောက်မှုရှိကြောင်းကို ယနေ့ခေါင်းဆောင်အဆင့်ဆင့်သည်လည်း အထူးအလေးအနက် ခံယူရမည့် အချက်တစ်ချက်ဖြစ်သည်ကို ကျွန်တော်အလေးအနက် ထောက်ပြလိုပါသည်။

ယနေ့ဆိုလျှင် သမ္မတကြီး ဦးသိန်းစိန်အပါအဝင် နိုင်ငံ့ခေါင်းဆောင်များ၊ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် စသည့်ပုဂ္ဂိုလ်များသည်လည်း သူတို့သမိုင်းကြောင်း၊ သူတို့ရေးနေကြပါသည်။ သူတို့၏ ယနေ့လုပ်ဆောင်ချက်များသည် သူတို့၏ ယနေ့သက်ရှိသမိုင်းများဖြစ်ပါသည်။ ဒါကြောင့် ယနေ့နိုင်ငံတော်၏ အရေးအရာများတွင် ပါဝင်သူ (State Holder)အားလုံးသည် မိမိတို့သမိုင်းကြောင်း ကောင်းမွန်ရေးကို ဖော်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါသည်။

## ယနေ့လွှတ်တော်တွင်း မေးခွန်းနှင့်အဖြေများ

ကျွန်တော်သည် သာမန်ပြည်သူတစ်ဦးသာ ဖြစ်ပါသည်။ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကိုမျှ ဝင်ရောက်သူမဟုတ်ပါ။ အစိုးရဝန်ထမ်း(အငြိမ်းစား) ပြည်သူတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူတစ်ဦးအနေဖြင့် ယနေ့လွှတ်တော်အတွင်း အခင်းအကျင်းများနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများနှင့်ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် ရေးသားဆွေးနွေးပါမည်။

ယခုတစ်လော အင်တာနက်ပေါ်တွင်လည်းကောင်း၊ ပြည်သူများကြားထဲတွင်လည်းကောင်း သတင်းပျံ့နှံ့နေသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတွင် အိပ်ငိုက်သည့်အကြောင်း ဖြစ်ပါသည်။ ကျွန်တော်သည် ယခုစတုတ္ထအကြိမ် လွှတ်တော်အစည်းအဝေးစတင်စဉ်ကပင် သတိပြုမိပါသည်။ ကျွန်တော်ပင်စင်စားတစ်ယောက်ဖြစ်၍ Sky Net ရုပ်သံဝယ်မကြည့်နိုင်ပါ။ တစ်ရက်တွင် ကျွန်တော်၏ ညီမဖြစ်သူအိမ်သို့သွားလည်စဉ် သူတို့ကဖွင့်ပြ၍ ကြည့်ရှုရာတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး မေးခွန်းမေးနေစဉ်ဘေးမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အိပ်ငိုက်နေသည်ကို တွေ့ရှိရပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဘဝင်မကျ ဖြစ်မိပါသည်။

ကိုယ်စားလှယ်က မေးခွန်းမေးပြီး၍ သက်ဆိုင်ရာဝန်ကြီးက ပြန်ဖြေရာတွင်လည်း စာမှာပါတာဖတ်ပြီးဖြေသည်မှာ စာသင်သား ရဟန်းများ စာကျက်သကဲ့သို့ပင် ပြောသွားသည်မှာ လွန်စွာမြန်လွန်း၍ ကျွန်တော်ပင်နားမလည်ပါ။ ဝတ်ကျေ၊ တန်းကျေ ဖြေသည့်သဘော ဖြစ်သည်ကို တွေ့ရပါသည်။ လွှတ်တော်၏ အနှစ်သာရ မရှိပါ။

လွန်ခဲ့သော သီတင်းပတ်က ထုတ်ဝေသည့် သတင်းဂျာနယ် တစ်စောင်တွင်လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အချီအချပြောခန်းတွင် ဥက္ကဋ္ဌကြီးက လွှတ် တော်ကိုယ်စားလှယ်များ အိပ်ငိုက်မနေရန် သတိပေးစကားပြောသည်ကို ဖတ်လိုက်ရပါသည်။ ဒါက ဘာပြသလဲဆိုတော့ ယနေ့လွှတ်တော် အစည်းအဝေးများတွင် မေးမြန်းသောမေးခွန်းများကို ကိုယ်စားလှယ်များ ကမိမိနှင့်မသက်ဆိုင်လျှင် စိတ်ဝင်စားခြင်း နည်းပါးမှုရှိကြောင်း ပြသ နေပါသည်။

လွှတ်တော်အစည်းအဝေးများကို ကျွန်တော်သည် Sky Net တွင် မကြည့်ရသော်လည်း နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များနှင့် ည ၈ နာရီ မြန်မာ့အသံ သတင်းများကိုတော့ မပြတ်ကြည့်၍ သိရပါသည်။ ဒီမှာ ဘာတွေ့လဲဆိုတော့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းကဏ္ဍများနှင့် အချိန်ကုန်နေပါသည်။ ဒါတွေ ကလွှတ်တော်တွင် လုပ်ရမည့်အလုပ်များ ဖြစ်သည်မှာ မှန်ပါသည်။ အဆိုကဏ္ဍကို ကျွန်တော်မဆွေးနွေးလိုသော်လည်း မေးခွန်းမေးမြန်း ခြင်းကဏ္ဍကို ဆွေးနွေးလိုပါသည်။

မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် တစ်နိုင်ငံလုံးနှင့်ဆိုင်သော ကိစ္စများနှင့် မိမိတို့မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့်ဆိုင်သော ကိစ္စများဟူ၍ နှစ်မျိုးတွေ့ရပါသည်။ တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပြည်

သူအများစုနှင့် အကျုံးဝင်သော မေးခွန်းများကို မေးမြန်းသည်မှာ လိုအပ်သော်လည်း အချို့မိမိပြည်နယ်နှင့်ဆိုင်သော မေးခွန်းများမှ သက်ဆိုင်ရာ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်က ဖြေရှင်းရမည့် ကိစ္စရပ်များ ဖြစ်နေပါသည်။ ဥပမာ-လမ်းဂိတ်ပိတ်သည့်ကိစ္စ၊ မိမိမြို့နယ် လမ်းမကောင်းသည့်ကိစ္စ၊ ရေကိစ္စ၊ မီးကိစ္စများသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်ပင် မေးမြန်းဖြေရှင်းရမည့် ကိစ္စများဖြစ်ပါသည်။ ဒါကိုလွှတ်တော်တွင်ဆွေးနွေးတော့ တန်ဖိုးရှိသော အချိန်များကုန်နေပါသည်။ မိမိမြို့နယ်အဆင့်ကိစ္စမေးလျှင်လည်း ကျန်လွှတ်တော်ကိုယ်စားလှယ်များလည်း စိတ်မဝင်စားဘဲ အချိန်ကုန်ဖျင်းရိနေရပါသည်။ ဒါကြောင့်လွှတ်တော်တွင် မေးမြန်းဆွေးနွေးခြင်းမပြုဘဲ စာဖြင့်သာရေးသားမေးမြန်းဖြေကြားမှုပြုပါက လွှတ်တော်၏ တန်ဖိုးရှိသောအချိန်များ အလဟဿသုံးရှုံးမည် မဟုတ်ကြောင်း အကြံပြုရေးသားလိုပါသည်။

ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ရောက်စက အင်တာဗျူးတစ်ခုမှာ ဆွေးနွေးသလို ယနေ့လွှတ်တော် "တောင့်တောင့်ကြီး" ဖြစ်နေပါသည်။ ပြီးခဲ့သောအပတ်က ရှမ်းတိုင်းရင်းသား ပါတီခေါင်းဆောင်တစ်ဦးနှင့် ဂျာနယ်အင်တာဗျူးတစ်ခုတွင်လည်း ယနေ့လွှတ်တော်များအပေါ် သူ့အမြင်ကိုဖြေကြားရာတွင် "အားလုံး ခေါင်းပေါင်းချွတ်ပြီး ဆွေးနွေးရင်ကောင်းမည်၊ အခုဟာက အခမ်းအနားဆန်သည်၊ လိုအပ်လျှင် ည ၁၀ နာရီအထိ ဆွေးနွေးရမည်" စသည်ဖြင့် ပွင့်ပွင့်လင်းလင်း ပြောသွားသည်ကို ဖတ်ရှုလိုက်ရပါသည်။ ဒါကြောင့်လွှတ်တော်ကို ယခုထက် သွက်လက်မြန်ဆန်မှုရှိဖို့ လိုအပ်နေပြီဖြစ်ပါသည်။

နောက်တစ်ခုက မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ

၏ ဖြေကြားချက်များနှင့် ပတ်သက်၍လည်း ကျွန်တော်ဆွေးနွေးတင် ပြလိုပါသေးသည်။ ကျွန်တော်ဂျာနယ်များတွင် ဖတ်ရှုရပါသည်။ လွှတ်တော်ကိုယ်စားလှယ်တချို့က အချို့ဝန်ကြီးဌာနများ၏ ဖြေကြား ချက်များအပေါ် အားရကျေနပ်မှုမရှိကြောင်း သိရှိရပါသည်။ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနမှအပ ကျန်ဌာနများ၏ ဖြေကြားချက်များမှာ ပြည့်စုံမှုမရှိခြင်းနှင့် သူတို့လုပ်ဆောင်ချက်များသာ ပြောဆိုသွားကြောင်း ဖတ်ရှုရပါသည်။ တချို့ဝန်ကြီးဌာနဆိုလျှင် မေးခွန်းမေးပြီး သုံးလ လောက်နေမှ ဖြေသည်ဟုလည်း သိရှိရပါသည်။

သုံးလအတွင်းမှာ သူတို့ဖြေဖို့လုပ်ကိုင်ပြီးမှ ဖြေကြောင်းကိုလည်း သိရှိရပါသည်။ ဒါက ဘာကိုပြသလဲဆိုတော့ ပြည်ထောင်စုဝန်ကြီး ဌာနတချို့က လွှတ်တော်များအပေါ် အလေးထားမှုမရှိကြောင်း ပြသ နေပါသည်။ ပြည်ထောင်စုဝန်ကြီးများ ပါဝင်သည့်အစိုးရအဖွဲ့ဆိုတာ လွှတ်တော်များကတစ်ဆင့် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရက လွှတ်တော်အပေါ် ဂရုပြုရသလို လွှတ်တော် ကလည်း ပြည်သူအပေါ် အလေးဂရုပြုရမည် ဖြစ်ပါသည်။ ပေါ့ပေါ့ တန်တန် ဖြေခြင်းအားဖြင့် လွှတ်တော်ကို စော်ကားသလို ပြည်သူကို လည်း စော်ကားရာ ရောက်ပါသည်။

တချို့သော ဌာနဆိုင်ရာဝန်ကြီးများ၏ ဖြေကြားချက်များမှာ မေးခွန်းနှင့်တိုက်ရိုက်မသက်ဆိုင်ဘဲ သူတို့လုပ်ကိုင်ဆောင်ရွက်တာတွေ ကို ရှင်းပြနေသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ပြီးခဲ့သော အပတ်များက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ရန်ကုန်တက္ကသိုလ် အဆင့်အတန်းမြှင့်တင်ရေး၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာနှင့်အညီ လွှတ်လပ်စွာ ရပ်တည်နိုင်ရေး၊ ပညာရေးဝန်ကြီးဌာန လက်အောက်မှလွှတ်ကင်းရေး စသည်များကို

မေးမြန်းဆွေးနွေးသွားတာ ကြားသိရပါသည်။ ဒါကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက သူတို့ဌာနအနေနဲ့ တခြားကမ္ဘာ့တက္ကသိုလ်များနှင့် ဘယ်လိုချိတ်ဆက်ဆောင်ရွက်နေတာကို ဖောင်းပေးဖြေသွားပါသည်။ မေးခွန်းကတခြား၊ အဖြေကတခြား ဖြစ်ပါသည်။ ဒါကိုပင် ဒေါ်အောင်ဆန်းစုကြည်က ထပ်မံဆွေးနွေးခဲ့ရသည်ကို သိရှိရပါသည်။ ဒါကြောင့်ပင် ဒေါ်အောင်ဆန်းစုကြည်က သူ၏ကိုယ်စားလှယ်များကို မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းကို ရှင်းရှင်းလင်းလင်း တိုတိုတုတ်တုတ်ဆွေးနွေးကြရန် လမ်းညွှန်မှုပြုပါသည်။

ကျွန်တော် အထက်က တင်ပြသလို မိမိမြို့နယ်ကိစ္စရပ်တစ်ခုတည်း လွှတ်တော်တွင် တင်ပြဆွေးနွေးမေးမြန်းနေပါက အချိန်ကုန်၍သာနေမည်ကို ကျွန်တော်ထောက်ပြခဲ့ပါသည်။ ဒီနေရာမှာလည်း ကျွန်လွှတ်တော်ကိုယ်စားလှယ်များကို ဒေါ်အောင်ဆန်းစုကြည်၏ နမူနာယူနိုင်ရန် ကျွန်တော်တင်ပြလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူ၏မဲဆန္ဒနယ်ဖြစ်သော ကော့မှူးမြို့နယ်ကို မကြာခဏ ကွင်းဆင်းပါသည်။ သို့သော် ကော့မှူးမြို့နယ်ကိစ္စ လွှတ်တော်တွင် တင်ပြဆွေးနွေးမေးမြန်းခြင်း တစ်ခါမျှမပြုခဲ့ပါ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူကော့မှူးကို ကွင်းဆင်းသည့်အခါ မြို့နယ်ပြည်သူများ၏ အခက်အခဲများကို မေးမြန်းပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်သာ ဖြစ်ပါသည်။ ဒါက ဘာပြသလဲဆိုတော့ လွှတ်တော်က မေးမြန်းနေမည့်အစား လက်တွေ့ကျကျ ဆောင်ရွက်ဖြေရှင်းခြင်း ဖြစ်ပါသည်။ ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်ကို ထိထိရောက်ရောက်နှင့် ပြည့်ပြည့်ဝဝ အသုံးချခြင်းလည်း ဖြစ်ပါသည်။ ကျွန်လွှတ်တော်ကိုယ်စားလှယ်များ နမူနာယူရမည်ဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါးကို နိဂုံးချုပ်ရလျှင် လွှတ်တော်များသည် အမြဲတမ်းကျင်းပမနေသလို ကျင်းပသည့်အခါတွင်လည်း ထိရောက်သွက်လက်ဖို့ လိုမည်ဖြစ်ပါသည်။ အခြားအချို့သော နိုင်ငံများ၏ လွှတ်တော်များတွင် ဖြစ်ပျက်သလို လွှတ်တော်အမတ်အချင်းချင်း လက်သီးလက်မောင်းတန်း ဆွေးနွေးပြီး ထိုးကြကြိတ်ကြအဆင့်မျိုးကို မဆိုလိုပါ။ အခမ်းအနားဆန်ပြီး ငြီးငွေ့စရာအိပ်ငိုက်ဖို့တော့မသင့်ပါ။ ထိရောက်သောမေးခွန်းများ၊ အဖြေများကို ပြည်သူကကြားသိချင်ပါသည်။ နောက်တစ်ချက်က လွှတ်တော်မှာပဲ အချိန်ကုန်နေပြီး သက်ဆိုင်ရာပြည်သူများနှင့် ထိတွေ့မှုနည်းပါးလာမည်ကို စိုးရိမ်ပါသည်။ ပြည်သူ့အသံကြားချင်လျှင် ပြည်သူကြားအမြဲမပြတ် ကွင်းဆင်းရမည်ဖြစ်ပါသည်။ ပြည်သူ့အခက်အခဲကို သိလိုလျှင် ပြည်သူနဲ့အမြဲထိတွေ့ရမည်ဖြစ်ပါသည်။ ပြည်သူတွေမှာ ဒုက္ခအခက်အခဲ အဖုံဖုံရှိပါသည်။ ဒါကိုဆန္ဒပြမှ သိတာထက်၊ မိမိတို့ကိုယ်တိုင် ရှာဖွေဖော်ထုတ်ပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ ပီပြင်သောအခန်းကဏ္ဍကို ဖော်ဆောင်နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ရပါသည်။

## ဥပဒေပညာရှင်များများ ပေါ်ထွန်းရေး

ယနေ့အချိန်အခါသည် တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ အုပ်ချုပ်သောစနစ်မှသည် ပြည်သူတို့ကိုယ်တိုင်အုပ်စိုးသော ဒီမိုကရေစီခေတ်၊ စနစ်သို့ချီတက်နေချိန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူများကိုယ်တိုင်ရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များက တိုင်းပြည်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအာဏာတို့ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နေချိန် ဖြစ်ပါသည်။

ထို့ကြောင့် ယင်းမဏ္ဍိုင်သုံးရပ်စလုံးတွင် ပါဝင်ပတ်သက်သူများအားလုံးသည် နိုင်ငံတော်က ပြဋ္ဌာန်းသောဥပဒေများနှင့်အညီသာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒါကလည်း ကမ္ဘာ့ဒီမိုကရေစီထွန်းကားသော နိုင်ငံအားလုံးလည်း ဥပဒေအရသာ အုပ်ချုပ်လုပ်ကိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ 'ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရ' မှုသည် ဒီမိုကရေစီစနစ်၏ အခြေခံသဘောတရားပင် ဖြစ်ပါသည်။

ဒါကြောင့်ပင် ယနေ့အချိန်အခါတွင် ဥပဒေနှင့်ပတ်သက်၍ ကျယ်ကျယ်လောင်လောင် ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း၊ ရေးသားခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဒါကလည်း ဒီမိုကရေစီနိုင်ငံတိုင်း၏ ဥပဒေအပေါ် အလေးဂရုပြုခြင်းဖြစ်ပါသည်။ ယနေ့အခါတွင် "ဥပဒေသည် တရားသူကြီး ရှေ့နေ၊ ရှေ့ရပ်များနှင့်သာ ဆိုင်သည်၊ ပြည်သူနှင့်မဆိုင်" ဟု ပြော၍မရပါ။ ဥပဒေကို လူတိုင်းသိထားမှသာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံကို ဦးဆောင်သူများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စသည့် နိုင်ငံတွင် အရေးအရာပါဝင်သူအားလုံး (State Holder)သည် ဥပဒေကို အနည်းအများသိရှိနားလည်ထားခြင်းဖြင့် ပြည်သူကို မှန်မှန်ကန်ကန် ဦးဆောင်နိုင်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် စက်တင်ဘာလ ၈ ရက်နေ့က ကျင်းပသော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ (၅/၂၀၁၂)ဆွေးနွေးပွဲတွင် တရားစီရင်ရေးဆိုင်ရာ ဥပဒေပညာရှင်များက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိတရားစီရင်ရေးစနစ်တွင် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့်အချက်များကို တရားရေးဌာနမှ အငြိမ်းစားပုဂ္ဂိုလ်များ၊ ဥပဒေဝန်ထမ်းဟောင်းများ၊ တရားလွှတ်တော်ရှေ့နေကြီးများနှင့် တရားသူကြီး အငြိမ်းစားများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးချက်များကို ဂျာနယ်များတွင် ကျွန်တော်ဖတ်ရှုရပါသည်။ ကျွန်တော့်အနေဖြင့် ၎င်းတို့၏ ဆွေးနွေးအကြံပြုချက်များကို အပြည့်အဝ မဖတ်ရသော်လည်း ဂျာနယ်များတွင် ဖော်ပြသလောက် အကျဉ်းဖတ်ရှုရပါသည်။

ဤနေရာတွင် ကျွန်တော့်အနေဖြင့် ဖတ်ရှုရသည်မှာ လွန်စွာ

အားရမိပါသည်။ တစ်ချက် ကျွန်တော်သတိထားမိသည်က တရား လွှတ်တော်ရှေ့နေကြီးတစ်ဦးက ဥပဒေဆိုင်ရာစာအုပ်များ လုံလုံလောက် လောက်မရှိခြင်းကို ထောက်ပြထားပါသည်။ ဒါကလည်း မှန်ပါသည်။ ကျွန်တော့်အနေဖြင့် ကျွန်တော့်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ရှိသော် လည်း လွှတ်တော်ဆိုင်ရာ ဥပဒေများကို လေ့လာလို၍ ပြန်ကြားရေး ဝန်ကြီးဌာနလက်အောက်ရှိ 'စာပေဗိမာန်'စာအုပ်ဆိုင်တွင် သွားရောက် ဝယ်ယူရာ စာအုပ်များ ပြတ်လပ်နေကြောင်းသိရ၍ ကျွန်တော်မလေ့ လာရပါ။ ဥပမာ တင်ပြခြင်းသာဖြစ်ပါသည်။ သို့သော် ဥပဒေပညာ ရှင်များပေါ်ထွက်ရေး အကြံပြုတင်ပြတာ မတွေ့ရပါ။

ဒါကြောင့် ယင်းကဲ့သို့ ဆွေးနွေးပွဲမှတစ်ဆင့် ကျွန်တော်ထောက် ပြလိုသည့်အချက်မှာ - ဥပဒေပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေးဖြစ် ပါသည်။ ကျွန်တော်သည် ၁၉၆၈ တွင် စနစ်ဟောင်းသိပ္ပံဘွဲ့(B.Sc) ကို လုပ်သားကောလိပ်မှ ရရှိခဲ့ပါသည်။ ကျွန်တော်သည် ဥပဒေရေး ရာကို လိုက်စားလိုသော်လည်း ယခင်က ဖွင့်လှစ်ခဲ့သော ဥပဒေဘွဲ့ (B.L)သင်တန်းများမရှိ၍ ကျွန်တော်မလေ့လာနိုင်ခဲ့ပါ။ ကံအားလျော် စွာ ၁၉၇၅ ခုနှစ်ခန့်ထင်ပါသည်။ အဲဒီအချိန်တွင် အထက်တန်းရှေ့နေ (HGP)စာမေးပွဲများ ကျင်းပခွင့်ပြုခြင်း၊ မှတ်ပုံတင်ရှေ့နေ (RL)သင် တန်းများဖွင့်ခွင့်ပြုခဲ့၍ (HGP)ရော (RL)ပါ ကျွန်တော်တက်ရောက်ပြီး ဥပဒေပညာရပ်များ သင်ယူနိုင်ခဲ့ပါသည်။ ဒါကြောင့် ရှေ့နေလိုင်စင် ရပြီး ဆရာများနှင့်တွဲဖက်၍ ခေတ္တလိုက်ပြီး တခြားစီးပွားရေး နယ်ပယ် သို့ရောက်ရှိ၍ ဆက်မလိုက်ဖြစ်တော့ပါ။

အဲဒီအချိန်ကလည်း ဥပဒေပညာကို အရာရောက်စွာ အသုံးမချ နိုင်ခဲ့ပါ။ ခေတ်စနစ်၏ အခြေအနေအရ 'ဥပဒေက မည်သို့ဆိုစေကာ မူ' ဟူ၍ ဥပဒေအထက်တွင် အာဏာများ လွှမ်းမိုးခြင်းခံခဲ့ရပါသည်။

ဥပဒေပညာလည်း ထိရောက်မှုမရှိခဲ့သည်ကို ယင်းခေတ်ကိုမီသူတိုင်း အသိဖြစ်ပါသည်။ 'ငွေများတရားနိုင်' ခေတ်တစ်ခေတ် ဖြစ်ခဲ့ပါသည်။

သို့သော် ယနေ့အချိန်အခါသည် ပြောင်းလဲခဲ့ပြီဖြစ်ပါသည်။ ဥပဒေပညာလွှမ်းမိုးပြီး ဥပဒေနှင့်အညီသာ အရာရာဆုံးဖြတ်သည့် အချိန်ဖြစ်ပါသည်။ ယနေ့ပညာရေးစနစ်တွင် တက္ကသိုလ်များ၊ စာပေးစာယူသင်တန်းများတွင် ဥပဒေပညာရပ်များ သင်ကြားစေပြီး ဥပဒေဘွဲ့များပေးအပ်နေသည်ကို တွေ့ရှိရပါသည်။ သို့သော် ဘွဲ့တစ်ခုရပြီး ဥပဒေပညာဆက်လက်သင်လိုသော ပုဂ္ဂိုလ်များအတွက် တစ်နည်းအားဖြင့် ကျွန်တော်တို့ခေတ်ကလို (HGP) (RL)ဘွဲ့များဖြင့် ဥပဒေပညာကို လမ်းဖွင့်ပေးရန် ကျွန်တော်၏ ယခုဆောင်းပါးဖြင့် အကြံပြုတင်ပြလိုပါသည်။

ယနေ့အချို့သော နိုင်ငံ့ခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များသည် ဥပဒေပညာရှင်များဖြစ်၍ တိုင်းပြည်နှင့်ပြည်သူများ၊ ပါတီဝင်များကို မှန်မှန်ကန်ကန် ဦးဆောင်နိုင်ကြပါသည်။ ဥပမာအားဖြင့် ပြီးခဲ့သော လွှတ်တော်က ရွေးချယ်သည့် နိုင်ငံတော်ဒုတိယသမ္မတသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌသည်လည်းကောင်း၊ NLDနာယကကြီး ဦးတင်ဦးသည်လည်းကောင်း ဥပဒေပညာရှင်များဖြစ်သည်ကို တွေ့ရှိရပါသည်။ ကျွန်တော်မသိသော ပုဂ္ဂိုလ်များ ရှိဦးမည်ဖြစ်ပါသည်။ လွှတ်တော်တွင်လည်း သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်လို ဥပဒေပညာရှင်များ ပါဝင်လာ၍ ဥပဒေနှင့်တရားစီရင်ရေး ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်သည်ကို တွေ့ရှိရပါသည်။

ယနေ့ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ကော်မရှင်အဖွဲ့ဝင်

များတွင်လည်း ဥပဒေပညာရှင်များ မြောက်မြားစွာပါဝင်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်ဆောင်းပါး နိဂုံးမချုပ်မီ ကျွန်တော်အကြံပြုရေးသားလိုသည်မှာ ယနေ့တက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဥပဒေပညာရှင်များအပြင် ယနေ့နိုင်ငံတော်၏ အရေးကြီးကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်များ၊ အခြားဥပဒေပညာကို စိတ်ဝင်စားလေ့လာလိုသူများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် ယခင်က ဖွင့်လှစ်ခဲ့သော အထက်တန်းရှေ့နေသင်တန်းမျိုး၊ မှတ်ပုံတင်ရှေ့နေသင်တန်းမျိုးတို့ကို နိုင်ငံတော်မှဖြစ်စေ၊ ပုဂ္ဂလိကသို့ ဖွင့်ခွင့်ပြု၍ဖြစ်စေ၊ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းဖြင့် ဥပဒေပညာရှင်များ ပိုမိုပေါ်ပေါက်ပြီး တိုင်းပြည်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားရင်း နိဂုံးချုပ်အပ်ပါသည်။

## အထူးလိုင်းကားသစ်ရယ် ရန်ကုန်လမ်းရယ်
## ဆာဖာရီ ယာဉ်မောင်းရယ်

ကျွန်တော်သည် ပင်စင်ယူပြီးနောက်ပိုင်း ရန်ကုန်မြို့တွင်းသို့ အသွားအလာနည်းခဲ့ရပါသည်။ မလွှဲမရှောင်သာကိစ္စရှိမှ သွားပါသည်။ သွားသည့်အခါလည်း ကျွန်တော့်အိမ်ကကားဖြင့်သာ သွားဖြစ်သည့်အတွက် ဘတ်စ်ကားစီးရမှာကို အဆင်းတွန်းချခံရပြီးကတည်းက ကြောက်ရွံ့နေပါသည်။

သို့ပေမယ့် ယခုတလော မြို့တွင်းကားအသွားအလာ ယာဉ်ကြောကျပ်တည်းလွန်းရာ ကားမောင်းရမှာလည်း ကြောက်နေရပါသည်။ ကားလည်းစည်းကမ်းမရှိ၊ လူလည်းစည်းကမ်းမရှိ၊ အနေးယာဉ်များလည်း စည်းကမ်းမရှိ၊ အားလုံးစည်းမရှိကြ၍ ကားမောင်းရမှာ ကြောက်တာလည်းပါ ပါသည်။

သို့သော် ပြီးခဲ့သော ဩဂုတ်လဆန်းက Popular News ဂျာနယ်တိုက်တွင် စာမူခထုတ်ယူရန်ရှိ၍ မသွားမဖြစ်သွားရပါသည်။ အိမ်ကကားမယူဘဲ ကျွန်တော်နေထိုင်ရာ သဃ်န်းကျွန်းမှ မြို့တွင်းသို့ (၃၉) ရိုးရိုးဘတ်စ်ကားစီး၍ သွားခဲ့ပါသည်။ လမ်းတစ်လျှောက် ကားက

လည်းကျပ်၍ မတ်တတ်ပင် လိုက်ခဲ့ရပါသည်။ ရန်ကုန်ဘတ်စ်ကားများ ထုံးစံအတိုင်း အမြန်မောင်း၊ ဖြတ်ကျော်၊ ဖြတ်မောင်းလုပ်၍လည်း ကောင်း၊ နေ့လယ်ခင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုနည်း၍လည်းကောင်း၊ မြို့တွင်းသို့ မကြာဘဲ ရောက်ရှိပါသည်။

စာမူခထုတ်ပြီးပြန်တော့ ပန်းဆိုးတန်းမှတ်တိုင်မှ စီးပါသည်။ အလာတုန်းကတော့ ရိုးရိုးကားဖြစ်၍ ကားကျပ်မှုဒဏ်ခံရ၍ အပြန်တော့ ကားချောင်ချောင်ချိချိ သက်သက်သာသာ စီးနိုင်ရန် ပုဇွန်တောင်ဈေးဘက်မှ ပတ်မောင်းသည့် အမိပတိ ယာဉ်လိုင်းက အထူးကားစီး ဖြစ်ပါသည်။ လိုင်းနံပါတ်တော့မမှတ်မိပါ။ ထိုင်ခုံဖြင့်ထိုင်ရ၍ စိတ်ချမ်းသာရပါသည်။ ထိုင်ခုံပြည့်ဖြစ်ပါသည်။ သို့သော် လမ်း ၅၀မှတ်တိုင်လောက်ရောက်တော့ မတ်တတ်လူများ ပြည့်လာပါသည်။ ကားကလည်း နံပါတ်(၅ဂ/......)တရုတ်မှလာသော ကားသစ်ဖြစ်၍ သန့်ပြန့်မှုနှင့် ပလတ်စတစ်ထိုင်ခုံတို့ဖြင့် သားနားမှုရှိပါသည်။ သို့သော် လူပြည့်သောအခါ ကားအင်ဂျင်က မနည်းရုန်းနေရပါသည်။ ချိုင့်ကျသည့်အခါ၌လည်း အောက်ပိုင်းက အသံမျိုးစုံထွက်နေသည်ကို ကျွန်တော်သတိထားမိပါသည်။

သို့သော် ဒရိုင်ဘာကတော့ ကားကိုလုံးဝ Speed မလျှော့ပါ။ ရှေ့ကားလွတ်ရင် လွတ်သလို အမြန်မောင်းပါသည်။ ကားသစ်ဖြစ်၍ ဘရိတ်ကတော့ ကောင်းပါသည်။ ဘရိတ်အုပ်လိုက်တိုင်း မတ်တတ်ရပ်လိုက်သူများ ယိမ်းထိုးလဲကုန်ကြရပါသည်။ စပယ်ယာနှစ်ယောက်ကလည်း အပေါ်တန်းကို မြဲမြဲကိုင်ရန်သာ ခပ်မာမာပြောနေပါသည်။ ပိုက်ဆံကောက်ရတာရော၊ နောက်ကလိုင်းတူကား ကျော်မတက်ရန်ကော၊ အထူးဂရုစိုက်နေရပါသည်။ မီးပွိုင့်ရောက်၍ ပြောင်းပြန်လမ်းဝင်ပြီး ပုံမှန်လမ်းပြန်ဝင်သည့်အခါ လမ်းကြောင်းတောင်းရတာရော၊

တစ်လမ်းလုံး လှုပ်ရှားနေရသည်မှာ အတော်ပင်ပန်းကြပါသည်။ ဒါက သူတို့ထုံးစံပင်။

ကားပေါ်တွင်လည်း လူအပြည့်၊ Speed လည်း လုံးဝမလျှော့၊ ကျွန်တော့်ဘေးမှ အမျိုးသမီးတစ်ဦးက "ကားကိုဘယ်လိုမောင်းနေတာလဲ"ဟု မကြားတကြား ပြောသံကြားရပါသည်။ ဘရိတ်အုပ်တိုင်း ရှေ့တိုးနောက်ဆုတ် ဒယီးဒယိုင်ဖြစ်သည်မှာ တစ်လမ်းလုံးဖြစ်ပါသည်။ ဤသို့နှင့် တာမွေဈေးအလွန် ရွှေဗဟိုရုပ်ရှင်ရုံမှစ၍ ဝရုန်းသုန်းကားဖြစ်ရပါသည်။ ဘာကြောင့်လဲဆိုတော့ ရွှေဗဟိုရုံမှ ကြက်ဂိတ်အထိ လမ်းတစ်လျှောက်လုံး ချိုင့်တွေပြည့်နေပါသည်။ မိုးရေတိုက်စားပြီး၊ အပေါ်ကတ္တရာအလွှာ မရှိတော့ဘဲ အောက်မှကျောက်စရစ်များပေါ်ကာ ချိုင့်များဖြစ်၍နေပါသည်။ ကားသမားက Speed မလျှော့၍ လူအားလုံးလည်း ဆန်ကောထဲက ဆီးဖြူသီးလိုဖြစ်နေပါသည်။ ရှေ့ကား လွတ်ရင်လွတ်သလို အမြန်မောင်း၍သာနေပါသည်။ ဒါကြောင့် ကျွန်တော်ခေါင်းစဉ်တပ်သလို တရုတ်ကလာတဲ့ ကားသစ်ကိုယခုလို ရန်ကုန်မြို့က လမ်းကြမ်းကြမ်းနဲ့ နိုင်ငံခြားက ဆာဖာရီကားမောင်းပြိုင်ပွဲဝင်သလို မောင်းနေ၍ တရုတ်ကားသစ်မက၊ ဂျပန်ကား၊ အမေရိကန်ကားလည်း ခံနိုင်မည်မဟုတ်ပါ။ ကျွန်တော်ကားစီးရင်း စဉ်းစားမိပါသည်။ (၅၈/....)ဆိုလျှင် တစ်နှစ်ကျော်ခန့်ပင် ရှိပါဦးမည်။ သို့သော် အင်ဂျင်ကကျပြီး အောက်ပိုင်းအားလုံး ပျက်စီးနေပါတော့သည်။ နောက်ဆို ဘော်ဒီပါ ချုံးချုံးကျပါမည်။

ကျွန်တော် ဒီအချက်ကို ဘာကြောင့်ရေးသားရသလဲဆိုပါက ယခု ကျင်းပနေသော လွှတ်တော်အစည်းအဝေးတွင် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးမြန်းချက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒု-ဝန်ကြီးက "ရန်ကုန်မြို့၏

သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုသော ဘတ်စ်ကားများကို နိုင်ငံတကာစံချိန်မီ ကားသစ်များဖြင့် ယခုနှစ်မကုန်မီ အစားထိုးမည်"ဟု ဖြေကြားချက်ကို ကြားသိရ၍ ဖြစ်ပါသည်။

ကားသစ်များပြောင်းတာ လွယ်ပါသည်။ သို့သော် ယင်းကားသစ်များသည်၊ နိုင်ငံခြားငွေနှင့် ဝယ်ယူထားရ၍ ယခုလိုလမ်းဆိုးဆိုးတွင် မညှာမတာ မောင်းပါက ခဏချင်း ပျက်စီးကုန်မည်ဖြစ်ပါသည်။ ကားသစ်လည်း ခံနိုင်မည်မဟုတ်ပါ။ အဲဒီတော့ ကျွန်တော်အကြံပြုတင်ပြလိုတာက ကားသစ်များလည်း အစားထိုးပါ။ လမ်းများကိုလည်း ပြုပြင်ပါ။ ယာဉ်မောင်းများကိုလည်း ကားကိုစည်းကမ်းတကျနဲ့ မပျက်စီးသင့်တာ မပျက်စီးရအောင် မောင်းဖို့လိုအပ်ကြောင်း ထောက်ပြလိုပါသည်။

ဒီအချက်များ ပြုပြင်ရန်ကတော့ လမ်းပိုင်းက စည်ပင်သာယာကိစ္စဖြစ်ပါသည်။ ကား၊ ယာဉ်မောင်းများအပိုင်းကိုတော့ တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် ဦးပိုင်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ ဗဟိုလသယ်ယူပို့ဆောင်ရေးနှင့် မထသ(ဗဟို)တို့ဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းများအနေဖြင့် ယခုထက်ပိုမို ထက်မြက်သော စွမ်းဆောင်ရည်ဖြင့် ယာဉ်မောင်းများကို စနစ်တကျ အုပ်ချုပ်ကွပ်ကဲမှုလိုပါသည်။

သို့မဟုတ်က ကားသစ်များလည်း သက်တမ်းရှေ့ခံမည်မဟုတ်ဘဲ ချုံးချုံးကျမည်သာဖြစ်ပါ၍ ခရီးသွားများအဖို့ နိုင်ငံတော်၏စေတနာကို ခံစားရမည် မဟုတ်ကြောင်း ရေးသားရပါသည်။

## စနစ်ဆိုး၏ သားကောင်အဖြစ်မခံလိုတော့ပါ

ကျွန်တော်တို့လို အသက် ၇၀ ဝန်းကျင်ရှိသူများအဖို့ ခေတ်လေးခေတ် စနစ်လေးမျိုး ကြုံတွေ့ရမည်ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီခေတ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စစ်အာဏာရှင်ခေတ်နှင့် ယနေ့ကြုံတွေ့နေရသော ပါတီစုံဒီမိုကရေစီခေတ်တို့ ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ပါလီမန် ဒီမိုကရေစီခေတ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသောခေတ်တွင် တိုင်းပြည်အနေဖြင့် အတန်အသင့် တိုးတက်ပြီး အိမ်နီးချင်းနိုင်ငံများထက် နှာတစ်ဖျားသာ၍ ကမ္ဘာ့တွင်မျက်နှာပွင့်ခဲ့ရပါသည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းဆူပူသောင်းကျန်းမှုကြောင့် တိုင်းပြည်၏ တိုးတက်မှုအရှိန်ကို ထင်သလောက် ခရီးမပေါက်ခဲ့တာကို တွေ့ရပါသည်။

ဒီကြားထဲ 'တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်' ဆိုသကဲ့သို့ အာဏာရပါတီဖြစ်သည့် ဖဆပလ ပါတီတွင်းအကွဲအပြဲများကြောင့်

လည်း ပြည်သူအများစုမှာ ဒုက္ခရောက်ပြီး စနစ်၏သားကောင်များ ဖြစ်ခဲ့ရပါသည်။

တိုင်းပြည်က မငြိမ်းချမ်းတော့ တိုင်းပြည်၏ လူဦးရေ အများဆုံးဖြစ်သော တောင်သူလယ်သမားအများစုမှာ ယင်းခေတ်ကအလံနီ၊ အလံဖြူ၊ ကွန်မြူနစ်စသူတို့၏ နှိပ်စက်မှုကြောင့် အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုကိုပင် ငြိမ်းငြိမ်းချမ်းချမ်းမလုပ်ကိုင်နိုင်ခဲ့ပါ။ ယခု ရန်ကုန်တိုင်းအတွင်းရှိ ယခင်ဟံသာဝတီခရိုင်လို နေရာမျိုးပင် သူပုန်သူကန်၏ နှိပ်စက်မှုကြောင့် ပြည်သူများ ကျီးလန့်စာစားနေရသည်မှာ ကျွန်တော်ကျောင်းသားအရွယ်ကပင် မှတ်မိနေပါသေးသည်။

ယင်းသို့ မငြိမ်းချမ်းခြင်း၏စနစ်၊ ဥပဒေစိုးမိုးမှုမရှိသော အခြေအနေသည် ကျွန်တော့်မိဘများအပါအဝင် တောနေပြည်သူ တောင်သူလယ်သမားအများစုမှာ စနစ်၏သားကောင်များဖြစ်ပြီး ကျွန်တော့်လိုကျောင်းသားလူငယ်များမှာ မိမိရပ်ရွာတွင် ပညာမသင်ကြားနိုင်ဘဲ အခြားအလှမ်းဝေးသော မြို့ပြများသို့ သွားရောက်ကာ ပညာသင်ကြားခဲ့ရသည်မှာလည်း ယင်းတရားဥပဒေစိုးမိုးမှုမရှိခဲ့သော စနစ်ဆိုးကြောင့် ဖြစ်ပါသည်။

စီးပွားရေးစနစ်အနေဖြင့် ဈေးကွက်စီးပွားရေး၊ တစ်နည်းအရင်းရှင်စနစ်ကျင့်သုံး၍ စီးပွားရေးအထိုက်အလျောက် ဖွံ့ဖြိုးမှုရရှိပါသည်။ စီးပွားရေးဖွံ့ဖြိုး၍ ပညာရေး၊ ကျန်းမာရေးလည်း လူဦးရေကနည်းသေးပြီး သယံဇာတပေါကြွယ်မှုကြောင့် ပညာရေး၊ ကျန်းမာရေးပိုင်းတွင် ပြည့်ပြည့်ဝဝ ထောက်ပံ့နိုင်ပြီး တိုးတက်မှုရရှိခဲ့ပါသည်။

ထို့ကြောင့် ပြန်ချုပ်ရလျှင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အခြေအနေသည် ပြည်တွင်းဆူပူမှုကြောင့် တစ်နိုင်ငံလုံး ဥပဒေစိုးမိုးမှု

မဆောင်ရွက်နိုင်သည့် စနစ်ဆိုးကို ကျွန်တော်တို့ခံစားခဲ့ရပါသည်။ ပါတီစုံ ဒီမိုကရေစီဖြစ်၍လည်း အာဏာရပါတီနှင့် အတိုက်အခံများကြား အာဏာလုပွဲဆင်နွှဲခြင်း၊ အာဏာရပါတီတွင် စည်းလုံးမှုပြိုကွဲခြင်းဒဏ်များကိုတော့ ပြည်သူများ ခါးစည်းခံခဲ့ရပါသည်။

ယင်းအကွဲအပြဲများကြောင့်ပင် ၁၉၅၈ ခုနှစ်တွင် အာဏာရအစိုးရမှ တပ်မတော်သို့ အာဏာလွှဲအပ်ပြီး ကြားဖြတ်အစိုးရဖြင့် အုပ်ချုပ်ခဲ့ရပါသည်။ တစ်ဖန် တပ်မတော်မှ ရွေးကောက်ပွဲများပြုလုပ်ပြီး ပြန်လွှဲပြောင်းတော့လည်း ညီညွတ်ခြင်းမရှိ၍ ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းယူခဲ့ရပါသည်။ ယင်းနောက်ပိုင်းကာလများတွင်တော့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သောတပ်မတော်မှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီထူထောင်ပြီး တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခဲ့ပါသည်။ ထို့အတူ စီးပွားရေးကိုလည်း ယခင်ဈေးကွက်စီးပွားရေးမှ ပြည်သူပိုင်စီးပွားရေးသို့ ပြောင်းလဲပြီး စီးပွားရေးလုပ်ငန်းဟူသမျှအားလုံး ပြည်သူပိုင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

ယင်းအခြေအနေသည် စနစ်မှားယွင်းခြင်းဒဏ်ကို ပြည်သူများအလူးအလဲခံစားရသောအချိန် ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ စီးပွားရေး ချွတ်ခြုံကျပြီး ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးဆိုင်ရာ စနစ်များလည်း အမှားမှားအယွင်းယွင်းဖြစ်ကာ ပြည်သူများမှာ ဒုက္ခပင်လယ်ဝေရသော အချိန်များဖြစ်ပါသည်။ တစ်ပါတီအာဏာရှင်စနစ်ဖြစ်၍ ခေါင်းဆောင်၏မှားယွင်းဆုံးဖြတ်မှု၊ အောက်ခြေပါဝင်သူများ၏ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းဒဏ်ကို ပြည်သူများခါးစည်းခံရပါသည်။ အထူးသဖြင့် စီမံခန့်ခွဲမှုညံ့ဖျင်း၍ စီးပွားရေးချွတ်ခြုံကျမှုကြောင့် ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းလည်း နိမ့်ကျမှုဒဏ်ကို ခံစားခဲ့ရပါသည်။

ထိုသို့သော အဘက်ဘက်ယိုယွင်းမှုများကြောင့် ၁၉၈၈ ခုနှစ် ပြည်သူ့တော်လှန်ရေး အရေးတော်ပုံကြီး ပေါ်ပေါက်ပြီး တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်းတွင်တော့ အခြေအနေမှာ ပိုဆိုးလာခဲ့ရပါသည်။ အုပ်ချုပ်ရေးစနစ်တွင် စစ်အာဏာရှင်အုပ်စိုးသည့်ဒဏ်၊ စီးပွားရေးတွင် ဈေးကွက်ယှဉ်ပြိုင်မှု စီးပွားရေးကျင့်သုံးသော်လည်း တိုင်းပြည်မှာ တိုးတက်မလာဘဲ လက်တစ်ဆုပ်စာ လူတစ်စုသာ ကောင်းစားပြီး တိုင်းပြည်မှာ ကမ္ဘာမှာ အဆင်းရဲဆုံးအဆင့် (LDC)ဘဝ ရောက်ရှိခဲ့ပါသည်။

တိုင်းပြည်ခေါင်းဆောင်များ အမြော်အမြင်နည်းပါးခြင်း၊ ကျင့်သုံးသည့် နိုင်ငံရေးစနစ်မရှိခြင်း၊ အုပ်ချုပ်သူ လူတန်းစားများ၏ ညှို့ဖျင်းခြင်းနှင့် ရိုးသားမှုမရှိခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ စီးပွားရေးသမားများနှင့် အုပ်ချုပ်သူလူတန်းစား လက်ဝါးရိုက်ပြီး တိုင်းပြည်၏ သယံဇာတများကို လက်ညှိုးထိုး၍ရောင်းချကာ ကိုယ်ကျိုးရှာခဲ့သော စနစ်များကြောင့် ဖြစ်ရသောဒုက္ခအဝဝကို ပြည်သူများက ယနေ့တိုင် ခံစားရလျက်ရှိပါသည်။

ယနေ့ဖြစ်ပေါ်နေသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စမှာ ယင်းအကျိုးဆက်များ၏ ရလဒ်တစ်ခုသာ ဖြစ်ပါသည်။ သံဃာတော်များသည် ယင်းစနစ်ဆိုး၏ သားကောင်များ ဖြစ်ခဲ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့၊ လွှတ်တော်အသီးသီးတို့၏ ဦးဆောင်မှုဖြင့် ဒီမိုကရေစီအသီးအပွင့်ရရှိခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာပြီး တိုင်းပြည်အခြေအနေ အကောင်းဘက်ဦးတည် ဆောင်ရွက်နေချိန်တွင် ယခင်တပ်မတော်အစိုးရ လက်ထက်က ပွင့်လင်းမှုမရှိသော စီမံကိန်းများ၊ လယ်ယာသိမ်းဆည်းမှုများ၊ ခရိုနီများ၏ အုပ်ချုပ်သူနှင့် ပေါင်း၍လုပ်ခဲ့သော လုပ်ငန်း

များသည် စနစ်ဆိုး၏ရလဒ်များ ဖြစ်ပါသည်။ ဒီဒဏ်ကိုတော့ ယနေ့ ပြည်သူများက လှလှကြီး ခံစားနေရပါသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအရေးအခင်းသည် ယခု နောက်ဆုံးဖြစ်ပေါ်နေသော စနစ်ဆိုး၏သားကောင်များအဖြစ် ပြည်သူ များ၊ ရဟန်းရှင်လူများ ခံစားနေရသော ယနေ့ပကတိ အခြေအနေ ဖြစ်ပါသည်။

နောက်ဥပမာတစ်ခု ထုတ်ဖော်ရေးသားရလျှင် မှားယွင်းသော စနစ်များ၏ဒဏ်ကို အများဆုံးခံရသူမှာ ပညာရေးဌာနရှိကျောင်းသား၊ ကျောင်းသူများပင် ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း အနှစ် ၂၀ ခန့်အတွင်း ပညာရေးစနစ် အမျိုးမျိုးပြောင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်များမှာ ခေတ်ခွဲခန်းအတွင်းက ယုန်ကလေး၊ ဖွား ကလေးတွေလို အမျိုးမျိုး စမ်းသပ်ခံခဲ့ရပါသည်။ ပညာရေးဝန်ကြီး တစ်ဦးပြောင်းလိုက် မူတစ်မျိုးပြောင်းလိုက်ဖြင့် ပညာရေးလည်း အနိမ့် ဆုံးရောက်ရှိခဲ့သည်မှာ ထင်ရှားသော ဥပမာတစ်ရပ်ဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းများကို မြို့ပြင်များပို့တာကအစ၊ သင်ကြား မှုစနစ်မမှန်ခြင်း၊ ပညာရေးတွင် နားလည်တတ်ကျွမ်းသူများနေရာမပေး ဘဲ မိုးကျရွှေကိုယ်များနှင့် အုပ်ချုပ်ခြင်းအဆုံး အစစ ယိုယွင်းမှုကို ရေးရလျှင် ကုန်နိုင်ဖွယ်မရှိပါ။ အဲဒီဒဏ်တွေကိုတော့ ယနေ့လူငယ်၊ လူလတ်များ ခံစားခဲ့ရပြီး၊ ခံစားနေရဆဲဖြစ်ပါသည်။

ထို့အတူ ကျန်းမာရေးဝန်ဆောင်မှု ညံ့ဖျင်းခြင်း၊ အုပ်ချုပ်ရေး တွင် တရားဥပဒေစိုးမိုးမှုမရှိဘဲ တစ်ရွာတစ်ပုဒ်ဆန်း လုပ်ကိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြင်းများသည် ယခင်ခေါင်းဆောင် များ၏မှားယွင်းစွာ ပြုကျင့်ခဲ့သော စနစ်များသာ ဖြစ်ပါသည်။ ဒါကို လည်း မြန်မာပြည်သူများက အလူးအလဲခံစားခဲ့ရပါသည်။

ထို့ကြောင့် သမ္မတကြီး အကောင်အထည်ဖော်နေသော သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်သော အုပ်ချုပ်ရေး (Good Governance) ဟူသော စနစ်တွေကို ဘယ်လိုပင်ကြွေးကြော်နေစေကာမူ အောက်ခြေမပြောင်းသမျှ လေထဲတွင်သာ ရှိပါသည်။ အခါက ပြည်သူများ လိုလားတောင့်တနေသောအရာမှာ မှားယွင်းသော၊ ညံ့ဖျင်းသော၊ ပြည်သူများကို အကျိုးမပြုသော စနစ်ဆိုး၏ သားကောင်များအဖြစ် မခံယူလိုတော့ဘဲ ကောင်းမွန်သောစနစ်ဖြင့် ပြည်သူကို အကျိုးပြုသောစနစ်၊ တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်သောစနစ်၏ သားကောင်များအဖြစ်သာ ဆက်လက်ရှင်သန်လိုသည်မှာ ပြည်သူတို့၏ ထာဝရဆန္ဒဖြစ်ကြောင်း ရေးသားရပါသည်။

## စကားမကျံဖို့ အရေးကြီးသည်

ကျွန်တော်တို့ မြန်မာမှုနယ်ပယ်တွင် စကားအပြောအဆိုနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် "စကားခြောက်ခွန်း လူ့ဦ့ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတည်"ဟူ၍ ဖြစ်သည်ကို မှတ်သားရပါသည်။ "မိမိအတွက်လည်း အကျိုးရှိ၊ သူတစ်ပါးအတွက်လည်းအကျိုးရှိ နာခံသဖွယ်ဖြစ်သောစကား၊ နာခံဖွယ်မဖြစ်သော်လည်း မိမိအတွက်အကျိုးရှိ၊ သူတစ်ပါးအတွက်လည်း အကျိုးရှိ" စကားနှစ်မျိုးကိုသာပြောဆိုရန် မြတ်ဗုဒ္ဓက ဆုံးမသမှု ပြုခဲ့ပါသည်။

ကျွန်တော်တို့၏ လူမှုနယ်ပယ်တွင်လည်း ရှေးအဆုံးအမ စကားနှင့်ပတ်သက်၍ များစွာရှိပါသည်။ "ကြမ်းကျံတာ နုတ်ရသည်။ စကားကျံတာနုတ်မရ"။ "မုန်းတာပြောလည်း ဒီပါးစပ်၊ ချစ်တာပြောလည်း ဒီပါးစပ်"။ လျှာအရိုးမရှိတိုင်း မပြောနှင့်"။ "စကား၊ စကား ပြောပါများ၊ စကားထဲက ဇာတိပြ" စသည်တို့သည် စကားနှင့်ပတ်သက်၍ သတိထားပြောရမည့် လမ်းညွှန်မှုများ ဖြစ်ပါသည်။

ယခုတလော နိုင်ငံ၏တာဝန်ရှိပုဂ္ဂိုလ်များသည် စကားကို အလွန်

အကျူးပြောမိကြ၍ ပြည်သူများအတွင်း ဝေဖန်မှုများ ရှိနေသည်ကို တွေ့ရှိရပါသည်။ သာမန်အရပ်သားတစ်ယောက် ပြောတာထက် အဖွဲ့အစည်းတစ်ခု (သို့) နိုင်ငံတော်၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စကားကျွံမိပါက ထိုအဖွဲ့အစည်း(သို့) နိုင်ငံတော်ကို တစ်နည်းနည်းဖြင့် ရိုက်ခတ်မှုရှိသည်ကို အားလုံးသဘောပေါက်ဖို့ လိုပါသည်။

လွန်ခဲ့သည့်နှစ်က ပြည်ထောင်စုဝန်ကြီးတစ်ပါး လွှတ်တော်ကိုယ်စားလှယ်များအပေါ် ဝေဖန်မှုစကားကျွံ၍ ပြန်လည်တောင်းပန်ရသည်ကို မှတ်မိကြမည်ဖြစ်ပါသည်။ ထို့အတူ အာဏာရနိုင်ငံရေးပါတီကြီးတစ်ခုမှ ပုဂ္ဂိုလ်ကြီးတစ်ဦးကလည်း တရုတ်ကိစ္စတစ်ခုနှင့် ပတ်သက်၍ စကားကျွံမိ၍ ပြန်လည်ဖြေရှင်းခဲ့ရသည်ကိုလည်း အမှတ်ရကြမည်ဖြစ်ပါသည်။

ထို့အတူ နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ်ကြီးတစ်ဦးကလည်း လျှပ်စစ်မီးကိစ္စကို ပေါ့ပေါ့တန်တန်သဘောထားကာ ပြီးစလွယ်ပြောမိ၍ ပြည်သူများအကြား ဝေဖန်သံများ ပွက်လောရိုက်ခဲ့ပြီး မီဒီယာများကြားမှာလည်း အမျိုးမျိုးဝေဖန်ချက်များ ထွက်ပေါ်ခဲ့ပါသည်။ ပြီးခဲ့သော လအနည်းငယ်အတွင်းကလည်း ဒုဝန်ကြီးအသစ်တစ်ပါးသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဇာတ်သဘင်လောကသားအချို့ကို နှိမ့်ချပြောဆိုသည့်အတွက် ဇာတ်သဘင်လောကသားများမှ မကျေနပ်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း၊ သမ္မတကြီးထံ တိုင်ကြားခြင်းတို့မှာ မဖြစ်သင့်သောကိစ္စများ ဖြစ်ပါသည်။

ထို့အတူ ပြီးခဲ့သော လက်ပံတောင်းတောင်ကိစ္စတွင် သမ္မတရုံးဝန်ကြီးတစ်ဦးကလည်း “တရုတ်ကို ကျေးဇူးတင်ရမည်။ တရုတ်ကို ကြောက်ရသည်” ဟူသော အသုံးအနှုန်းများဖြင့် လွယ်လွယ်ပြောမိ၍ ဝေဖန်သံများ ကြားခဲ့ရပါသည်။

ဒါတွေဟာ နိုင်ငံ၏တာဝန်ရှိပုဂ္ဂိုလ်များ၏ စကားကျွံမှုများပင် ဖြစ်ပါသည်။ ယင်းပုဂ္ဂိုလ်ကြီးများ၏ စကားကျွံမှုသည် ၎င်းတို့ကိုယ်တိုင်တာဝန်ရှိသူများဖြစ်၍ ၎င်းတို့၏ဆိုင်ရာ အဖွဲ့အစည်း၊ နိုင်ငံတော်အစိုးရအဖွဲ့၊ သမ္မတရုံးများ၏ ပုံရိပ်(Images)ကိုလည်း ထိခိုက်ရပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ခံစားချက်ကို ရှေ့တန်းမတင်ဘဲ ဦးနှောက်နှင့်စဉ်းစားဆုံးဖြတ်ပြီးမှ ပြောဆိုသင့်ကြောင်း အကြံပြုအပ်ပါသည်။

ယနေ့နိုင်ငံတော်၏ တာဝန်ရှိပုဂ္ဂိုလ်တော်တော်များများမှာ ယခင်တပ်မတော်မှ အရပ်ဘက်သို့ ပြောင်းလာသူများဖြစ်သည့် အားလျော်စွာ တပ်မတော်သားအများစုမှာ စကားကို ပြတ်ပြတ်ပြောခြင်း၊ အလုပ်ပြတ်ပြတ်လုပ်ခြင်းသည် လက်နက်ကိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များဖြစ်၍လည်း ယခုလို ပွင့်လင်းစွာပြောခြင်းဖြစ်မည်ဟုလည်း ကျွန်တော်ယူဆပါသည်။ သို့သော် မိမိတို့၏ ပကတိအခြေအနေကိုတော့ မျက်ခြည်မပြတ်စေဘဲ တပ်ထဲလို ပြောဆိုလုပ်ကိုင်လျှင်တော့ ပြဿနာပေါ်နိုင်သည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့အချိန်သည် တပ်မတော်အစိုးရမဟုတ်၊ အရပ်သားအစိုးရဖြစ်နေသောကြောင့် ဖြစ်ပါသည်။

တစ်ဖက်ကလည်း ကျွန်တော့်ယူဆချက်တစ်ရပ် တင်ပြလိုပါသည်။ ယင်းအချက်မှာ နိုင်ငံတော်၏ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မီဒီယာနှင့် အင်တာဗျူးရာတွင်လည်းကောင်း၊ အထူးသဖြင့် နိုင်ငံခြားမီဒီယာများနှင့် အင်တာဗျူးတွင် အထူးသတိထားပြောဆိုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မီဒီယာအင်တာဗျူးလုပ်သူသည် ၎င်းလိုချင်သော အဖြေတစ်ခုရအောင် အဘက်ဘက်က နည်းမျိုးစုံဖြင့် မေးမြန်းမည်ဖြစ်ပါသည်။ ဒါကိုကိုယ်က သတိကြီးစွာထားပြီး ဖြေဖို့လိုပါ

သည်။ သို့မဟုတ်ပါက မိမိ၏အစွန်းနှစ်ပါး မလွတ်သော အဖြေကြောင့် ပြဿနာပိုမိုကြီးထွားလာနိုင်မည် ဖြစ်ပါသည်။

နောက်တစ်ခုက လွှတ်တော်အတွင်း အမေးအဖြေဖြစ်ပါသည်။ မလုပ်နိုင်ဘဲလျက် လုပ်ပေးမည်ဟု ပြောဆိုသော အဖြေများကိုလည်း မဖြေဆိုသင့်ပါ။ ဥပမာ ပြီးခဲ့သော လွှတ်တော်တွင် သယံဇာတက္ခန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေး စနစ်ကိစ္စမေးမြန်းရာတွင် သက်ဆိုင်ရာရထားပို့ဆောင်ရေး ဒုဝန်ကြီးက ယခု ၂၀၁၂ ဒီဇင်ဘာလ မကုန်မီ နိုင်ငံခြားမှ တင်သွင်းသော ခေတ်မီဘတ်စ်ကားများဖြင့် အစားထိုးပြောင်းလဲပေးမည်ဟု ဖြေဆိုခဲ့သော်လည်း ယခု ဆောင်းပါးရေးချိန် ဒီဇင်ဘာနောက်ဆုံးပတ်အထိ မည်သည့်ခေတ်မီ ဘတ်စ်ကားမှ မပြောင်းလဲနိုင်ခြင်းသည် မလုပ်နိုင်ဘဲ ကတိပြုဖြေကြားခြင်းသာ ဖြစ်ပါသည်။ ဒါ ဥပမာတစ်ခုသာ ဖြစ်ပါသည်။ အခြားသောနယ်ပယ်အသီးသီးမှာလည်း ဒီအတိုင်းဖြစ်ပါသည်။

ယနေ့ ပြည်သူအများစုမှာ ပြည်ထောင်စုအစိုးရ၏ ပြောကြားချက်၊ သမ္မတရုံးအကြံပေး ပုဂ္ဂိုလ်များ၏ပြောကြားချက်များ၊ ရေးသားချက်များ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီးများ၏ ပြောကြားချက်တို့ကို အမြဲနားစွင့်နေကြပါသည်။ မီဒီယာများကလည်း သူ့ထက်ငါဦးအောင် ဖော်ပြနိုင်ဖို့ ကြိုးပမ်းလျက်ရှိကြပါသည်။ ဒါက ဒီမိုကရေစီ နိုင်ငံတော်တစ်ခု၏ ပွင့်လင်းမြင်သာမှုကို ပြည်သူများစိတ်ဝင်စားမှု ပြခြင်းဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ယနေ့နိုင်ငံတော်သမ္မတကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုကို

ကြီး စသည့်ပုဂ္ဂိုလ်များ၏ ပြောဆို၊ ဖြေကြားမှုများကို ဂျာနယ်ပေါင်းစုံတွင် ဖတ်ရှုရပါသည်။ ယင်းပုဂ္ဂိုလ်များ၏ ပြောဆိုဖြေကြားမှုများမှာ စကားကို အလွန်အကျွံသုံးနှုန်းမှုမရှိတာကို လေ့လာတွေ့ရှိရပါသည်။ သတိထားပြီး ထိန်းထိန်းသိမ်းသိမ်း ပြောဆိုသည်မှာ အတုယူဖွယ်ကောင်းပါသည်။ ပုဂ္ဂိုလ်ရေးအရ ချီးမွမ်းခြင်းမဟုတ်ပါ။ အရှိအတိုင်းရိုးသားစွာရေးခြင်းဖြစ်ပါသည်။ နောက်တစ်ခုက မိမိအမှားပြောမိပါက မိမိတာဝန်ယူရမည်ဖြစ်ပါသည်။ ဥပမာ–အမေရိကန်နိုင်ငံ၏ ကုလသမဂ္ဂကိုယ်စားလှယ် စူဇန်ရိုက်သည် လစ်ဗျားတွင် အမေရိကန်သံအမတ် အသတ်ခံရမှုတွင် စကားပြောမှား၍ တစ်ဖက်ပါတီဝေဖန်ခံရသဖြင့် သူကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီး လျာထားမှုစာရင်းမှ နုတ်ထွက်ခဲ့ပါသည်။ ဒါလည်း ဒီမိုကရေစီနိုင်ငံကြီး၏ အတုယူဖွယ်ပင်။ ဒီမှာတော့ စကားပြောမှားလည်း ဝန်မခံဘဲ ခပ်တည်တည်နေတာတော့ မသင့်ဟု ယူဆပါသည်။

ထို့ကြောင့် ကျွန်တော်အကြံပြုလိုသည်မှာ နိုင်ငံတော်ပိုင်းတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင်များ၊ အကြံပေးများ၊ ပါတီအကြီးအကဲများ၊ တိုင်းဒေသကြီးရှိ တာဝန်ရှိသူများအနေဖြင့် ပြောဆိုခြင်း၊ ဖြေကြားခြင်းပြုရာတွင် အစွန်းတရားများလွှတ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးရှိစေမည့် နှုတ်မကျွံဘဲ ပြောဆိုမိစေဖို့ လိုအပ်ကြောင်း ထောက်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

## မိုးကျရွှေကိုယ်များနှင့် အောက်ခြေမပြောင်းလဲခြင်း

ယနေ့ ဒီမိုကရေစီအစိုးရတက်ပြီး နှစ်နှစ်ခန့်ကာလအတွင်း ပြည်သူများ အားမရဆုံးတစ်ချက်မှာ အောက်ခြေများပြုပြင်ပြောင်းလဲမှု အားနည်းခြင်း ဖြစ်ပါသည်။ ဒါကိုလည်း နိုင်ငံတော်သမ္မတကြီးမှ သိရှိထားပြီးဖြစ်၍ မကြာခဏ ကြုံကြိုက်တိုင်း လမ်းညွှန်မှုပြုနေသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသဝန်ကြီးများကိုလည်း အခါအခွင့်သင့်တိုင်း ယနေ့ခေတ်စနစ်ကို သဘောပေါက် မခံယူဘဲ ခေတ်နောက်ပြန်ဆွဲလိုသူ၊ စနစ်ဟောင်းကို တမ်းတဖက်တွယ်နေသူများအား သတိပေးခြင်း၊ အရေးယူခြင်းပြုနေသည်ကိုလည်း တွေ့ရှိရပါသည်။ ဒါကသမ္မတကြီး၏ ပြည်သူများအတွက် အားရဖွယ်လုပ်ဆောင်ချက်ဖြစ်ပါသည်။

သို့သော် ယနေ့လို ဒီမိုကရေစီခေတ်စနစ်တွင် စနစ်နှင့် မလျော်ညီသော လုပ်ဆောင်မှုတစ်ခုမှာ ဌာနဆိုင်ရာ အကြီးအကဲများကို မိုးကျရွှေကိုယ်များဟု ယနေ့ခေတ်စားနေသည့် ပုဂ္ဂိုလ်များကို ဌာနဆိုင်ရာ အကြီးအကဲများ ခန့်ထားမှုပင် ဖြစ်ပါသည်။ တစ်ဖက်ကလည်း ဌာန

အကြီးအကဲ ပြောင်းရွှေ့ခန့်ထားခြင်းတွင် သဘာဝချင်း မတူညီသည့် လုံးလုံးလျားလျား ခြားနားနေသည့် ဌာနတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခန့်ထားခြင်းများ ပါဝင်လျက်ရှိနေသည်မှာ မဖြစ်သင့်ပါ။ ဥပမာ ပြီးခဲ့သော လပိုင်းအတွင်း ဆက်သွယ်ရေးမှ အကြီးအကဲတစ်ဦးကို ပညာရေးဌာနသို့ ပြောင်းရွှေ့ခန့်ထားခြင်းမျိုး ဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ပညာရေးမှာ သဘာဝချင်း လုံးဝမတူညီ၍ ပြောင်းရွှေ့လာသော အကြီးအကဲအနေဖြင့်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အချိန်ယူလေ့လာရမည် ဖြစ်ပါသည်။

ဒါကလည်း ယခင်တပ်မတော်အစိုးရ လက်ထက်ကပင် ဖြစ်ပါသည်။ တပ်မတော်အစိုးရသည် တိုင်းပြည်ကို အာဏာဖြင့်အုပ်ချုပ်ရ၍ ခေါင်းဆောင်မှသည် အောက်ခြေအထိ တပ်မတော်သားများ ဖြစ်သည်မှာမဆန်းပါ။ ဝန်ကြီးလည်းတပ်မတော်သား၊ ဒု-ဝန်ကြီးလည်း တပ်မတော်သား၊ ညွှန်ချုပ်များ M.D များလည်း တပ်မတော်သား၊ နောက်ဆုံးဦးစီးအရာရှိထိ တပ်မတော်သား အငြိမ်းစားများသာဖြစ်သည်မှာ တစ်သွေးတစ်သံတစ်မိန့် နာခံဖို့ပဲ ဖြစ်ပါသည်။

ယနေ့ ဒီမိုကရေစီ အစိုးရလက်ထက်တွင်တော့ ဒါက မဖြစ်သင့်တော့ပါ။ ဒီနေရာတွင် ကျွန်တော်သည် တပ်မတော်ကိုမလိုသည် မဟုတ်ပါ။ ဘာကြောင့်ဆိုလျှင် တပ်မတော်သားများမှာလည်း ပြည်သူများ၏ သားသမီးများဖြစ်ပါသည်။ ကျွန်တော်သည် တပ်မတော်ကို မမုန်းပါ။ သို့သော တပ်မတော်ကို သီးခြားလူတန်းစားတစ်ရပ်ဖြစ်အောင်၊ အခွင့်ထူးခံဖြစ်အောင် ပြုလုပ်သူများကိုတော့ ကျွန်တော်မနှစ်မြို့ပါ။ ဒါကလည်း တပ်မတော်ကို မြန်မာပြည်၏ သမိုင်းကြောင်းနှင့် ယှဉ်ပြီး ကျွန်တော်လက်ခံခြင်းဖြစ်ပါသည်။ တပ်မတော်သည် တိုင်းပြည်၏ ရန်စွယ်မှန်သမျှ ပြည်တွင်းပြည်ပ အရေးအကြောင်းရှိတိုင်း

ရှေ့တန်းက တော်လှန်ခဲ့သည်မှာ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့ရပြီးဖြစ်ပါသည်။

အောက်ခြေပြောင်းလဲမှု အားနည်းခြင်းကိစ္စကို ဆက်လက်ဆွေးနွေးရလျှင် ဌာနတစ်ခုတွင် အမှန်တကယ်ပြောင်းလဲရန် အရေးကြီးသူများမှာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးခေါ် M.D များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများမှအစ အောက်ခြေဦးစီးအရာရှိများအထိဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းပုဂ္ဂိုလ်များသည် ဌာနတစ်ခု၏လုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်နေသူများ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဝန်ကြီး၊ ဒုဝန်ကြီးသည် ယင်းကိုင်သောဌာန၏ ပေါ်လစီ(Policy)ချမှတ်သူများ ဖြစ်ပါသည်။ တကယ်အကောင်အထည် ဖော်သူမဟုတ်ပါ။ ၄င်းတို့သည် အများအားဖြင့် ရွေးချယ်ခံပုဂ္ဂိုလ်များ ဖြစ်ပါသည်။ အမြဲတမ်းရာထူးမဟုတ်ပါ။ ညွှန်ကြားရေးမှူးချုပ်မှသည် အောက်ခြေဝန်ထမ်းကတော့ ဘယ်ဝန်ကြီးတက်တက် ၄င်းတို့ကတော့ ပြည်သူ့ဝန်ထမ်းစစ်စစ်များဖြစ်၍ မပြောင်းလဲပါ။

ဒါကြောင့် လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်နေသည့် ညွှန်ကြားရေးမှူးချုပ်မှသည် အောက်ခြေဝန်ထမ်းအထိကတော့ ခံယူချက်၊ ယုံကြည်ချက်ဖြင့် ပြည်သူများ၏ ငွေကြေး၊ တိုင်းပြည်ဘဏ္ဍာစားသုံးသူများဖြစ်၍ ပြည်သူ့တာဝန် ကျေပွန်ဖို့လိုပါသည်။ ပြောင်းလဲလိုသည့် စိတ်ဓာတ်ရှိရမည် ဖြစ်ပါသည်။

တစ်ဖန် ဝန်ထမ်းတစ်ယောက်၏ မျှော်လင့်ချက်မှာ ရာထူးတစ်ဆင့်တိုးမြှင့်ခံရခြင်းဖြစ်ပါသည်။ ဒါကလည်း ကျွန်တော်ကိုယ်တိုင် ဝန်ထမ်းဘဝအနှစ် ၃၀ ခန့်လုပ်ကိုင်ခဲ့၍ ကျွန်တော့်ခံစားချက်

နှင့် ရေးခြင်းဖြစ်ပါသည်။ ဒါကိုလည်း ဝန်ထမ်းလုပ်ကိုင်ဖူးသူတိုင်း ခံစားရပါသည်။ ရာထူးတက်လမ်းမရှိက စိတ်ဓာတ်ကျပါသည်။ လုပ်ငန်းခွင်မှာလည်း ပျော်ရွှင်မှုမရှိဘဲ မထူးခေတ်ခင်းကာ လာဘ်စားခြင်း၊ အခွင့်အရေးယူခြင်း၊ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လိုစိတ်မရှိတော့ဘဲ အောက်ခြေပြောင်းလဲမှုကို ခေါင်းထဲတွင်မရှိတော့ပါ။ ဒါက ယနေ့ပကာတိ အခြေအနေ ဖြစ်ပါသည်။

ယင်းကြောင့် ယနေ့ကဲ့သို့ ခေတ်စနစ်သစ်တွင် သမ္မတကြီးကလည်း အကြိမ်ကြိမ် သတိပေးနေသည့်ကြားက ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများမှသည် အောက်ခြေဦးစီးအရာရှိအဆင့်ဆင့်အထိကို မိုးကျရွှေကိုယ်များကို လုံးဝမသုံးဘဲ အောက်ခြေက အဆင့်ဆင့်တက်လာသော ဝန်ထမ်းများ၊ ပညာနယ်ပယ်အလိုက် အတတ်ပညာအလိုက် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကို တာဝန်ပေးခြင်းဖြင့် ယနေ့ကြုံတွေ့နေရသော အောက်ခြေပြောင်းလဲမှုကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဒါက ဌာနဆိုင်ရာပိုင်းဖြစ်ပါသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်က နေပြည်တော်တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ လမ်းညွှန်မိန့်ကြားသည့် အခမ်းအနားတွင် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တတိယအဆင့် အနေဖြင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကိစ္စများကို ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပြည်သူတို့ကိုယ်တိုင် ရွေးချယ်သည့် ရပ်ကွက်ကိုယ်စားလှယ်များ၊ မြို့နယ်ကိုယ်စားလှယ်များနှင့် ကော်မတီဖွဲ့စည်းကာ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်ပင်သာယာကိစ္စကိုလည်း ဟိုယခင်ကလို မြို့နယ်ကော်မတီပုံစံမျိုးဖြင့် တစ်ဦးတစ်ယောက်က မအုပ်ချုပ်ဘဲ ကော်မတီပုံစံဖြင့်

တတိယအဆင့် ဆောင်ရွက်သွားမည်ဟု သမ္မတကြီးမိန့်ကြားချက်ကို လည်း ကျွန်တော်အလေးအနက် ထောက်ခံလိုပါသည်။

အောက်ခြေ အမှန်တကယ် ပြောင်းလဲရန်ကို ပြည်သူများပါဝင် ဆောင်ရွက်လာနိုင်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ကျွန်တော်ယုံကြည်ပါ သည်။ အုပ်ချုပ်ရေးပိုင်း စီမံခန့်ခွဲရေးပိုင်း ပြောင်းလဲမှသာ ပြည်သူ များ၏ နေ့စဉ်ဘဝ လိုအပ်ချက်များ ပိုမိုပြည့်ဆည်းလာနိုင်သည် ဖြစ်ပါ သည်။

ဒါကြောင့် နိဂုံးချုပ်ရေးသားရလျှင် အောက်ခြေပြောင်းလဲမှုများ ကို ပြုပြင်လိုပါက ဌာနတစ်ခုတွင် ညွှန်ကြားရေးမှူးချုပ်မှသည် အောက်ခြေဦးစီးအရာရှိအဆင့်၊ မြို့နယ်အဆင့် တာဝန်ခံများအထိကို မိုးကျရွှေကိုယ်ဟု ယနေ့တွင်ကျယ်နေသည့် ပုဂ္ဂိုလ်များ၊ လုပ်ငန်းဌာန ၏ သဘောသဘာဝနှင့် အတတ်ပညာ၊ အသိပညာများတွင် ကျွမ်းကျင် မှုမရှိသော ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ခြင်းမပြုဘဲ အောက်ခြေ အဆင့်ဆင့်မှ ကျွမ်းကျင်သူများ မိမိဌာန၏ လုပ်ငန်းနှင့်သက်ဆိုင်သူ များ၊ ဥပမာ ပညာရေးဌာနဆိုပါက ပညာရေးမှ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းတို့ဖြင့် ဆောင်ရွက်မှသာလျှင် သမ္မတကြီးမျှော်မှန်းသလို အောက်ခြေမှ ပြုပြင်ပြောင်းလဲမှုများ အမှန် ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုပါသည်။

## တိုင်းပြည်တိုးတက်ဖို့ ကံ၊ ဉာဏ်၊ ဝီရိယ လိုသည်

လူတစ်ဦးတစ်ယောက် ကြီးပွားရာ၊ ကြီးပွားကြောင်းကို လောကီ၊ လောကုတ္တရာအလိုအရ လမ်းညွှန်မှုမှာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးသာဖြစ်ပါသည်။ လူတစ်ယောက်တွင် ယင်းသုံးမျိုးဖြင့် ပြည့်စုံပါက အနေးနှင့်အမြန် ကြီးပွားချမ်းသာမှုကို ရရှိမည်ဖြစ်ပါသည်။

ထို့အတူ နိုင်ငံတစ်နိုင်ငံသည်လည်း ယင်းသုံးမျိုးဖြင့် ပြည့်စုံလျှင် ကြီးပွားချမ်းသာမှု ကေန်ဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အာရပ်ကမ္ဘာသည်လည်းကောင်း၊ ကျွန်တော်တို့နိုင်ငံသည်လည်းကောင်း၊ ကံမကောင်းခဲ့၍ မှားယွင်းသော ခေါင်းဆောင်များ၊ မှားယွင်းသောစနစ်အောက်တွင် ညံ့ဖျင်းသော ခေါင်းဆောင်များ၊ စည်းလုံးမှုမရှိသော ငြိမ်းချမ်းမှုမရှိသော ဘဝများကို ဖြတ်သန်းခဲ့ရခြင်း ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်နောက်ပိုင်း၊ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်ကံကြမ္မာမကောင်း၍ ခေါင်းဆောင်အချင်းချင်း ဝါဒသဘောထားများကွဲကာ စည်းလုံးမှုမရှိဘဲ တိုင်းပြည်မှာ စစ်ဘေးစစ်ဒဏ်၊ သောင်းကျန်းမှုဒဏ်ခံခဲ့ရပါသည်။ ထို့အတူ အာဏာရပါတီတွင်လည်း အစိပ်

စိပ်အမြှာမြှာ စိတ်ဝမ်းကွဲပြီး တိုင်းပြည်ကို ဦးမဆောင်နိုင်ခြင်းမှာလည်း တိုင်းပြည်၏ ကံ၊ ပြည်သူတွေ၏ ကံမကောင်းခဲ့၍သာ ဖြစ်ပါသည်။

တစ်ဖန် တစ်ပါတီအာဏာရှင်စနစ်၊ စစ်အုပ်ချုပ်ရေးစနစ်များဖြင့် ဆက်လက်အုပ်ချုပ်တော့လည်း တိုင်းပြည်၏ ကံမကောင်း၍ ပြည်သူတွေ ဘယ်လိုပင် နိုးကြားတက်ကြွစွာ တော်လှန်သော်လည်း အရာမရောက်ဘဲ နှစ်ငါးဆယ်ခန့် တိုင်းပြည်ကံကြမ္မာဆိုးခဲ့ရပါသည်။

ဒါတွေက ကျွန်တော်တို့ ပြည်သူတို့၏ ကံ၊ တိုင်းပြည်၏ကံကြောင့်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အယူအဆအရ ကံကံ၏အကျိုးပေးဖြစ်ခဲ့ရပါသည်။ သို့သော် ကျွန်တော်တို့ ပြည်သူတွေ၏ ကံဇာတာတက်လာတော့ ယခင်စစ်ခေါင်းဆောင်များက အသိတရားရှိလာပြီး လမ်းပြမြေပုံခုနစ်ချက် ရေးဆွဲကာ ဒီမိုကရေစီနိုင်ငံထူထောင်ရေး ကြိုးပမ်းမှုသည်လည်း တိုင်းပြည်၏ကံကောင်းမှုဘက် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ထို့အတူ ၂၀၁၁ ခုနှစ်တွင် လွှတ်တော်နှင့်ဒီမိုကရေစီအစိုးရပေါ်ပေါက်ပြီး ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည့် သမ္မတကိုရရှိခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ဉာဏ်အမြော်အမြင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦး တိုင်းပြည်၏ အရေးအရာများတွင် ပါဝင်ဆောင်ရွက်လာခြင်းတို့သည် ကံကြမ္မာကောင်းဘက် ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ကံ၊ ဉာဏ်၊ ဝီရိယဟူသော အင်္ဂါသုံးပါးတွင် ယနေ့အချိန်အခါသည် ကျွန်တော်တို့ မြန်မာနိုင်ငံစန်းပွင့်ချိန်၊ ကံကောင်းချိန်ဟု ကျွန်တော်ပြောရပါသည်။ ယင်းသို့ ကံကောင်းချိန်တွင် ကျွန်တော်တို့ လိုအပ်ချက်မှာ ဉာဏ်နှင့်ဝီရိယဖြစ်ပါသည်။ စနစ်လည်းမှန်၊ ခေါင်းဆောင်ကောင်းတွေလည်းရှိချိန် ဉာဏ်နှင့် ဝီရိယကူပါက ကျွန်တော်တို့ တိုင်းပြည်တစ်ဟုန်ထိုး တိုးတက်မည်ဟု ယူဆပါသည်။

ဉာဏ်ပညာသော အပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ထောက်ပြသလို ပညာရည်မြင့်မားသော၊ အသိဉာဏ်ကြွယ်သော တိုင်းသူပြည်သားများဖြစ်ဖို့ လိုသလို ဉာဏ်အမြော်အမြင်ရှိသော ခေါင်းဆောင်များလည်း အထူးလိုအပ်လှပါသည်။ တစ်ချိန်က တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၏ ခိုင်းစေချက်အရ လုပ်ကိုင်ရသော်လည်း ယခုအခါ နိုင်ငံ၏အရေးအရာတွင်ပါဝင်သော သမ္မတမှသည် အောက်ခြေမြို့နယ်၊ ရပ်ကွက်အဆင့်ထိ အဆင့်ဆင့် ဦးဆောင်မှုပြုသော ပုဂ္ဂိုလ်များ၏ ဉာဏ်ရည်မြင့်မားလျှင် မြင့်မားသလို တိုင်းပြည်တိုးတက်မည် ဖြစ်ပါသည်။

ကျွန်တော် ဤနေရာတွင် ဥပမာပေးလိုသည်မှာ စင်ကာပူနိုင်ငံဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝမှုမရှိဘဲ တိုးတက်နေသည်မှာ ဉာဏ်အမြော်အမြင်ရှိသော ခေါင်းဆောင်များ၏ ဦးဆောင်မှု၊ ပညာရည်မြင့်မားသော ပြည်သူများ၊ အလုပ်ကြိုးစားသော ပြည်သူများကြောင့် ဖြစ်ပါသည်။ ထို့အတူ ဂျပန်၊ တောင်ကိုရီးယားတို့သည်လည်း ယင်းအချက်များကြောင့်ပင် တိုးတက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်တိုင်းဒေသကြီး ဝန်ကြီးချုပ်များအပါအဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့နိုင်ငံတော်ကို ဦးဆောင်နေသည့် ပုဂ္ဂိုလ်များဖြစ်၍ ဉာဏ်အမြော်အမြင်ကြီးမားခြင်း၊ တိုင်းပြည်နှင့် ပြည်သူအပေါ် စေတနာထားရှိခြင်း၊ ကိုယ်ကျိုးမဖက် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ နည်းမှန်လမ်းမှန် ခေါင်းဆောင်မှုပြုခြင်းများရှိလျှင် ရှိသလို တိုင်းပြည်၏ တိုးတက်မှုသည် မြန်ဆန်မည်ဖြစ်ပါသည်။ သမ္မတကြီး ပြောသလို နောက်ပြန်ဆွဲခြင်း၊ တွေဝေခြင်း၊ စေတနာမရှိခြင်း၊ ခိုင်းမှလုပ်ပြီး မိမိတို့ကိုယ်ပိုင်ဦးဆောင်မှု

မပြုခြင်းတို့သည် ကျွန်တော်တို့ပြည်သူတွေ ဘယ်လောက်ပင် ကံကောင်းစေကာမူ ဉာဏ်နှင့်မယှဉ်ပါက တိုးတက်မှုရရှိမည် မဟုတ်ပေ။

ထို့အတူ ကျွန်တော်တို့ ပြည်သူများ၏ အသိဉာဏ်ရှိခြင်း၊ ဝီရိယရှိခြင်း၊ နိုင်ငံကြီးသားပီသသော အမူအကျင့်ရှိခြင်းတို့သည်လည်း တိုင်းပြည်တိုးတက်ရေးအတွက် လွန်စွာလိုအပ်ပါသည်။ အမှိုက်ပစ်တာကအစ ပြည်သူတစ်ယောက် လိုက်နာရမည့် ပြည်သူ့နီတိကို လိုက်နာခြင်း၊ နိုင်ငံတော်၏ တရားဥပဒေ၊ စည်းကမ်းများကို အသိနှင့်ယှဉ် လိုက်နာခြင်းဖြင့်လည်း တိုင်းပြည်တိုးတက်မှုကို ရရှိမည်ဖြစ်ပါသည်။

နောက်တစ်ချက်အနေဖြင့် ကျွန်တော်တင်ပြခဲ့သော တိုးတက်နေသည့် နိုင်ငံသားများ၏ ဝီရိယကိုကြည့်လျှင် ကျွန်တော်တို့ထက်များစွာ သာလွန်ပါသည်။ ဥပမာအားဖြင့် မြန်မာပြည်မှ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်တို့သို့ သွားရောက်လုပ်ကိုင်သူများအသိ ဖြစ်ပါသည်။ သူတို့မှာ အလုပ်ချိန်မရှိဘဲ လုပ်လျှင်လုပ်သလောက် ငွေကြေးရရှိ၍ အမြဲကြိုးစားရပါသည်။ ဝီရိယကိုယ်စီ ရှိရပါသည်။ ဖျင်းနေလို့မရပါ။ တိုက်ခန်းအကြွေး၊ ကားဖိုးအကြွေး ပေးရန် အသက်ကြီးသည့်တိုင် ရုန်းကန်လှုပ်ရှားနေရသည်မှာ ရောက်ဖူးသူတိုင်း သိပါသည်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရလျှင် သူများနိုင်ငံထက် နှစ်ဆ၊ သုံးဆပြအောင် လန်အောင် လုပ်နိုင်မှ တော်ကာကျမည်ဟု စကားခပ်ရိုင်းရိုင်း ပြောဆိုခဲ့သည်ကို မှတ်မိကြမည် ဖြစ်ပါသည်။

ယခုအခါ ကျွန်တော်တို့ နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးရန် အရှိန်ယူချိန်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ စီးပွားရေးကျပ်သည်ဆိုသော်လည်း ထမင်းနပ်မှန်အောင် စားနေရခြင်း၊ တိုးတက်မှုရှာရန် ကြံဆောင်မှုနည်းခြင်းတို့ကြောင့် ဝီရိယပိုင်းတွင် အားရစရာ

မရှိသေးသည်ကို တွေ့ရပါသည်။ ထို့အတူ နိုင်ငံတော်ပိုင်းတွင်လည်း အလုပ်ရုံဆွေးနွေးပွဲတွေ၊ စည်းဝေးပွဲတွေ၊ ကွန်ဖရင့်တွေနဲ့သာ အချိန်ကုန်နေပါသည်။ ထိရောက်သော လုပ်ကိုင်မှုအားနည်းနေသည်ဟု သုံးသပ်မိပါသည်။ အပြောမဟုတ် အလုပ်နှင့်သက်သေပြဖို့ အချိန်ရောက်ပြီဖြစ်ပါသည်။ ထို့အတူ ယခင်စနစ်ဆိုးများ၏ အမွေကြောင့်လည်း မကြိုးစားဘဲ လွယ်လွယ်ရသည့် လုပ်ငန်းများတွင် လူအများမွေ့လျော်နေခြင်းသည် ပြောင်းလဲရမည့် အမူအကျင့်များ ဖြစ်ပါသည်။

ဒါကြောင့် ကျွန်တော်အကြံပြုရေးသားလိုသည်မှာ ကျွန်တော်တို့တိုင်းပြည်တိုးတက်ဖို့ဆိုရင် ယခုလို တိုင်းပြည်၏ ကံဇာတာတက်ချိန်တွင် မည်သည့်လုပ်ငန်းမဆို ခေါင်းဆောင်များမှသည် ပြည်သူများကို ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် ဦးဆောင်ခြင်း၊ ပြည်သူများကလည်း နောက်လိုက်ကောင်းများ ပီသစွာဖြင့် တိုင်းပြည်အတွက် မိမိအကျိုးစီးပွားအပါအဝင် ဝီရိယခွန်းပကားရှိ၍ အလုပ်ကြိုးစားသော ပြည်သူများဖြင့်သာ တိုင်းပြည်၏ တိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ရေးသားရပါသည်။

## အောက်ခြေမပြောင်းလဲခြင်းနှင့် တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရ၏ အခန်းကဏ္ဍ

ကျွန်တော်သည် ပြီးခဲ့သော ဇန်နဝါရီလအတွင်းက "မိုးကျရွှေကိုယ်များနှင့် အောက်ခြေမပြောင်းလဲခြင်း" ဟူသော ဆောင်းပါးတစ်ပုဒ်ဖြင့် ယနေ့ ပြည်သူများကြုံတွေ့နေရသော အောက်ခြေပြုပြင်ပြောင်းလဲမှုမရှိခြင်းသည် မိုးကျရွှေကိုယ်ခေါ် ဌာနဆိုင်ရာ အကြီးအကဲများကို တပ်မှပုဂ္ဂိုလ်များ၊ သဘာဝမကျညီသော ဌာနဆိုင်ရာ အကြီးအကဲများ ပြောင်းရွှေ့ခန့်ထားခြင်းဖြင့် ဌာနများတွင် အခက်အခဲဖြစ်ပေါ်ကာ အောက်ခြေဝန်ထမ်းများ စိတ်ဓာတ်ကျပြီး အောက်ခြေပြုပြင်ပြောင်းလဲမှု နှေးကွေးနေရခြင်းကို ဝေဖန်ထောက်ပြရေးသားခဲ့ပါသည်။

ယခုတစ်ဖန် အောက်ခြေပြုပြင်ပြောင်းလဲမှု နှေးကွေးနေရခြင်းမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများနှင့် တိုက်ရိုက်ပတ်သက်မှုရှိနေကြောင်းကို ကျွန်တော်ဝေဖန်ထောက်ပြရေးသားလိုပါသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၂၅၀)တွင် "တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့

ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ (၂၅၆)တွင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် -

(က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည် ဟူ၍ အတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများသည် မိမိ၏ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာအားလုံး၏ ကိစ္စအဝဝကို ကြီးကြပ်ရန်တာဝန်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တာဝန်ခံအုပ်ချုပ်ရသကဲ့သို့ သီးခြားဝန်ကြီးဌာနများမှာလည်း မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကိုသာ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့အတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ၏တာဝန်မှာ ပိုမို၍ အခြေခံကျသည်ကို တွေ့ရှိရပါသည်။ အောက်ခြေ

ပြောင်းလဲခြင်းဟူသည်မှာ ဗဟိုနှင့်မဆိုင်ပါ။ တိုင်းအဆင့်မှ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အထိဟု ကျွန်တော်သဘောပေါက်ပါသည်။ ထိုအဆင့် သုံးဆင့်တွင်လည်း ကျေးရွာရပ်ကွက်မှာ ဝန်ထမ်းဟူ၍ ရပ်ကွက်စာရေးသာရှိပြီး အဓိကမှာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင်သာ အဓိကတာဝန်ရှိပါသည်။

ထို့ကြောင့် အောက်ခြေမပြောင်းလဲခြင်းကို ဝေဖန်ပိုင်းခြားကြည့်ပါက တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်အဆင့် ဝန်ထမ်းအဖွဲ့အစည်းများ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့်အဖွဲ့အစည်းများ၏ ပြောင်းလဲမှုအားနည်းခြင်းဟု သုံးသပ်မိပါသည်။

ယခင်စစ်အစိုးရ လက်ထက်က တိုင်းမှူးဖြစ်သူတစ်ဦးသာ အုပ်ချုပ်ပြီး၊ ယခုအစိုးရသစ်လက်ထက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ ပေါ်ပေါက်လာသည့်အခါ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ် အပါအဝင် ဝန်ကြီးများဖြင့် အုပ်ချုပ်ရသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် များ၏ဖွံ့ဖြိုးမှုကို ပိုမိုဆောင်ရွက်နိုင်ရမည့် ဖြစ်ပါသည်။

ပြီးခဲ့သော ဒီဇင်ဘာလအတွင်းက နေပြည်တော်တွင် ကျင်းပသော တတိယအဆင့် ပြုပြင်ပြောင်းလဲရေး အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စွမ်းရည်ထက်မြက်ရေးရှိရင်ရှိသလို မိမိတို့ပြည်နယ်၊ တိုင်းဒေသကြီးများ တိုးတက်မှုရှိမှာဖြစ်ပြီး ဒေသတွင်းဌာနများ၏ လုပ်ငန်းဆောင်တာများကို အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေရေးကိစ္စကို အလေးအနက် လမ်းညွှန်မှုပြုထားသည်ကို မှတ်သားမိခဲ့ပါသည်။ နောက် ပြန်ဆွဲလိုသူ၊ နှေးကွေးနေသူ၊ တွေဝေနေသူများကို လက်တွဲဖြုတ်ရမည့်ကိစ္စကိုလည်း အလေးအနက် ထောက်ပြပြောဆိုခဲ့ပါသည်။

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့

လက်အောက်ရှိ ဌာနဆိုင်ရာများ၏ အောက်ခြေပြုပြင်ပြောင်းလဲမှု နည်းပါးနေခြင်းမှာ တိုက်ရိုက်တာဝန်ရှိသည်ဟု ကျွန်တော်သုံးသပ်မိပါသည်။ ဥပမာ-ရန်ကုန်တိုင်းအစိုးရကြီးအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာကိစ္စ၊ မထသ၏ သယ်ယူပို့ဆောင်ရေးကိစ္စများတွင် တိုက်ရိုက်တာဝန်ရှိပါသည်။ စည်ပင်သာယာမသိဘဲ ခွင့်ပြုမိန့်မရှိဘဲ ကန်ထရိုက်တိုက်များ ဆောက်လုပ်ခြင်း၊ မထသ လက်အောက်ရှိ ယာဉ်လိုင်းများတွင် ပြည်သူများ အခက်အခဲဖြစ်နေခြင်းတို့သည် ယင်းဌာနများတွင် တိုက်ရိုက်တာဝန်ရှိသလို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တွင်လည်း တာဝန်ရှိမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းဌာနများသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲနေ၍ ဖြစ်ပါသည်။

ယခုအစိုးရသစ် တက်လာပြီး နှစ်နှစ်ခန့်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ဆောင်ချက်များသည် စွမ်းရည်ထက်မြက်မှုမရှိ၍ သမ္မတကြီးထောက်ပြသလို ပြည်သူများအတွင်း ဝေဖန်မှုရှိနေသော အောက်ခြေမပြောင်းလဲခြင်းကိစ္စများ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

မလုပ်၊ မရှုပ်၊ မပြုတ် (မ)သုံးလုံး ဆောင်နေလျှင်တော့ ထူးခြားမှုမရှိနိုင်ပါ။ သမ္မတကြီး၏ ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုအစိုးရထက်မြက်သလို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ ထက်မြက်မှုလည်း ဟန်ချက်ညီညီရှိဖို့လိုပါသည်။ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုလည်း ၎င်းတို့တာဝန်ကျေပွန်မှုရှိ မရှိ ဌာနများ၏ အလွဲသုံးစားမှုကိစ္စများကို စိစစ်ဖော်ထုတ်နေချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍမှာ အားရဖွယ်မရှိပါ။ ဝန်ကြီးချုပ်များအပါအဝင် တာဝန်ခံသော ဒေသ(သို့မဟုတ်)ပြည်နယ်ဝန်ကြီးများ

စွမ်းဆောင်ရည်ရှိလျှင်ရှိသလို ၄င်းဒေသအတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ပြောင်းလဲမှုကို ထိရောက်စေမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုအောက်ရှိ ခရိုင်မြို့နယ် အဆင့်ဆင့်သော အာဏာပိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အားနည်းချက်များကို သယ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဆိုင်ရာလွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များတွင် အမြဲဝေဖန်နေသည်မှာ အောက်ခြေပြောင်းလဲမှုကို အားမရ၍ ဖြစ်ပါသည်။ ဗဟန်းမြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ညိုညိုသင်းတို့လို ထက်ထက်မြက်မြက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်အစည်းအဝေးများတွင် ဝေဖန်နေသည်မှာ ဒေသဆိုင်ရာအစိုးရများ ထက်မြက်မှုရှိစေရန်နှင့် အောက်ခြေပြောင်းလဲမှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော်ထောက်ပြလိုသော အချက်တစ်ရပ်မှာ ပြည်ထောင်စုအစိုးရမှလည်း နေရာတကာ အောက်ခြေအထိ လက်ကုန်မနှိုက်ဘဲ ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့လိုပါသည်။ လွှတ်တော်များမှလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ ဥပမာအနေဖြင့် တင်ပြရလျှင် ပြီးခဲ့သော ဆဋ္ဌမအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကမာရွတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ လှည်းတန်းဈေးကိစ္စ မေးခွန်းမျိုးမှာ မမေးသင့်သောကိစ္စဖြစ်ပါသည်။ လှည်းတန်းဈေးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာ၏ လက်အောက်တွင်ရှိ၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အဆင့်တွင်သာ မေးမြန်းရမည့် မေးခွန်းဖြစ်ပါသည်။ မလို

အပ်ဘဲ ပြည်သူ့လွှတ်တော်မှာ မေးခွန်းမေးခြင်းဖြင့် အချိန်ကုန်အရာ မရောက်ဖြစ်ပါသည်။

ထို့ကြောင့် နိဂုံးချုပ်ရေးသားရလျှင် အောက်ခြေများ အမှန်တကယ် ပြုပြင်ပြောင်းလဲရန်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စွမ်းဆောင်ရည်ပေါ်တွင်သာ တည်နေပြီး ဒေသဆိုင်ရာအစိုးရများ၏ အခန်းကဏ္ဍပိုမိုပီပြင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ထောက်ပြရေးသားလိုပါသည်။

## ကျွန်တော်ကိုယ်တွေ့ အဂတိလိုက်စားမှုများ

ယနေ့အချိန်တွင် နိုင်ငံတော်မှ စီမံချက်ချမှတ်၍ ဦးစားပေး လုပ်ကိုင်နေရသောလုပ်ငန်းမှာ အဂတိလိုက်စားမှု ပပျောက်ရေးဖြစ်ပါ သည်။ လာဘ်ပေး၊ လာဘ်ယူ၊ အကျင့်ပျက် ခြစားမှုနှင့် အဂတိလိုက် စားမှုများသည် ယခင်ခေတ်အစိုးရလက်ထက်မှ ကောင်းမွေ၊ ဆိုးမွေ ခံစားရမှုများ ဖြစ်ပါသည်။ နိုင်ငံတော်၏ထိပ်ပိုင်းပုဂ္ဂိုလ်များမှအစ အောက်ခြေလုံခြုံရေးအစောင့်၊ သန့်ရှင်းရေးအလုပ်သမားအထိ အကျင့် ပျက်မှုများမှာ နေရာတကာတွင် ဖြစ်ပေါ်လျက်ရှိနေသည်ကို အားလုံး အသိဖြစ်ပါသည်။

လတ်တလော ဖြစ်ပေါ်နေသော ဆက်သွယ်ရေးနှင့် ပတ်သက် သောကိစ္စများ၊ အကောက်ခွန်ဌာနကိစ္စများသည် မဖုံးနိုင် မဖိနိုင်မှ ပေါ်ပေါက်လာသော ကိစ္စများဖြစ်ပါသည်။ ဌာနဆိုင်ရာများနှင့် ပွင့် လင်းမြင်သာမှုမရှိခြင်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်အချို့သည် လုပ်ငန်းခက်ခဲမှု ဖြစ်ပေါ်စေပြီး ဝန်ထမ်းအချို့၏ အဂတိလိုက်စားမှု ကို အားပေးရာရောက်သော ကိစ္စများဖြစ်ပေါ်နေသည်ကိုလည်း တွေ့ ရှိရပါသည်။

ထို့ကြောင့် ယခုအခါ နိုင်ငံတော် ဒု-သမ္မတမှ ဦးဆောင်၍ နိုင်ငံတော်အဆင့် ဖွဲ့စည်းသော လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ကော်မတီသည် တရားဝင်ပေါ်ပေါက်လာပြီး ဖိဖိစီးစီး ဆောင်ရွက်နိုင်သည်နှင့်အမျှ အဂတိလိုက်စားမှုများ၊ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော လာဘ်ပေးလာဘ်ယူမှုများသည် အနေးနှင့်အမြန် လျော့နည်းပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ပြည်သူများ ပူးပေါင်းပါဝင်သည်နှင့်အမျှ အရှိန်အဟုန်ဖြင့် မြင့်မားမည်ဖြစ်ပါသည်။

ကျွန်တော်သည် ဝန်ထမ်းလုပ်သက် နှစ်(၃၀)ခန့်နှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်အဖြစ် အနှစ်(၂၀)ခန့်အတွင်း တွေ့ကြုံခဲ့ရသော အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျွန်တော်ကိုယ်တွေ့မှုများကို ဖော်ပြရေးသားရပါသည်။

<u>အတွေ့အကြုံ (၁)</u>

ကျွန်တော်သည် ၁၉၆၈ ခုနှစ်ခန့်က ယခု လယ်၊ စိုက်၊ ရှင်းခေါ် မြေ/ကျေး၊ ရှင်းဌာနတွင် အောက်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ယင်းအချိန်က ကျွန်တော် ဌာနခွဲမှဝန်ထမ်းအချို့ ငွေစာရင်းဌာနမှ ပုဂ္ဂိုလ်များနှင့်ပူးပေါင်းကာ ပြေစာတုများဖြင့် ဌာနပိုင်ငွေများ အလွဲသုံးစားပြုသည်ကို သိရှိရသဖြင့် ယင်းအချိန်က ထုတ်ဝေသော နိုင်ငံပိုင် "လုပ်သားပြည်သူ့" သတင်းစာတွင် "ပြေစာ" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ထုတ်ရေးသားခဲ့ပါသည်။ ထိုသို့ ရေးသားမှုကြောင့် အထက်မှလာစစ်ပြီး ပုဂ္ဂိုလ်အချို့ အရေးယူခံခဲ့ရပါသည်။

ဒီလိုပြေစာတုဖြင့် ငွေကြေးလိမ်လည်ထုတ်ခြင်းမှာ ဌာနတော်တော်များများ ယခုတိုင်ရှိပါသည်။ ဝန်ထမ်းတော်တော်များများလည်း သိရှိကြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက လုပ်ငန်းဌာနတွင် အလုပ်အပ်ပါ

က ယင်းပုဂ္ဂလိကလုပ်ငန်း၏ တံဆိပ်တုံးပါသော ပြေစာအလွတ်ကို ရယူသုံးစွဲခြင်းဖြင့် ဌာနပိုင်ငွေကြေးကို ပိုမိုထုတ်ယူခြင်း၊ အလွဲသုံးစား ပြုခြင်းများမှာ ယနေ့တိုင်လည်း ရှိနေသည်ကို ဌာနတော်တော်များ များတွင် လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**အတွေ့အကြုံ (၂)**

ကျွန်တော်သည် ၁၉၉၆ ( Visit Myanmar Year 1996) မြန်မာ့ ခရီးသွားနှစ်ပတ်ဝန်းကျင်က မိတ်ဆွေအချို့နှင့် အင်းလျားမြိုင်တွင် ဟိုတယ်အစုစပ်ဖွင့်ပါသည်။ ကျွန်တော်လည်း ကုမ္ပဏီဒါရိုက်တာ တစ်ဦးဖြစ်ရာ ဟိုတယ်လိုင်စင်ကိစ္စရရှိရေးကို တာဝန်ယူခဲ့ရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာဌာန၏ ခွင့်ပြုချက်လည်း လိုအပ်၍ သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်လျှောက်ထားရာ၊ ပုံမှန် အတိုင်းဆိုလျှင် တစ်လခန့်ကြာမည်။ သက်ဆိုင်ရာ ရဲ၊ မီးသတ်၊ ကျန်းမာရေး စသည့်ထောက်ခံချက်များဖြင့် တင်ရမည်။ ဒီကိစ္စတွေ မလုပ်လိုပါက ငွေငါးသောင်းကျပ်ပေးရန် သက်ဆိုင်ရာဝန်ထမ်းက ပြောပါသည်။ တစ်ပတ်အတွင်းလည်း ရမည်ဖြစ်ပါသည်။ ကျွန်တော် က ငါးသောင်းကျပ်များ၍ လျှော့ပေါ့ရန် ဈေးဆစ်ရာ ဝန်ထမ်းက ယင်းမြို့နယ်တွင်ပင် ယနေ့ခေတ်စီးပွားရေး ထိပ်တန်းလုပ်ငန်းရှင်ကြီး တစ်ဦး၏ အမည်ပြော၍ ယင်းဟိုတယ်ဆိုလျှင် ယခင်နေ့က ရှစ်သောင်း ကျပ်ပေးကြောင်း၊ ကျွန်တော်တို့ဟိုတယ်ကသေး၍ ငါးသောင်းကျပ်သာ ယူကြောင်းပြော၍ ဈေးဆစ်မရသဖြင့် ဒါရိုက်တာအစည်းအဝေးတွင် ပြန်လည်တင်ပြခဲ့ရာ ပေးရန် အားလုံးက သဘောတူရာ ပေးခဲ့ရသည်မှာ လွန်ခဲ့သော (၁၇)နှစ်က အတွေ့အကြုံဖြစ်ပါသည်။

**အတွေ့အကြုံ (၃)**

ကျွန်တော်သည် ၁၉၈၉ မှစ၍ ၂၀၀၀ ပြည့်နှစ်လောက်အထိ

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် လက်ဖက်ရည်ဆိုင်လုပ်ငန်း လုပ်ကိုင်ခဲ့ပါသည်။ ယင်းအချိန်တွင် အမြတ်ခွန်အပြင် ကုန်သွယ်လုပ်ငန်းသည် စတင်နေချိန်ဖြစ်ပါသည်။ တစ်ရက် ဆိုင်တွင် ကျွန်တော်မရှိခိုက် တိုင်းအခွန်ဦးစီးဌာနမှ ကျွန်တော်ဆိုင်ကို ကွင်းဆင်းစာရင်းကောက်ပါသည်။ ထိုအခါ ကျွန်တော့်ဇနီးကလည်း မသိဘဲ လက်ရှိအခြေအနေအတိုင်း တိတိကျကျ ဖြေကြားပြောဆိုခဲ့ရာ နောက်ဆုံးစာရင်းထွက်သည့်အခါ ကျွန်တော့်ဆိုင်၏ ရောင်းအားဖြင့် ကုန်သွယ်ခွန်ထွက်ရာ ယင်းခေတ်က ငွေဖြင့်တစ်ရက်လျှင် တစ်သောင်းကျော်ခန့်ကျနေပါသည်။ ထိုအခါ ကျွန်တော့်မှာ ဆိုင်ပိတ်ရမည့် အခြေအနေဖြစ်ပါသည်။

ကံအားလျော်စွာ တိုင်းအခွန်ရုံးတွင် ကျွန်တော့်မိတ်ဆွေတစ်ဦး၏ ဆက်သွယ်ပေးမှုအရ ဝန်ထမ်းတစ်ဦးနှင့် ဆက်သွယ်မိရာ ယင်းဝန်ထမ်းက ဆောင်ရွက်ပေးရာ လစဉ်ပုံသေကုန်သွယ်ခွန် ထောင်ဂဏန်းသာ ကျပါသည်။ သို့သော် ကုန်ကျစရိတ် သောင်းဂဏန်းလောက်ကုန်လိုက်ရသည်။

**<u>အတွေ့အကြုံ (၄)</u>**

ကျွန်တော်သည် အထက်တွင် ပြောပြသလို စားသောက်ဆိုင်ဖွင့်ရင်း တစ်ဖက်ကလည်း ကားဝယ်ရောင်းလုပ်ပါသည်။ ထို့ကြောင့် က.ည.န နှင့်လုပ်ကိုင်မှု အဆင်ပြေစေရန် လိုင်စင်ပွဲစားများနှင့် ဆက်သွယ်ရပါသည်။ တစ်ကြိမ်က ကျွန်တော်ဝယ်သော ဆန်နီပစ်ကပ်ကားတစ်စီးလိုင်စင်ဝင်ရာတွင် ကားဘော်ဒီချက်ဆီ ကားခေါင်းခန်းအတွင်း ဘော်ဒီအနီးတွင် သံချေးပေါက်ရာများဖြစ်၍ သက်ဆိုင်ရာအင်ဂျင်နီယာက RTAခေါ် ကားချို့ယွင်းမှု မှတ်တမ်းရိုက်ရန် တိုင်းမှူးထံ တင်ပြပါသည်။

ထိုအခါ ကျွန်တော့်မှာ ခေါင်းကြီးပြီးလိုင်စင်ပွဲစားထံ အပ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကားတစ်စီး RTA အထုခံရပါက ယင်းခေတ်၏ ငွေနှင့်ပင် လေးငါးသိန်းဈေးကျသွားနိုင်ပါသည်။ ထို့ကြောင့် ကားဝယ်ရောင်းတိုင်း RTA အထုခံရမှာ ကြောက်ပါသည်။ လိုင်စင်ပွဲစား၏ အကျိုးဆောင်မှုကြောင့် တိုင်းမှူးထံမှ ပြန်ကျသည့်အခါ တစ်နှစ်ဆိုင်းငံ့ရန် အမိန့်ကျရာ ကျွန်တော်ကံကောင်းရပါသည်။ သို့ပေမယ့် အကျိုးဆောင်ခတော့ မြိုးမြိုးမြက်မြက် ပေးလိုက်ရပါသည်။

**<u>အတွေ့အကြုံ (၅)</u>**

ယခုအတွေ့အကြုံက ပြည်တွင်းအခွန်ဦးစီးဌာန အတွေ့အကြုံဖြစ်ပါသည်။ ကျွန်တော်နိုင်ငံခြားသွားရန် Passport လျှောက်ရာတွင် အခွန်ကင်းရှင်းကြောင်း၊ ပုံစံ(၁၇)ကို သက်ဆိုင်ရာကို ကျွန်တော် လျှောက်လွှာသန်းခေါင်စာရင်းမူရင်းနှင့် အခြားထောက်ခံစာများဖြင့် တင်ပြပါသည်။

ထိုအခါ ဒုဦးစီးမှူးအဆင့်ရှိဝန်ထမ်းက ကျွန်တော်၏သန်းခေါင်စာရင်းမှာလွှန်ခဲ့သော နှစ်နှစ်ခန့်ကလုပ်ထား၍ အသစ်ဖြစ်သဖြင့် ယင်းကွန်ဒိုတိုက်ခန်းဝယ်စဉ်က အခွန်ဆောင်သည့် အထောက်အထားမေးမြန်းရာ ကျွန်တော်က မဆောင်ထားကြောင်းတင်ပြရာ အခွန်ဆောင်ရမည်ဖြစ်ကြောင်းပြော၍ ဝယ်စဉ်ကစာချုပ်ယူလာ၍ တင်ပြရန်ပြောပါသည်။ ကျွန်တော်သည် တိုက်ခန်းရောင်း ကွန်ဒိုဝယ်ယူရာ အရပ်စာချုပ်ခေါ် ၅/-တန်၊ ၁ဝ/-ကျပ်တန်၊ ၂၅/-ကျပ်တန် တံဆိပ်ခေါင်းများချုပ်ဆို၍သာ တင်ပါသည်။ အခွန်မဆောင်ခဲ့ပါ။ ဆောင်ရမှန်းလည်းမသိပါ။

ကျွန်တော်အခက်တွေ့ပါသည်။ သို့သော် ကံအားလျော်စွာ ယင်းမြို့နယ် အခွန်ဦးစီးမှူးကို ကျွန်တော့်သားသူငယ်ချင်းက ရင်းနှီး

၍ လိုက်လံဆောင်ရွက်ပေးရာ ထိုက်သင့်သော ငွေကြေးလက်ဆောင် ပေးခြင်းဖြင့် ကိစ္စပြေလည်သွားပါသည်။

<u>အတွေ့အကြုံ (၆)</u>

လ.ဝ.က ခေါ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အတွေ့အကြုံ ဖြစ်ပါသည်။ ကျွန်တော်သည် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်တစ်ခုမှ အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်တစ်ခုသို့ သန်းခေါင်စာရင်း ပြောင်းစဉ်က ဖြစ်ပါသည်။

ကျွန်တော်၏ လိပ်စာပြောင်းရွှေ့၍ ယခင်နေရာမှပုံစံ(၁၀)ထုတ်ပြီး ယခုမြို့နယ်သို့ ထောက်ခံစာများနှင့်တကွ လျှောက်ထားရပါသည်။ ကျွန်တော်နေမည့်အခန်းမှာ ကွန်ဒိုတိုက်ခန်းဖြစ်၍ လွန်ခဲ့သည့်လေးငါးနှစ်ကဆောက်ထားပြီး တိုက်တစ်လုံးနီးပါး လူနေထိုင်ပါသည်။ ကျွန်တော်သက်ဆိုင်ရာ လ.ဝ.က သို့လျှောက်ထားသည့်အခါ အခြားအထောက်အထား အားလုံးပြည့်စုံပြီး ယင်းတိုက်၏ လူနေထိုင်ခွင့် စည်ပင်ခွင့်ပြုချက် သက်ဆိုင်ရာ ဝန်ထမ်းကတောင်းပါသည်။

ကျွန်တော်က တိုက်ဆောက်သည်မှာလည်း ကြာပြီး ယခင်ကျွန်တော့်အရင် လူများနေထိုင်ပြီးဖြစ်ကြောင်း တင်ပြသော်လည်း မရပါ။ လူနေထိုင်ခွင့်သာယူခဲ့ရန်ပြောပါသည်။ ကျွန်တော်လည်း တစ်ခေါက်ပြန်ပြီး တိုက်သာယာရေးကော်မတီ၊ တိုက်ကြီးကြပ်ရေးမှူးတို့ထံ အကူအညီတောင်းရာ ဆောက်ခဲ့သောကုမ္ပဏီမှာလည်း မရှိတော့ဘဲ လူနေထိုင်ခွင့်ရှာမရ ဖြစ်ပါသည်။

ကျွန်တော်လည်း သက်ဆိုင်ရာ လ.ဝ.က ဝန်ထမ်းကိုပြန်လည်တင်ပြရာ လုံးဝလက်မခံဘဲ လူနေထိုင်ခွင့် စည်ပင်ခွင့်ပြုချက်သာ ယူခဲ့ရန်တွင်တွင်ပြောပါသည်။ ကျွန်တော့်မှာ သန်းခေါင်စာရင်းလုပ်မရဘဲ အချိန်အတော်ကြာခဲ့ပါသည်။

သို့သော် ကံအားလျော်စွာ ကျွန်တော့်တူမတစ်ယောက်က အိမ်ပွဲစားလုပ်နေ၍ လ.ဝ.က ဝန်ထမ်းများနှင့် ရင်းနှီးကြောင်းနှင့် သူလုပ်ပေးမည် ငွေတော့ကုန်မည်ပြောရာ ကျွန်တော်လည်း သန်းခေါင်စာရင်း မရှိမဖြစ် လုပ်လိုက်ရာ အဆင်ပြေသွားပါသည်။

အထက်က အဖြစ်အပျက်များသည် လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော် ပတ်ဝန်းကျင်အတွင်း ကျွန်တော်အမှန်တကယ် ကြုံတွေ့ရခြင်းများဖြစ်ပါသည်။ အခြားအတွေ့အကြုံများစွာ ရှိပါသည်။ ရေးလျှင်ဆောင်းပါးရှည်မည်ဖြစ်၍ ဒီလောက်ပဲတင်ပြလိုက်ပါသည်။

ဖတ်ရှုသူအနေဖြင့် ကျွန်တော့်ကို လာဘ်ပေးလာဘ်ယူ အားပေးသူအဖြစ် မမြင်စေလိုပါ။ ကျွန်တော့်နေရာက စဉ်းစားပြီး သုံးသပ်နိုင်ပါသည်။ ကျွန်တော်သည် အထက်က တင်ပြသလို စီးပွားရေးလုပ်ငန်းရှင်ကြီး မဟုတ်ပါ။ အလယ်အလတ်စီးပွားရေးလုပ်ငန်းရှင်လူလတ်တန်းစားတစ်ယောက် ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနများကိုလည်း နစ်နာစေလို၍ မဟုတ်ပါ။ ဒါပေမယ့် ကျွန်တော့်အတွေ့အကြုံများကို သင်ခန်းစာယူပြီး လာဘ်ပေးလာဘ်ယူကိစ္စကို အမျိုးသားရေးတာဝန်အနေဖြင့် ထိပ်ပိုင်းကအစ အောက်ခြေအထိ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်တိုးတက်ရေး တစ်တပ်တစ်အားဖြစ်လျှင် ကျွန်တော် ရေးရကျိုးနပ်ပြီဖြစ်ပါသည်။

## လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ

ကျွန်တော်သည် တိပိဋက ဆရာတော်ဘုရားကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပို့ဆုတောင်းလွှာကို ဟိုယခင်ကက်ဆက်ခွေများ ပေါ်စကပင် ကြားဖူးနားဝဖြစ်နေပါသည်။ အရပ်ဆယ်မျက်နှာရှိ သတ္တဝါအားလုံး ကျန်းမာ၊ ချမ်းသာ ဘေးဘယာကင်းကွာစေရန် ဆုတောင်းမေတ္တာပို့ခြင်းကို ဘာသာရေးအရ ကျွန်တော်ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် သဘောပေါက်သော်လည်း ဆရာတော်ကြီး၏ မေတ္တာပို့တွင် "လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ" ဟူသော ဆုတောင်းမေတ္တာပို့မှုကို ကောင်းစွာမရှင်းခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ပထမမေတ္တာပို့ ဆုတောင်းခြင်းများသည် လောကီလောကုတ္တရာ နှစ်ဖြာတွင် အကျိုးရှိစေရန် ရည်သန်သော်လည်း ယင်း "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ" ဟူသော ဆုတောင်းမှာ လောကီရေးဘက် ပိုမိုအားသန်နေသည်ဟု ထင်မြင်ယူဆသောကြောင့် ဖြစ်ပါသည်။

သို့သော် ယခုလို အသက်အရွယ်ကြီးမြင့်၍ အတွေ့အကြုံများ အတော်အတန်ရရှိလာသော အချိန်တွင်မှ ဆရာတော်ကြီး၏ ဤမေတ္တာ

ပို့ဆုတောင်းလွှာမှာ ကျွန်တော်တို့၏ လူမှုဘဝတွင် မလွဲမသွေလိုအပ်နေ၍ ဆရာတော်ကြီးမှ အထူးအလေးထား ထည့်သွင်းဆုတောင်းမေတ္တာပို့ခြင်းကို ကျွန်တော်သဘောပေါက်ရပါသည်။ ဆရာတော်ကြီး၏ ဉာဏ်အမြော်အမြင်ကြီးမှုပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် မသိနားမလည်သူကို လူလည်၊ လူနပ်၊ ဝိသမသမားများက လှည့်ပတ်ဖြားယောင်း၍ အမြတ်ထုတ်နေခြင်းကို ကျွန်တော်တို့ အမြဲကြုံတွေ့နေရပြီဖြစ်ပါသည်။ ယနေ့ဖြစ်ပေါ်နေသောအလုပ်သမား၊ လယ်သမား၊ ဆန္ဒပြမှုများသည် ယင်း၏သရုပ်သကန်တစ်ခုဖြစ်ပါသည်။

ယခင်အစိုးရလက်ထက်က အာဏာရှိသူများနှင့်ပေါင်း၍ ကြီးပွားချမ်းသာလာကြသော ခရိုနီဟုခေါ်သည့် ဝိသမလောဘသမားများသည် မိမိ၏လုပ်ငန်းခွင်ရှိ မသိနားမလည်သော အလုပ်သမားများအပေါ်လည်းကောင်း၊ တောင်သူလယ်သမားများကိုလည်းကောင်းခေါင်းပုံဖြတ် အမြတ်ရှာနေခြင်း၊ ဂုတ်သွေးစုပ်နေခြင်းတို့သည် ယနေ့ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့နေရပြီဖြစ်ပါသည်။

မိမိတို့၏အနည်းဆုံး တစ်ရက်အလုပ်ချိန် ဘယ်မျှမှန်းမသိ၊ အနည်းဆုံး လုပ်ခလစာ ဘယ်လောက်မှန်းမသိ၊ အချိန်ပိုလုပ်ခကို ဘယ်လိုခံစားရမှန်းမသိ၊ တစ်ပတ်အလုပ်ချိန် ဘယ်မျှမှန်းမသိ၊ ဆေးနှင့်လူမှုဖူလုံရေးခံစားခွင့် ဘယ်လိုရှိမှန်းမသိဘဲ အလုပ်သမားအခွင့်အရေးတစ်စုံတစ်ရာမသိဘဲ ပိုင်ရှင်၏ ခိုင်းစေသမျှ လုပ်ကိုင်နေရသောယနေ့အလုပ်သမားများဘဝသည် လူအချင်းချင်းလှည့်ပတ်ခြင်း၏သားကောင်များဖြစ်နေပါသည်။ ထို့အတူ တောင်သူလယ်သမားများမှာလည်း မိမိတို့၏ ဓားမဦးချ ဘိုးဘွားလက်ထက်က လုပ်ကိုင်ခဲ့သော

လယ်ယာမြေများကို လျော်ကြေးလိုလို၊ အပြီးအပိုင် ဝယ်သလိုလို၊ ပြောင်းရွှေ့စရိတ်လိုလိုနှင့် ဈေးနှိမ်ပေးပြီး သူတို့က အမြတ်တင်ရောင်းချသည်မှာလည်း လယ်သမားများမှာ သားကောင်ဖြစ်ခဲ့ရပါသည်။

ယခင်ကတော့ စစ်အာဏာရှင်အစိုးရဖြစ်၍ စီးပွားရေးသမားပိုင်ရှင်နှင့် အုပ်ချုပ်သူပေါင်းကာ အလုပ်သမားများကို နှိပ်ကွပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီးဖြစ်ပါသည်။ အဲဒီအချိန်က အလုပ်သမားအခွင့်အရေးဟူသည် အဘယ်သို့တောင်းဆိုရမှန်းမသိ၊ အလုပ်သမားဘက်က ရပ်တည်ပေးမည့်သူလည်းမရှိဘဲ အလုပ်သမားများ နှစ်ပေါင်းများစွာခေါင်းငုံ့ခံခဲ့ရပြီး ဖြစ်ပါသည်။

ယနေ့ပွင့်လင်းသော ဒီမိုကရေစီအစိုးရခေတ်တွင်မှ အလုပ်သမားများကို ဦးဆောင်သူအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အဆိုက်အလျောက်ပေါ်ပေါက်ကာ မိမိတို့၏ အခွင့်အရေးများ တောင်းဆိုလာကြရပါသည်။ ဒါကိုလည်း ဝိသမလောဘအလုပ်ရှင်များက လစ်လျူရှုကာ အလုပ်သမားအခွင့်အရေး အပြည့်အဝမပေးနိုင်သေးခြင်းကို တွေ့ရှိရပါသည်။

ယခုအခါ အလုပ်သမားများ၊ လယ်သမားများကို ဦးဆောင်မည့်အဖွဲ့အစည်း၊ အလုပ်သမားသမဂ္ဂလိုမျိုး၊ လယ်သမားသမဂ္ဂလိုမျိုး မပေါ်ပေါက်သေးသဖြင့် အလုပ်သမားအများစုမှာ မိမိတို့ဆန္ဒကို မိမိတို့ကိုယ်တိုင် ဆန္ဒပြတောင်းဆိုမှုပြုလုပ်လျက်ရှိကြပါသည်။ အလုပ်သမားရေးရာဝန်ကြီးဌာနမှလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ပေးခြင်းမရှိ၍ အလုပ်သမားများမှာ အလုပ်ရှင်များ၏ ခေါင်းပုံဖြတ်မှုကို ကြုံတွေ့လျက်ရှိပါသည်။ တစ်နည်းအားဖြင့် လူအချင်းချင်း လှည့်ပတ်မှုကို ခံစားရလျက်ရှိပါသည်။

ကျွန်တော်သည် ယခုဆောင်းပါးဖြင့် အလုပ်ရှင်၊ အလုပ်သမား

များ၏ ပဋိပက္ခအတွက် ဥပဒေ၊ နည်းဥပဒေများကိုစွ မဆွေးနွေးလိုသော်လည်း မသိနားမလည်သူ အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုကို ဆွေးနွေးရေးသားလိုပါသည်။ ဤနေရာတွင် ကျွန်တော်လွန်ခဲ့သည့်အပတ်က မိတ်ဆွေတစ်ဦး၏ လက်ဆောင်အဖြစ် စာအုပ်တစ်အုပ်ရရှိရာ ထိုစာအုပ်မှာ ဓမ္မဃောသက ဦးမောင်မောင်ရေးသားသည့် "မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော် တစ်ဆယ့်နှစ်ဦး" စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်တွင်ပါသော မြန်မာ့စီးပွားရေးလုပ်ငန်းရှင် (၁၂) ဦး၏ ဘဝမှာ ဗြိတိသျှကိုလိုနီနယ်ချဲ့ခေတ်ဖြစ်၍ သူတို့၏စီးပွားရေးကို နယ်ချဲ့နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များနှင့် အပြိုင်ဘယ်လိုရုန်းကန်ရသည်။ အဲဒီခေတ်လွတ်လပ်ရေးတိုက်ပွဲအတွက် မျိုးချစ်စိတ်ဓာတ်ဖြင့် အဘယ်သို့ ပံ့ပိုးကူညီသည်၊ မိမိတို့၏စီးပွားဖက် အလုပ်သမားများအပေါ် မည်သို့သဘောထားသည်များ ဖတ်ရှုရသည်မှာ ယနေ့ခရိုနီများ အတုယူဖွယ်များပင် ဖြစ်ပါသည်။

ယနေ့ ခရိုနီခေါ် စီးပွားရေးလုပ်ငန်းရှင်အများစုဟာ ဘာသာရေးအရ အလှူအတန်းများကို သိန်းထောင်သောင်းချီပြုလုပ်နေသော်လည်း အလုပ်သမားအများစု၏ ရပိုင်ခွင့်တောင်းသည့် သောင်းဂဏန်းလောက်ကိုတော့ ဘာကြောင့်တွန့်တိုနေကြသည်ကို ကျွန်တော် သဘောမပေါက်ပါ။ မိမိတို့စက်ရုံရှေ့၊ မိမိတို့ကုမ္ပဏီရှေ့ အစာငတ်ခံဆန္ဒပြနေကြသော်လည်း သူတို့ကတော့ ဘယ်ဘုရားတည်၊ ဘယ်သိမ်ဆောက်၊ ဘယ်အလှူအတန်းကြီး ပြုနေတာကို သတင်းစာဂျာနယ်များ၊ မီဒီယာများတွင် တွေ့မြင်နေရပါသည်။

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြစေရန် ယနေ့လိုမသိနားမလည်သော အလုပ်သမား တောင်သူလယ်သမား အများစု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အလုပ်သမားဥပဒေများ၊

အလုပ်သမားအဖွဲ့အစည်းများ ပိုပိုပြင်ပြင်မပေါ်ပေါက်မီ အလုပ်ရှင်ကြီးများ၊ ကုမ္ပဏီပိုင်ရှင်ကြီးများ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များ၊ လယ်သိမ်းမြေသိမ်းပြုနေသူများအနေဖြင့် မိမိတို့၏ဝိသမလောဘကို ထိန်းချုပ်ကာ မသိနားမလည်သော အလုပ်သမားများ၊ လယ်သမားများကို မိမိတို့၏ စီးပွားဖက်များ၊ မိမိတို့၏ သွေးချင်းများအဖြစ် ရှုမြင်ကာ လူအချင်းချင်း လှည့်ပတ်ခြင်းကင်းဝေးပါစေဟု ဆုတောင်းရင်းနိဂုံးချုပ်ပါသည်။

# ဘီလူးစည်း၊ လူစည်းခွဲချိန်တန်ပြီ

ယခုတစ်လော၊ ကျွန်တော်တို့တိုင်းပြည်တွင် ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုဖွဲ့ရမ်းကားမှု၊ ဥပဒေကိုမျက်ကွယ်ပြုကာ ကြီးလေးသော ရာဇဝတ်မှုများကို လွယ်လွယ်ကူကူ ကျူးလွန်နေသည်တို့ မကြာခဏ ဖြစ်ပျက်နေကြောင်း တွေ့ရှိရပါသည်။ တစ်ချို့ကဆိုကြသည်။ ဒါက ကျွန်တော်တို့နိုင်ငံလို ဒီမိုကရေစီကူးပြောင်းရေး ဖော်ဆောင်နေသည့် နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စရပ်များဟု ဆိုချင်ဆိုကြမည်။ ဒီအဆိုကိုတော့ ကျွန်တော် လုံးဝ လက်မခံနိုင်ပါ။

ဒီနေရာတွင် ကျွန်တော့်အနေဖြင့် ယနေ့ဖြစ်ပေါ်နေသော တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ မင်းမဲ့စရိုက်ဆန်ခြင်းများကို လေ့လာဆန်းစစ်လျှင် နှစ်ပိုင်းတွေ့ရမည်ဖြစ်ပါသည်။ တစ်ပိုင်းက နိုင်ငံတော်နှင့်ဆိုင်သောကိစ္စရပ်များနှင့် တစ်ပိုင်းက သာမန်ရာဇဝတ်မှုကျူးလွန်ခြင်းကိစ္စရပ်များဟူ၍ ဖြစ်ပါသည်။

နိုင်ငံတော်ပိုင်းအနေဖြင့် ဦးစွာတင်ပြရလျှင် ပြီးခဲ့သောရခိုင်အရေးအခင်းကအစ လက်ပံတောင်းတောင် စီမံကိန်းအရေးအခင်းအလယ်

နောက်ဆုံးမိတ္ထီလာအရေးအခင်းအဆုံး ကိစ္စရပ်များဖြစ်ပါသည်။ ထိုကိစ္စများသည် အားလုံးအသိဖြစ်နေ၍ ကျွန်တော်အကျယ်မရေးလိုပါ။

သာမန်ရာဇဝတ်မှုတစ်ခုမှစ၍ ဘာသာရေးဆန်ဆန် အဓိကရုဏ်းဖန်တီးကာ လူမျိုးရေးပဋိပက္ခဖြစ်ပြီး၊ ကျယ်ပြန့်လာခြင်းဖြစ်ပါသည်။ ဒါကလည်း နောက်ကွယ်ကလှုံ့ဆော်ပြီး တိုင်းပြည်ငြိမ်းချမ်းရေးပျက်ပြားစေလိုမှုဖြင့် ဆောင်ရွက်သည့် လက်မဲကြီးများရှိနေသည်ဟု နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ပြောဆိုသော်လည်း အဓိက တရားခံများကိုတော့ ယနေ့တိုင် မဖော်ထုတ်နိုင်ဘဲ စုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာလည်း ယနေ့တိုင် တင်ပြနိုင်ခြင်းမရှိခဲ့သည်ကို အားလုံးအသိဖြစ်ပါသည်။

ထို့အတူ လက်ပံတောင်းတောင် စီမံကိန်းအရေးခင်းတွင်လည်း အစိုးရ၏ ကိုင်တွယ်ပုံနှင့်ပတ်သက်၍ မေးခွန်းထုတ်ဖွယ်များ ဖြစ်ပေါ်ခဲ့ပါသည်။ မလိုအပ်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြသူရဟန်း၊ ရှင်လူများကို မီးခိုးဗုံးပဲခေါ်ခေါ်၊ မီးလောင်ဗုံးပဲခေါ်ခေါ် ဒဏ်ရာအနာတရကြီးမားမှုရှိစေသော လက်နက်များဖြင့် အသုံးပြုခဲ့သည်မှာလည်း တရားဥပဒေစိုးမိုးမှုကို မျက်ကွယ်ပြုဆောင်ရွက်ခြင်းသာဖြစ်ကြောင်း အားလုံးအသိဖြစ်ပါသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကော်မတီ၏လုပ်ဆောင်ချက် မှန်ကန်မှုကြောင့်သာ ယနေ့ပြေငြိမ်းမှုအထိုက်အလျောက် ရသွားသည်မှာ မည်သူမျှမငြင်းနိုင်ပါ။ Tension ပြင်းမှုအနည်းငယ် လျော့သွားသည်မှာ ငြိမ်းချမ်းမှုရရှိပြီး ရေရှည်ဆောင်ရွက်သွားရမည့်အပေါ်သာ စောင့်ကြည့်သွားရမည်ဖြစ်ပါသည်။

တစ်ဖန် နောက်ဆုံးဖြစ်ခဲ့သော မိတ္ထီလာအရေးအခင်းသည်လည်း သာမန်ရာဇဝတ်မှု၏နောက်ကွယ်မှ လှုံ့ဆော်အားပေးသူ လက်မဲ

ကြီးများကြောင့် မလိုလားအပ်ဘဲ ဘာသာရေးအဓိကရုဏ်း၊ လူမှုရေး အဓိကရုဏ်းအထိ ရောက်ရှိရခြင်းဖြစ်ပါသည်။ ဒီနေရာတွင်တော့ ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကိုင်တွယ်ပုံမှာ မေးခွန်း ထုတ်စရာဖြစ်လာပြန်ပါသည်။ လက်ပံတောင်းတောင် အရေးအခင်း တွင် ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်သလောက် ယခုမိတ္ထီလာအရေး အခင်းတွင် အာဏာပိုင်များရှေ့မှောက်တွင်ပင် လုယက်ခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်မှာ မေးခွန်းထုတ်စရာ ဖြစ်ပြန်ပါသည်။ ဒါကိုပင် လက်ရှိအာဏာရပါတီ၏ ထိပ်တန်းပုဂ္ဂိုလ် တစ်ဦးက ယူဂျီခေါ် မြေအောက်ကွန်မြူနစ်များ၏ လက်ချက်ဟု ထုတ်ဖော်ပြောကြားသည်ကိုလည်း ကြားသိရပါသည်။ ယနေ့ ကွန်မြူနစ် အသုံးအနှုန်းကို အရေးအခင်းပြီး နှစ်(၂၀)လောက် ပျောက် နေပြီးမှ ပြန်လည်ကြားသိရသည်မှာလည်း ကျွန်တော်အထူးအဆန်း ဖြစ်မိပါသည်။ သို့သော် တရားခံအစစ်ကိုတော့ မည်သူမျှဖော်ထုတ် နိုင်ခြင်းမရှိသည်မှာ ဥပဒေအထက်တွင် မည်သူရှိသလဲ၊ တရားဥပဒေ စိုးမိုးမှုတကယ်ရှိရဲ့လားဆိုတာ မေးခွန်းထုတ်စရာများ ဖြစ်နေပါသည်။

ဒါက နိုင်ငံတော်နှင့်ဆိုင်နေသည့် မင်းမဲ့စရိုက်ဆန်ခြင်း၊ တရား ဥပဒေစိုးမိုးမှုမရှိခြင်း ကိစ္စရပ်များဖြစ်ပါသည်။ သာမန်ရာဇဝတ်မှုကိစ္စ များကို ဆက်လက်တင်ပြရလျှင် ပြီးခဲ့သော နှစ်ပိုင်းအတွင်း ရန်ကုန် မြို့တွင် စိမ်းလဲ့ကန်သာငါးလောင်းပြိုင်လူသတ်မှု၊ မြောက်ဥက္ကလာအုပ် စုဖွဲ့လူသတ်မှုမှအစ နောက်ဆုံးမနေ့တစ်နေ့ကထိ ရန်ကုန်မြို့လယ်တွင် ဗိုလ်ချုပ်သားများ၊ ဝန်ကြီးသားများက အုပ်စုဖွဲ့ရိုက်နှက်ရမ်းကားခြင်း၊ ယခင်အာဏာအရှိဆုံး ပုဂ္ဂိုလ်၏ အဆက်အနွယ်တစ်ဦးက ယာဉ်ထိန်း ရဲကို ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ညပိုင်းကားများပြိုင်မောင်း ပြီး ဥပဒေမဲ့အုပ်စုဖွဲ့ သောင်းကျန်းခြင်းများသည် မင်းမဲ့စရိုက်ဆန်ပြီး

ဥပဒေစိုးမိုးမှု ကင်းမဲ့နေသောကြောင့် ဖြစ်သည်ကို ပြည်သူမှ မြင်း နိုင်ပါ။

ဒါကြောင့် နိုင်ငံတော် အဝိုင်းအတာကိစ္စများဖြစ်ဖြစ်၊ သာမန် ကိစ္စရပ်များဖြစ်ဖြစ်၊ မင်းမဲ့စရိုက်ဆန်ခြင်းကိုတော့ လုံးဝလက်ခံနိုင်စရာ မရှိပါ။ ပြည်သူတို့၏ ဘဝလုံခြုံအေးချမ်းမှုရှိရန်မှာ ပြည်ထောင်စုအစိုး ရနှင့် ဒေသန္တရအစိုးရများ၏ တာဝန်သာဖြစ်ပါသည်။ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ရဲ၊ တရားရေး၊ ဥပဒေပြုအာဏာ ပိုင်အဖွဲ့အစည်းများ၏ တာဝန်ပျက်ကွက်မှုရှိခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းမှ မကြာခဏပြောနေသော "ဥပဒေအထက်တွင် မည်သူမျှမရှိရ၊ ဥပဒေ၏အောက်တွင် တစ်ပြေးညီ ရှိရမည်" ဟူသော ပြောဆိုချက်များသည် အရာမထင် ဖြစ်နေသည်ဟု သုံးသပ်မိပါသည်။

နိုင်ငံတော်အဆင့် ကိစ္စရပ်များတွင်လည်း နောက်ကွယ်မှ ကြိုး ကိုင်သူ အဓိကတရားခံများကို မဖော်ထုတ်နိုင်ခြင်းမှာလည်း တရား ဥပဒေစိုးမိုးမှုမရှိခြင်းကြောင့်သာ ဖြစ်ပါသည်။ သို့မဟုတ်ကလည်း ယင်းတရားခံများသည် ယနေ့အာဏာပိုင်အစိုးရ၊ လွှတ်တော်တို့နှင့် ပတ်သက်နေ၍လား မေးခွန်းထုတ်စရာဖြစ်ပါသည်။ ယင်းသို့သာ ဖြစ်ပေါ်နေပါက နိုင်ငံတော်အပေါ် ပြည်သူများ၏ အားကိုးယုံကြည်မှု တစ်စတစ်စ လျော့နည်းလာမည်ဖြစ်ပါသည်။ သမ္မတကြီးကလည်း အမျိုးမျိုးသော ကော်မတီများဖွဲ့ကာ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည် အေးချမ်းရေးကိစ္စများကို လမ်းညွှန်မှုပြုသော်လည်း အောက်ခြေအဆင့် ဆင့်သော ပြည်ထောင်စုဝန်ကြီးများကအစ ဒေသန္တရအာဏာပိုင်အဖွဲ့ အစည်းအဆင့်ဆင့်က နောက်ကွယ်၏ ကြိုးကိုင်မှုအရပြုနေရလျှင် သော်လည်းကောင်း၊ မိမိတို့ကိုယ်တိုင်ကလည်းကောင်း၊ ယခုလို အခြေ အနေဆိုးမျိုးကို ဖန်တီးလိုလျှင်တော့ တိုင်းပြည်အေးချမ်းမှုမရှိဘဲ

နောက်ကြောင်းပြန်ဦးတည်မည်သာ ဖြစ်ပါသည်။

ဒါကြောင့် ယနေ့ ဖြစ်ပျက်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကျွန်တော်တို့ပြည်သူများကတော့ အမြဲသတိရှိနေပြီး၊ ယခင့်ယခင်ပေါ်ပေါက်လာသော အရေးအခင်းများလို နောက်ကွယ်၏ ကြိုးကိုင်မှုမခံရအောင် တိုင်းပြည်တွင် ပြည်သူကောင်းစားရေးအတွက် မည်သူတွေက ရှေ့ခရီးကို ဆက်လိုသူ၊ မည်သူတွေက နောက်ကြောင်းပြန်ပြီး ယခင်စနစ်ဆိုးအတိုင်း တိုင်းပြည်ကို ချောက်ထဲတွန်းချလိုသူများကို လူဆိုး၊ လူကောင်းခွဲခြားကာ ဘီလူးစည်း၊ လူ့စည်းခွဲခြားသိမြင်ရန် အချိန်တန်ပြီဖြစ်ကြောင်း ရေးသားလိုပါသည်။

# ကျွန်တော် စားသောက်ဆိုင်ပိုင်ရှင်

ကျွန်တော်သည် ၁၉၈၉ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ ၁၀ နှစ်ကျော် ရန်ကင်းမြို့နယ်တွင် လက်ဖက်ရည်ဆိုင်ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၆ နှစ်ခန့်ကို အင်းစိန်မြို့နယ်တွင် ဒဂုံစည်ဘီယာဆိုင်ကိုလည်းကောင်း အောင်မြင်စွာဖွင့်လှစ်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ အောင်မြင်သည်ဆိုရာ၌ ကျွန်တော်ဖွင့်လှစ်ခဲ့သော ကာလရှည်ကြာခြင်း၊ ကျွန်တော့်တွင် ဤဆိုင်များဖွင့်လှစ်ပြီး၊ အိုးပိုင်၊ အိမ်ပိုင်၊ ကားပိုင်ဖြင့်ရန်ကုန်မြို့တွင် တင့်တယ်စွာ ယခုတိုင်နေထိုင်ခဲ့ရခြင်းကြောင့် ကျွန်တော်ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ အယူအဆတင်ပြရလျှင် စားသောက်ဆိုင်လုပ်ငန်းဆိုသည်မှာ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ သုံးမျိုးစလုံးရောထွေးလုပ်ကိုင်ရသော လုပ်ငန်းဖြစ်ပါသည်။ ထို့ပြင် ထိုလုပ်ငန်းသည် တစ်ခုချင်းလုပ်ငန်းစီထက် အကျိုးအမြတ်များသော လုပ်ငန်းလည်းဖြစ်ပါသည်။ ဥပမာ-ကုန်သွယ်မှုလုပ်ငန်း၊ စတိုးဆိုင်လူသုံးကုန်၊ အဝတ်အထည်ဆိုင် လုပ်ငန်းတစ်ခုဆိုပါက ရင်းနှီးရသော ငွေပမာဏနှင့် အမြတ်ရရှိမှုမှာ အလွန်နည်းပါးပါသည်။ စားသောက်ဆိုင်

လုပ်ငန်းတစ်ခုကို စည်းကမ်းစနစ်တကျလုပ်ကိုင်၍ အောင်မြင်ပါက အမြတ်ငွေ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ကျန်ရှိနိုင်ပါသည်။

ကျွန်တော် ၁၉၈၉ အစိုးရလုပ်ငန်းမှ အငြိမ်းစားယူပြီး လက်ဖက်ဆိုင်ဖွင့်လှစ်သည့်အခါ ဆိုင်လုပ်ငန်းအတွေ့အကြုံလုံးဝမရှိပါ။ သို့သော် ကျွန်တော့်မိဘများကိုတော့ ၁၉၈၅ ခုနှစ်ကပင် လက်ဖက်ရည်ဆိုင်ဖွင့်ပေးထားခဲ့၍ အတော်အသင့် အတွေ့အကြုံရှိပါသည်။ မြို့ထဲကုန်စျေးတန်း၊ လမ်းမတော်၊ သံဈေး၊ ညောင်ပင်လေးဈေး စသည့်နေရာများသည် ထိုအချိန်က စားသောက်ဆိုင်လုပ်ငန်းရှင်များ အသွားများနေကျနေရာများဖြစ်ပါသည်။ ကျွန်တော်ဆိုင်ဖွင့်စဆိုတော့ အချိုခြောက်ဝယ်ယူရန် ကုန်စျေးတန်းတစ်လျှောက် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စုံစမ်းမေးမြန်းခဲ့ရပါသည်။ ထိုသို့ စုံစမ်း၍ ယင်းအချိန်က နာမည်ကြီးလက်ဖက်ခြောက်တစ်မျိုးဖြစ်သည့် 'ညှော်သည်'ဆိုင်ကိုလည်း ရောက်ခဲ့ပါသည်။ 'ညှော်သည်'လက်ဖက်ခြောက်ဆိုင်ပိုင်ရှင် လင်မယားသည် အလွန်ဖျူဖျာစွာဖြင့် ကျွန်တော် လက်ဖက်ရည်ဆိုင်သစ်ဖွင့်မည့် လူငယ်တစ်ဦးအား စိတ်ရောကိုယ်ပါ ကူညီခဲ့သည်ကို ယနေ့တိုင်အမှတ်ရနေပါသည်။ 'ညှော်သည်'လက်ဖက်ခြောက်ဆိုသည်မှာ ယနေ့အသက်ငါးဆယ်ကျော်လူကြီးပိုင်း ရောက်သူများ မှတ်မိကြပေလိမ့်မည်။ ဟိုအချိန်က ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားမပြမီ ကြော်ငြာထိုးလေ့ရှိပါသည်။ 'ညှော်သည်' လက်ဖက်ခြောက်သုံးစွဲသောနေ့သည် သင်ချမ်းသာသောနေ့ဖြစ်သည်ဟု ကြော်ငြာပါလေ့ရှိရာ ယနေ့တိုင် လူကြီးပိုင်းအရွယ်များ မှတ်မိကြမှာဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မှ ကျွန်တော့်အားသေချာစွာ ညွှန်ပြီး လက်ဖက်ရည်ဆိုင်ဖွင့်လှစ်မည့် ပုဂ္ဂိုလ်တစ်ဦးသိသင့်သည့် လိုက်နာအပ်သော အချက်များကို တစ်ချက်ချင်းရှင်းပြခဲ့ရာ ယနေ့တိုင် မှတ်မိလျက်ရှိပါသည်။ အဓိက သူပြောသည်က

ဆိုင်ရှင်တစ်ဦးအနေဖြင့် လုပ်ငန်းအောင်မြင်ရန် 'စ' လေးလုံးကို လိုက်နာရမည်ဖြစ်ကြောင်း၊ 'စ'လေးလုံးဆိုရာတွင် (၁) စေတနာ (၂) စည်းကမ်း (၃) စနစ် (၄) စည်းရုံးရေးဖြစ်ကြောင်း ပြောဆိုသင်ကြားပေးခဲ့ပါသည်။ အဲဒီ (၄)ချက်ပြည့်စုံမှ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်းကို တစ်ချက်ချင်း အသေးစိတ်ရှင်းပြပါသည်။

အဓိကသူပြောချင်သည်မှာ 'စေတနာ' ဖြစ်ကြောင်း၊ 'စေတနာ တတ်ရင်ဈေးရောင်း'ဟု ရှေးလူကြီးများ ဆိုထားကြောင်း၊ ဒါကြောင့် စေတနာအရေးကြီးကြောင်း၊ စားသုံးသူအပေါ်ထားရမည့်စေတနာ၊ ဆိုင်အလုပ်သမားများအပေါ် ထားရမည့်စေတနာများကိုလည်းကောင်း၊ စည်းကမ်းစနစ်ပိုင်းတွင် စာရင်းဇယား၊ ငွေရေးကြေးရေး၊ အလုပ်သမားစည်းကမ်း၊ လက်ဖက်ရည်ဖျော်ပုံနည်းစနစ်၊ မုန့်လုပ်ပုံလုပ်နည်းစနစ်များကိုလည်း အသေးစိတ်ပြောဆိုရှင်းလင်းပြပါသည်။ စည်းရုံးရေးပိုင်းတွင် ကိုယ့်ဆိုင်ကို တစ်ခေါက်က နှစ်ခေါက်၊ နှစ်ခေါက်မှ သုံးခေါက်လာသောက်ချင်အောင် စည်းရုံးရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် စည်းရုံးရေးနှင့်စပ်လျဉ်း၍ ဟိုတစ်ချိန်က ယခုလိုဆိုင်တွင် တီဗွီပြနေခြင်းမှာ ခေတ်မစားဘဲ ယခုဆိုင်များတွင် ဘောလုံးပွဲ၊ ဇာတ်လမ်းတီဗွီများ ပြနေခြင်းမှာ စည်းရုံးရေးတစ်မျိုးပင် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းဆိုသည်မှာ မည်သည့်စီးပွားရေးလုပ်ငန်းမဆို အောင်မြင်မှုဆိုသည်မှာ မိမိ၏ကံ၊ ဉာဏ်၊ ဝီရိယပေါ်တွင်လည်း တည်မှီကြောင်း လူတိုင်းအသိဖြစ်ပါသည်။ ထို့အတူ စားသောက်ဆိုင်လုပ်ငန်းသည်လည်း ထိုအနည်းအဝိုင်းပင် မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယ (၃)မျိုးစလုံး လိုအပ်ပါသည်။ ကျွန်တော့်အတွေ့အကြုံအရ တင်ပြရလျှင် ကံက (၄၀)ရာခိုင်နှုန်း၊ ဉာဏ်က (၂၀)ရာခိုင်နှုန်းနှင့် ဝီရိယ (၄၀)ရာခိုင်နှုန်း အချိုးလောက်ရှိလျှင် အောင်မြင်နိုင်ပါသည်ဟု ယူဆ

ပါသည်။ ကံကောင်းဖို့လိုပါသည်။ အတိတ်ကံကတော့ မိမိလုပ်၍ မရနိုင်ဘဲ ပစ္စုပ္ပန်ကံကောင်းရန် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲရှိသေပူဇော် ရပါမည်။ မိမိကဆိုင်ဖွင့်ထားပြီး တပည့်တွေနဲ့သာထား၊ အရက်ထွက်သောက်နေလျှင် အောင်မြင်မှုမရနိုင်ပါ။ တစ်ချို့ဆိုငွေလည်းတတ်နိုင်၊ နေရာအကွက်အကွင်းလည်းကောင်း၊ ဝီရိယလည်းစိုက်ပါလျက် အောင်မြင်မှုမရခြင်းမှာ ကံကြောင့်ဖြစ်ပါသည်။

ဝီရိယပိုင်းအနေဖြင့် စားသောက်ဆိုင်လုပ်ငန်းသည် အခြားလုပ်ငန်းထက် ဝီရိယပိုမိုလိုအပ်ကြောင်း တင်ပြလိုပါသည်။ မနက်သူများမထမီ ထ၊ ညသူများအိပ်ပြီးမှ အိပ်ရသော လုပ်ငန်းဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ငယ်စဉ်က လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းသည် လူမျိုးခြားကုလား၊ တရုတ်များသာ လုပ်သောလုပ်ငန်းဖြစ်ပါသည်။ ကြိုးစားလျှင် ကြိုးစားသလောက် အကျိုးအမြတ်ရှိသော လုပ်ငန်းဖြစ်ပါသည်။ အခြားမည်သည့်လုပ်ငန်းနှင့်မျှ မတူပါ။ ကံ၊ ဉာဏ်၊ ဝီရိယ အားကောင်းက တစ်ချက်တည်းထောင်တက်သော လုပ်ငန်းဖြစ်ပါသည်။ ကျွန်တော်သည် ၂၀၀၁ ခုနှစ်မှစဖွင့်ပြီး ခြောက်နှစ်ခန့်အကြာ ရွှေတောင်ကြားမှာ အိမ်ပိုင်ဝယ်နိုင်သလို ကားလည်းစီးနိုင်ခဲ့ပါသည်။ ဟိုအချိန်က ယခုလောက်လည်း ကုန်ဈေးနှုန်းမကြီးပါ။ လက်ဖက်ရည်တစ်ခွက် သုံးကျပ်၊ ပလာတာတစ်ချပ် နှစ်ကျပ်ခေတ်ဖြစ်ပါသည်။ ယခုကဲ့သို့ ဈေးမကြီးပါ။


ပေါ်ပြူလာဂျာနယ်တွင် ပါရှိသော 'ရွှေမြအောင်'၏ ဆောင်းပါးမှာ ယခုခေတ်အခြေအနေမှန်ကို စားသုံးသူဘက်မှ တင်ပြထားခြင်းဖြစ်ပါသည်။ ဆိုင်ရှင်များ၊ စားပွဲထိုးများ ဆင်ခြင်သုံးသပ်နိုင်ရန်ဟု ယူဆမိပါသည်။ စောစောပိုင်းက ကျွန်တော်တင်ပြခဲ့သော 'စ'လေးလုံး

စနစ်၊ ကံ၊ ဉာဏ်၊ ဝီရိယအချိုးထဲတွင် ထပ်မံအသေးစိတ်က ရွှေမြေ အောင်တင်ပြသလို ဝန်ဆောင်မှု (Servicing)အရေးအကြီးဆုံး ဖြစ်ပါသည်။ ဒါကလည်း 'စေတနာ' ဟူသော အချက်၏ အကိုင်းအခက် ဖြစ်ပါသည်။ ပစ္စည်းကောင်းကောင်းဖြစ်ရန်၊ ဈေးနှုန်းသက်သာရန်၊ သန့်ရှင်းလတ်ဆတ်မှုရှိရန် အချက်များသည် ဝန်ဆောင်မှုတွင် အကျုံးဝင်မည်ဟု ကျွန်တော်ယူဆပါသည်။

ကျွန်တော်ဆိုင်ဖွင့်စဉ်က ကျွန်တော့်ဆိုင်၏ဆောင်ပုဒ်မှာ 'Customer is Always Right' 'စားသုံးသူသာ အမြဲမှန်ကန်ခြင်း'ဟူသော စာတန်းကို ကျွန်တော့်ဆိုင်များတွင် အမြဲချိတ်ပြီး အလုပ်သမားများကို လည်း ထိုအတိုင်း ကျင့်သုံးစေခဲ့ပါသည်။ အလုပ်သမားများကို အခြား အပြစ်ခွင့်လွှတ်လျှင်လွှတ်မည်။ လက်ဖက်ရည်စားသုံးသူ Complain တက်က ချက်ချင်းအရေးယူပြီး အလုပ်ဖြုတ်သင့်က ဖြုတ်လိုက်ပါ သည်။

နောက်တစ်ခုကလည်း ကျွန်တော်အထက်က တင်ပြသလို ကျွန်တော်ဖွင့်စဉ် ခြောက်နှစ်လောက်ဖွင့်ချိန်အတွင်း ကား၊ အိမ် ဝယ် နိုင်သည်။ ထိုသို့ထောက်ရှု၍ စားသောက်ဆိုင်၏ အကျိုးအမြတ်ကို တွက်ချက်နိုင်သလို ယနေ့အချိန်အခါတွင် ဈေးနှုန်းများ အဆမတန် ကြီးမြင့်နေခြင်းမှာလည်း မဖြစ်သင့်သော ကိစ္စဖြစ်ပါသည်။ ယနေ့ လက်ဖက်ရည်ရှယ်တစ်ခွက် သုံးရာကျပ် လူတိုင်းကယူနေချိန်တွင် ရန်ကုန်တွင် နာမည်ကြီး လက်ဖက်ရည်ဆိုင်များ ဖွင့်လှစ်နေသော ဆိုင်ကြီးတစ်ဆိုင်က (၂၅၀)ပဲယူနေသည်မှာ သူမြတ်၍သာယူနိုင်ခြင်း ဖြစ်ကြောင်း လေ့လာသုံးသပ်နိုင်ပါသည်။ ထို့အတူ ကျန်မုန့်ပဲသရေစာ များကိုလည်း ထိုဆိုင်ကြီးမှ ထိုက်သင့်သော ဈေးနှုန်းများယူနေသဖြင့် အမြဲတမ်း လူပြည့်နေသည်မှာ စားဖူးသူတိုင်း အသိဖြစ်ပါသည်။

နိဂုံးချုပ် ကျွန်တော်ရေးသားလိုသည်မှာ စားသောက်ဆိုင်လုပ်ငန်းသည် ရောင်းအားကောင်းလျှင် ကောင်းသလို အကျိုးပေးသလို အကျိုးအမြတ်များလည်း ရှိသောလုပ်ငန်းဖြစ်ပါသည်။ ဒါကြောင့်ပင် ယနေ့ ရန်ကုန်၊ မန္တလေးရှိ စားသောက်ဆိုင်လုပ်ငန်းကြီးများသည် တစ်ဆိုင်မှ နှစ်ဆိုင်၊ နှစ်ဆိုင်မှသုံးလေးငါးဆိုင်အထိ ဖွင့်လှစ်နိုင်သည်မှာ အကျိုးမရှိ၍မဖြစ်နိုင်ပါ။ အကျိုးအမြတ်ကြီး၍သာဖြစ်ပါသည်။ သို့သော် ကျွန်တော်ရေးချင်သည်မှာ ယခုလို မိမိအကျိုးအမြတ်ကြီးကြီးမားမားရခြင်းမှာ စားသုံးသူရှိ၍သာဖြစ်ပါသည်။ ဒါကြောင့် စားသုံးသူကို စေတနာထားပါ။ လောဘမကြီးပါနှင့်။ သင့်တင့်သောဈေးနှုန်း၊ ကောင်းမွန်သော အစားအသောက်ကို ကျွန်တော်အထက်တွင်တင်ပြသလို စေတနာ၊ စည်းရုံးရေးနည်းလမ်းများကိုသုံးပြီး ဝန်ဆောင်မှု ကောင်းကောင်းပေးကြခြင်းဖြင့် မွန်မြတ်သော လုပ်ငန်းကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားရပါသည်။



# စာရေးသူ၏ကိုယ်ရေးအကျဉ်း

ဦးကြီးစိန်(စာရေးသူ–ဘိုကြီး)သည် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ငှက်ကြီးဒေါင် ကျေးရွာတွင် အဖ–ဦးငွေ၊ အမိ–ဒေါ်ချစ်မေတို့မှ ၁၉၄၄ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့တွင် မွေးဖွားပြီး မွေးချင်း(၇)ယောက်တွင် ဒုတိယအကြီးဆုံးဖြစ်ပါသည်။ မူလတန်း ၊ အလယ်တန်းပညာရေးကို ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက် ကျေးရွာတွင် သင်ကြားခဲ့ပါသည်။

အထက်တန်းပညာကို ရန်ကုန်မြို့ ဇဟို ( ဓိပြ ) အထက်တန်းကျောင်း (ယခု လသာ၊ အ.ထ.က–၁) တွင် ပညာသင်ကြားခဲ့ပါသည်။ လုပ်သားများကောလိပ်မှ ၁၉၆၀–ခုနှစ်တွင် B.Sc ဘွဲ့၊ စီးပွားရေးတက္ကသိုလ်မှစာရင်းအင်းပညာ ဒီပလိုမာဘွဲ့ (D.S) ၊ အထက်တန်းရှေ့နေ (H.G.P) ၊မှတ်ပုံတင်ရှေ့နေ (R.L)ဘွဲ့များကို ဆက်လက် သင်ယူရရှိခဲ့ပါသည်။

၁၉၆၂–ခုနှစ် မှ ၁၉၆၆–ခုနှစ်ထိ လယ်/စိုက်/ရှင်း၊ ၁၉၆၇–ခုနှစ်မှ ၁၉၇၅–ခုနှစ်အထိ စက်မှု(၁)တို့တွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၇၆–ခုနှစ်မှ ၁၉၈၈–ခုနှစ်အထိ ရန်ကင်းမြို့နယ် အလုပ်သမားအစည်းအရုံးတွင် မြို့နယ်အမှုဆောင်မှ တွဲဘက်အတွင်းရေးမှူး (အချိန်ပြည့်) အထိ ပါတီနှင့် အစည်းအရုံးတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၈–ခုနှစ် အရေးအခင်းနောက်ပိုင်း၊ ဆရာသမားအချို့တို့ထံတွင် အလုပ်သင်ရှေ့နေ လိုက်ခဲ့ပြီး ၁၉၉၀–ခုနှစ်မှစ၍ စီးပွားရေးလောကတွင် အခြေချကာ စားသောက်ဆိုင်လုပ်ငန်း၊ ကားလုပ်ငန်း၊ အိမ်ခြံ မြေ အရောင်းအဝယ်လုပ်ငန်းများကို အနှစ်(၂၀)ခန့် လုပ်ကိုင်ခဲ့ပြီး ယခုအခါ စာပေရေးသားခြင်း၊ ရန်ကင်းမြို့နယ်စာရေးဆရာအသင်းတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ကာ စာပေရေးရာ ကိစ္စများ ဆောင်ရွက်လျက်ရှိပါသည်။

၁၉၆၀–ခုနှစ်တွင် ဒေါ်ခင်စိန်နှင့် အိမ်ထောင်ကျပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။